


www.burmeseclassic.com
မောင်မိုး
စိတ်ကူးသည်
TWO CATS PUBLICATION
BURMESE CLASSIC .com
Cartoonist And Illustrator
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

'စိတ်ဖိစီးမှုတွေ မပေးကြပါနဲ့၊ ဖြစ်နိုင်ရင် ကျွန်တော့်ကို စိတ်ဖိစီးမှုတွေ မပေးပါနဲ့… ကိုယ့်ကိစ္စကိုယ်ရှင်းတာလေးလဲ လုပ်ကြပါဦးဗျာ…'

ကိုဘအော်သံကြောင့် Company တွင်ရှိနေသော လူတွေအားလုံး လန့်သွားကြဟန်ရှိသည်။

သို့သော် ထိုသို့လန့်ခြင်းသည် ခဏတာလန့်ခြင်းဖြစ်သည်။ ပြီးတော့ Company သည် သူ့အလုပ်သူပြန်လုပ်၊ ကိုယ့်အလုပ်ကိုယ်ပြန်လုပ်နှင့် ထုံးစံအတိုင်း ဖြစ်သွားကြ၏။

ကိုဘ မင်္ဂလာဆောင်တွင် ယန်းကြဲမည်ဟုပြောပြီး ယန်းမကြဲရသောကြောင့် ကိုဘကို စိတ်ကောက်ခဲ့သော ကောင်မကလေးကလည်း ကိုဘ ထအအော်တွင်သာ တစ်ချက်လောက်ကြည့်ပြီး သူ့အလုပ်သူ ဆက်လုပ်နေ၏။

ဒီတော့… ကိုဘလည်း ကိုယ့်အလုပ်ကိုယ်ဆက်လုပ်ရန် ခေါင်းငုံ့လိုက်၏။

ကြော့မြင်ကောင်းစာအုပ်တိုက်

www.burmeseclassic.com



ဒါပေမယ့် Company ၏ စာရင်းဇယားတွေကို သူစိတ်မဝင်စားနိုင်ပါ။ သူ့ရင်ထဲမှာရှိသူက မယ်ခင်ဆိုသော သူ့ဇနီးသာဖြစ်သည်။

သူသည် 'ခင့်' ကိုချစ်သည်။ 'ခင်' လည်း 'ဘ' ကိုချစ်လိမ့်မည်ဟု အစတုန်းက သူယုံခဲ့ဖူးသည်။ အခုတော့ 'ခင်'က 'ဘ' ကိုမချစ်တော့ဟု ကိုဘ ထင်သည်။ သူထင်သည့်အတိုင်းလည်း မှန်ခဲ့သည်။ ထို့ကြောင့် ကိုဘသည် ထအော်မိခြင်းဖြစ်ပါသည်။

တကယ်တော့... ကိုဘသည် ဒီလိုအော်ဖို့ မကောင်းပါ။ သူက အခုလုပ်နေရသော Company မှာ သာမန်စာရေးဝန်ထမ်းမျှသာ ဖြစ်ပါသည်။ သူ့မှာကြောက်ရမည့်လူတွေ ရှိသည်။ ပြီးတော့... ချစ်ရမည့်လူတွေလည်း ရှိသည်။ ကြောက်လည်းမကြောက်ရ ချစ်လည်းမချစ်ရသော လူတွေလည်း ရှိပါသည်။

BURMESE CLASSIC .com

ဒါကတော့ Company မှာ စာရေးလုပ်မှမဟုတ်ပါ။ နေရာတိုင်းတွင် ထိုအတိုင်းသာဖြစ်ပါသည်။

အခုတော့... အလုပ်လုပ်နေရင်းက ဘာမှမဆိုင်ဘဲ သူထအော်မိခဲ့ပြီ။ ထိုအော်သံသည် သူချစ်သော 'ခ' အတွက်အော်လိုက်သော အော်သံဆိုတာကို သိမည့်သူ တော်တော်ကလေးကို ရှားပါသည်။

'ကိုဘ... ဆရာက ခဏတဲ့...'

လွန်ခဲ့သည့် တစ်ပါတ်လောက်ကမှ ခန့်လိုက်သော စာရေးအသစ်ကလေးက သူ့ကို ခပ်တည်တည်ဖြင့် ပြောသွား၍ 'ဆရာဘ' စိတ်မကောင်းဖြစ်သွားသည်။





သို့သော်လည်း သဘောကောင်းတတ်သူဆိုတော့ ဒီလိုပဲ ခံနေကျမဟုတ်လား။ ပြီးတော့ 'ဆရာက ခေါ်တယ်' ဆိုတာ သူတို့ Company က မန်နေဂျာက ခေါ်သည်ဟု ဆိုလိုရင်းဖြစ်သဖြင့် ကိုဘ ထိုင်နေရာမှ ထရသည်။

ကိုဘသည် ခင့် အကြောင်းကို ခဏမေ့ထားပြီး သူ့ phone ကိုလည်း ပိတ်လိုက်ရသည်။

ဟုတ်တယ်လေ ကိုယ်က ခင်နေပေမယ့် ကိုယ့်ထက်ကြီးတဲ့ လူကြီးတစ်ယောက်နဲ့ သွားတွေ့မယ့် အချိန်မျိုးမှာ ကိုယ့် phone က ထပြီးမြည်နေလို့ ကောင်းပါ့မလား!

ဒီတော့ ကိုဘသည် ခင့်အကြောင်းကိုလည်း ခဏမေ့ထား၊ သူ့ခံစားမှုကိုလည်း ခဏမေ့ထားလိုက်ပြီး ဆရာ့အခန်းထဲသို့ သွားလိုက်သည်။

ကိုဘက 'ဆရာ' ဟုခေါ်သော်လည်း ထိုဆရာမှာ ကိုဘထက် (၄) နှစ်လောက်သာ ငယ်ပါသည်။ သို့သော်... ထိုဆရာသည် ရုပ်ချော၏။ ကိုဘထက် အရုပ်မြင့်၏။ စကားပြောလျှင်လည်း ပြုံး၍ပြုံး၍ ပြောတတ်သည်။

ယောကျ်ားတွေထဲမှာဆိုလျှင် တော်ရုံမိန်းကလေးက သဘောကျတတ်သော ရုပ်ရည်မျိုးရှိသူဟု ပြောရလိမ့်မည်ထင်ပါသည်။

သူ့နာမည်ကလည်း ကြည့်ပါဦး 'ဇော်မျိုးခန့်' တဲ့။ တစ်ရုံးလုံးကတော့ သူ့ကို 'ကိုခန့်' ဟု ချစ်စနိုး ခေါ်ကြသည်။ သူကလည်း ဒီနာမည်အတိုင်း 'ဆရာခန့်' ဟုခေါ်တော့ လူတွေမမြင်ကွယ်ရာ သူ့အခန်းထဲမှာခေါ်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ကျွန်တော့်ကို ဆရာခန့်လို့ မခေါ်နဲ့'

'လေးစားမှုနဲ့ ခေါ်တာပါဗျာ'

'အဲဒါကြောင့် မခေါ်နဲ့လို့ ပြောတာ၊ ရိုးရိုးပဲပြောမယ် ကျွန်တော် ဒီ Companyမှာ ခင်ဗျားကိုခင်တယ်၊ ခင်ဗျားက ရိုးတယ်၊ တုံးတယ်၊ အမှား အယွင်းများတယ်၊ ကျွန်တော်နဲ့ အတူတူပဲ'

'ဟာ... ဆရာကလည်းဗျာ ကျွန်တော်က...'

'တော်ပြီ... ကျွန်တော်ပြောတာ မမှန်ဘူးလား'

'မှန်ပါတယ် ဆရာ...'

'ဆရာမခေါ်ပါနဲ့ဆို...'

'အဲဒါဆို ဘယ်လိုခေါ်ရမလဲ'

'နှစ်ယောက်တည်းရှိတဲ့အခါကျရင် ကိုခန့် ပဲခေါ်ဗျာ'

'ဟုတ်ကဲ့... ဆရာ'

'ဟာ... ခင်ဗျားက လုပ်ပြန်ပြီဗျာ'

သူတို့နှစ်ယောက်စလုံး အားရပါးရ ရယ်လိုက်မိကြသည်။ အဲဒီနေ့က သူ့ကို ကိုခန့်က ကော်ဖီတိုက်သည်။ သူလို ဘာမှုမဟုတ်သော စာရေးတစ် ယောက်ကို ဒီလိုဂရုတစိုက် ဆေတနာထားသော ကိုခန့်ကို သူပို၍ခင်သွား၏။

အခုတော့... သူ့ကို ကိုခန့်က ခေါ်နေပြီ။

သူသည်... စိတ်ထဲမှာ စိုးရိမ်စိတ်တစ်ခုနှင့် ကိုခန့်အခန်းထဲသို့ သွားခဲ့ သည်။

ကြောက်စိတ်တော့ မရှိပါ။





ကိုခန့်နှင့် သူသည် တစ်လတည်း လက်ထပ်ထားခဲ့သော မိတ်ဆွေတွေ လည်း ဖြစ်သည်။ သို့သော်လည်း ကိုခန့်က 'မယ်ခင့်' ကိုမမြင်ဘူးသလို ကိုခန့်၏ ဇနီးကိုလည်း သူက မမြင်ခဲ့ဘူးပါ။

ကိုယ့်အရာရှိ၏ ဇနီး၊ ကိုယ့် Company က ဆရာ၏ဇနီးကိုမျှ မမြင်ဖူးဘူးဆိုတော့ 'လွန်တယ်'ဟု ထင်ကြလိမ့်မည်။

ကိုခန့်တို့ မင်္ဂလာဆောင်သည့်နေ့က သူသွားပါသည်။

ခမ်းနားသိုက်မြိုက်လွန်းလှသော မင်္ဂလာပွဲတစ်ခုဖြစ်သဖြင့် သူသည် ခပ်ရိုးရိုးပွဲတက်သူသာ ဖြစ်ခဲ့၏။ ကိုခန့်နှင့် သူ့ဇနီးကို အဝေးကတော့ မြင်လိုက်ရပါသည်။ သို့သော် စကားပြောခွင့်မရခဲ့။

ကိုခန့်ကိုလည်း အပြစ်ဆိုစရာမရှိပါ။ သူ့မှာက ဧည့်သည်တွေ အများ ကြီးကို ဧည့်ခံနေရတာဆိုတော့ သူ့အပြုံးက ဘယ်သူ့ကို ပြုံးနေလို့ပြုံးမှန်း တောင် မသိရတဲ့ အပြုံးမျိုးတွေနဲ့ဆိုတော့ ကိုယ်ကလည်း ခေါ်လို့မကောင်း ဘူးလို့ တွေးပြီး ကျွေးတာတွေစားပြီး သူပြန်လာခဲ့၏။

ကိုခန့် မင်္ဂလာဆောင်ပြီး တစ်ပါတ်အကြာမှာ သူလည်း 'မယ်ခ' နှင့် အိမ်ထောင်ကျခြင်းဖြစ်၏။

ဒါပေမယ့် သူတို့မင်္ဂလာဆောင်ကိုတော့ ကိုခန့်မလာပါ။

သူတို့ ဂျပန်ကိုဆိုလား၊ ဩစတြေးလျကိုဆိုလား ဩစတီးရီးယားကို ဆိုလား ဟန်းနီးမွန်းထွက်နေသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် သူ့ဇနီးကိုလည်း ကိုယ်မမြင်ဘူး၊ ကိုယ့်ဇနီးကိုလည်း သူမမြင်ဘူးသော ရင်းနှီးသည့် လုပ်ဖော်ကိုင်ဖက်များ ဖြစ်နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူက ကိုယ့်ကိုခေါ်ပြီမို့ သူ့အခန်းထဲသို့ ဝင်လိုက်၏။

သူဝင်သွားတော့ သူ့ဆရာ 'ခန့်' သည် ကာစတန်မာတစ်ယောက်နှင့် စကားပြော၍နေသဖြင့် သူမတ်တတ်ရပ်နေတုန်းမှာ ဆရာခန့်က သူ့ကို ခေါင်းတစ်ချက်ဆတ်ပြီး နှုတ်ဆက်ရင်းက နံဘေးနားတွင် လွတ်နေသော ခုံကို လက်ညှိုးညွှန်ပြလိုက်သဖြင့် သူ ဘာစကားမျှမပြောတော့ဘဲ ဝင်၍ ထိုင်လိုက်ပါသည်။

'ကိုယ့်လူ အဲဒီလိုဖြစ်သွားတယ်ဆိုတာကို ကျွန်တော်ကတော့ နားလည်တာပေါ့ခင်ဗျာ။ ဒါပေမယ့် ဒီ Company ဘုတ်အဖွဲ့က လူနှစ်ဆယ် လောက်ရှိတော့ သူတို့ကတော့ ဘယ်လိုလုပ်ပြီး နားလည်ပေးနိုင်မှာလဲ'

'ဆရာခန့်ရယ် ဆရာက ဒီမှာအကြီးဆုံးပဲဆိုတော့ သူတို့နားလည် အောင် ပြောမပေးနိုင်ဘူးလား'

ကာစတန်မာ၏ စကားဆုံးသည်နှင့် ဆရာခန့်က အားရပါးရ ရယ်နေသည့်အတွက် 'ဘာတွေဖြစ်နေတာလဲ!' ဆိုတာကို သူလည်းနားမလည်ဘဲ နှင့် အူကြောင်ကြောင်ဖြင့် ထိုင်နေရခြင်းကြောင့် စိတ်တော့မရှည်နိုင်တော့ဘဲ တို၍သွား၏။

'ကိုဇော်ဝင်း ခင်ဗျားကို ကျွန်တော် တစ်ခုပြောမယ်ဗျာ၊ ကျွန်တော်က သူဌေးမဟုတ်ဘူးနော် ဝန်ထမ်းခင်ဗျ၊ ဒီ Company က ပုဂ္ဂလိက Company ပိုင်ဆိုပေမယ့် ဝန်ထမ်းဆိုတာ သူဌေးရဲ့ ကျွန်ပါဘဲဗျာ၊ ဒီတော့ ရှယ်ယာအယောက်နှစ်ဆယ်လောက်ရှိတဲ့ Company တစ်ခုမှာ အများတစ်ခု ကို အယောက်နှစ်ဆယ်လုံးက ကျွန်တော်ပြောသမျှ ယုံကြည်လာအောင်





ဘယ်လိုစကားလုံးမျိုးတွေကို သုံးရမှာလဲ'

ဆရာခန့်၏ စကားဆုံးသောအခါ တစ်ဖက်က ကာစတန်မာသည် တိတ်၍သွားပြီး ဆရာခန့်ကိုကြည့်၍နေသည်။ ဆရာခန့်ကလည်း သူ၏ ပြုံးနေကြအပြုံးကိုပြုံးရင်း လက်နှစ်ဖက်ကို နောက်ဆုံးစကားပြောပြီးစဉ်က အတိုင်း ဖြန့်၍ခင်းထား၏။

'ဒါဆို... ကျွန်တော်... ဘာလုပ်ရမလဲ'

'ငွေကို ရအောင်ရှာဆပ်ပါ၊ ဒါမှမဟုတ်ရင် တရားရုံးကို တက်လိုက်ပါ'

'ဘယ်နေ့ နောက်ဆုံးထားပြီး ပေးရမှာလဲခင်ဗျာ'

'သုံးရက်အတွင်းပဲ ဒီနေ့က စလို့ပေါ့'

'ငါးရက်တော့ ထားပါလားဆရာရယ်'

'ကျွန်တော့်ကို ဆရာလို့မခေါ်နဲ့၊ ကျွန်တော်က ဆရာမဟုတ်ဘူး၊ ဒါပေမယ့် ကိုယ့်လူက ငါးရက်လိုချင်တယ်ဆိုရင် ကျွန်တော်ပြောပေးလို့ရတယ်၊ ဒါပေမယ့် ကတိတော့ တည်ရမယ်'

'စိတ်ချပါဆရာ...'

'မခေါ်ပါနဲ့ဆို...'

'ဟုတ်ကဲ့ပါဗျာ... ကျွန်တော်ကလည်း အချိန်ကို လိုလိုပိုပို တောင်းထားတာပါ။ ပြည်မှာရှိတဲ့ ကျွန်တော့်ခြံကလေးကို သွားပြီးပေါင်ရမှာမို့လို့ပါ'

ထိုအချိန်တွင် ဆရာခန့်သည် တိတ်၍သွားပြီး ညာဘက်လက်နှင့် သူ့နှုတ်ခမ်းကို သူပိတ်ထားရင်း ရှေ့က ကာစတန်မာကိုကြည့်သည်။ ပြီးတော့ သူ့ခေါင်းကို သူခါရမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်သေးပါဘူးဗျာ၊ တာဝန်အရကျတော့လည်း ကျွန်တော့်မှာ ရှောင်လို့မရတဲ့အတွက် ပြောရတာပါ။ ကဲဗျာ... ဒီလျော်ရမယ့် ငွေကြေးပြီးရင် ခင်ဗျားကို ဒီ Company က ပစ္စည်းတွေပြန်ချပေးအောင် ကျွန်တော် ပြောပေးမယ်ဗျာ'

'ကျေးဇူးပါပဲ ဆရာ'

'မခေါ်ပါနဲ့ဆို'

'ဟုတ်ကဲ့... ဆရာ'

'အာ...!!'

'ဟုတ်ကဲ့ပါ... ဟုတ်ကဲ့ပါ'

'ကဲ... ခင်ဗျား... သွားလို့ရပြီ'

ဆရာခန့်စကားဆုံးသည်နှင့် အကြွေးရှိသောငတိသည် ငါးမျှားချိတ်တွင် မိသောငါးကို ငါးမျှားသူက တစ်ချက်တည်းဖမ်း၍ သုတ်လိုက်သကဲ့သို့ သုတ်ချေတင်၍ လစ်လေတော့၏။

ဆရာခန့်က လက်နှစ်ဖက်ကို ဖြန့်ခင်းပြီး သူ့ကို မဲ့ပြုံးကြီးဖြင့် ခေါင်းညိတ်ပြလိုက်သဖြင့် သူကလည်း စပ်ဖြီးဖြီးနှင့်ပြန်၍ ခေါင်းညိတ်၍ ပြလိုက်ချိန်တွင် စာဝင်စာထွက်မှ စာရေးမကလေးက ဖိုင်များနှင့် ဝင်လာပြီး လက်မှတ်ထိုးရန် ပေးသဖြင့် သူတို့နှစ်ယောက် ပြောစရာစကားများ ခဏသိမ်းထားမည်ဟု တိတ်တဆိတ်သဘောတူပြီး ငြိမ်နေလိုက်ကြရ၏။

'ဆရာခန့်'သည် လက်မှတ်များကို ကြည့်လည်းမကြည့် စိတ်လည်း ပါဟန်မတူဘဲနှင့် ခပ်မြန်မြန်ပင် ထိုး၍ချလိုက်၏။





'ငါ့အခန်းကို ဘယ်သူ့မှ မလွှတ်နဲ့တော့လို့ ခင်လှဲဝင်းကို မင်းသွားပြောလိုက်'

'ဟုတ်ကဲ့ ဆရာ...'

'ငါ့ကို ဆရာလို့မခေါ်နဲ့လို့ ဘယ်နှစ်ခါပြောရမလဲ'

ဆရာခန့်၏ အော်သံကြောင့် ကောင်မကလေး ကြောက်သွားဟန်တူပါသည်။

ထိုကောင်မလေးက လွန်ခဲ့သော ဆယ်ရက်လောက်ကမှ အသစ်ခန့်ထားသောသူဖြစ်၏။ ကောင်မလေးက ဆယ့်ရှစ်နှစ်လောက်ပဲ ရှိလိမ့်ဦးမည်ဟု ထင်သည်။ နာမည်ကိုတော့ သူမသိပါ။

'ငါးခါတော့ ပြောပါရှင်'

'အင်...!!'

ဒီတစ်ခါတော့ ဆရာခန့် ကိုယ်တိုင် လန့်၍သွားသည်။

'သွား... သွား... နင်သွားတော့'

'ဟုတ်ကဲ့ရှင့်...'

ကောင်မလေးထွက်သွားတော့မှ သူနှင့် ဆရာခန့် တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းဆုံအောင် အတန်ငယ်စိုက်ကြည့်လိုက်ကြပြီးမှ အားရပါးရ ရယ်လိုက်ကြလေသည်။

ရယ်သံတွေကုန်သွားတော့ ကိုခန့်သည် ခေါင်းကို တဆတ်ဆတ်ညိတ်ရင်းပြုံးနေ၏။ ဘာတွေကို စဉ်းစားပြီး ဘာတွေကို သဘောကျလို့ ဘာ့ကြောင့်ပြုံးနေရတာလဲ၊ ခေါင်းကိုတညိတ်ညိတ်လုပ်နေရတာလဲ ဆိုတာကို ကိုဘ



www.burmeseclassic.com

www.burmeseclassic.com



သိချင်ပါသည်။

ခဏကြာတော့ ပြုံးနေရာမှ ကိုခန့်သည် ပြန်တည်သွားပြန်သည်။ စားပွဲခုံကို လက်ဖြင့်ခေါက်သည်။ ပြီးတော့ မရယ်မပြုံးမျက်နှာဖြင့် ခုံကို လက်ချောင်းကလေးတွေဖြင့် ခေါက်နေပြန်သည်။ သက်ပြင်းတစ်ချက်ကို ချပြန်သည်။ ကိုခန့်၏ လက်ချောင်းကလေးတွေက ရှည်ရှည်သွယ်သွယ်၊ လက်သဲကို ညီညီညာညာလှီး၍ထားသည်။ လက်ချောင်း၏ ဒုတိယအဆစ်မှာ အမွေးနုစိမ်းကလေးတွေက လှပစွာတိုးထွက်နေကြတာကို ကိုဘငေးမိပါသည်။

'ဒီလိုဗျာ ခင်ဗျားကို ကျွန်တော်ခင်တယ် ကိုဘ၊ ဘာ့ကြောင့်လဲတော့ မသိဘူး၊ အေးလေ ခံစားချက်ဆိုတာမျိုးက ပြောပြရေးပြလို့လဲ ရတာမှမဟုတ်တာကိုး၊ ဘယ့်နဲ့လဲ ကိုဘ'

'ဆရာပြောတာ မှန်ပါတယ်ဆရာ'

'လာပြန်ပြီလား ဒီဆရာ'

ကိုခန့်က ရော့ရိရော့ရဲထိုင်နေရာမှ Smart ဖြစ်အောင် ပြင်ထိုင်ရင်း ကိုခန့်က ဟောက်သံလည်းမဟုတ်၊ ဒေါသသံလည်းမမည်၊ ရင်းနှီးသော လေသံဖြင့် ပြောခြင်းဖြစ်သည်။

'အဲဒီကိစ္စက သိပ်ရှုပ်တယ်ဆရာ'

'လာပြန်ပြီ'

'ခဏတော့ သည်းခံပြီးနားထောင်ပေးပါ ဆရာ၊ ဆရာနဲ့ကျွန်တော် ရင်းနှီး တယ်ဆိုပေမယ့် ရာထူးနဲ့ နေရာက မိုးနဲ့မြေလို ကွာပါတယ်ဆရာ၊





ကျွန်တော် က ဆရာ့ထက်အသက်ကြီးတယ်ဆိုပေမယ့် အသက်နဲ့ ရာထူးက တိုက်ရိုက် အချိုးမကျဘူးဆရာရဲ့၊ သွယ်ဝိုက်သောနည်းနဲ့လည်း အချိုးမကျဘူး၊ ပြောင်းပြန်အချိုးလဲ ကျချင်မှကျတာ'

'အင်းလေ… ခင်ဗျားက စာရင်းအင်းဘက်ကလူလို့ ရိုက်မစစ်ပဲ စကားပြောကြည့်တာနဲ့တင် ပေါ်တော့တာပဲ ကဲ… ဆက်စမ်းပါဦး'

'နောက်ပြီးတော့ ဆရာက မှာထားတယ်၊ လူရှေ့သူရှေ့ကျရင်တော့ ခေါ်ရင်ခေါ်၊ နှစ်ယောက်တည်းဆိုရင်တော့ မခေါ်နဲ့ဆိုတာကြီးကို ပြောချင်တာဆရာ'

'အင်း… ပြောပါဦး'

ကိုခန့်က ခုံကိုတံတောင်နှင့်ထောက် မေးကို လက်ဖဝါးနှင့်ထောက်ထားရင်း စိတ်ဝင်စားစွာဖြင့် နားထောင်နေသည်။

'ကျွန်တော့်စိတ်ထင်တော့ လူဟာ လူတစ်ယောက်ကို နာမည်တစ်မျိုးနဲ့ပဲ ဆက်ဆံလို့ရတယ်ဆိုတာပဲဆရာ၊ ဒီနေရာမှာ ဒီလိုခေါ်၊ ဟိုနေရာမှာ ဟိုလိုခေါ်ဆိုရင် အဲဒီလူ ရူးမှာပဲဆရာ၊ ကျွန်တော့်သူငယ်ချင်းတစ်ယောက်က ကျွန်တော့်ကို ဂျပုလို့ ငယ်ငယ်ကတည်းက ခေါ်တာဆရာ၊ အခု ဒီ Company ကို ပဲတွေသွင်းနေတဲ့ ဖိုးချွန်…အဲအဲ တင်ကိုမြင့် ဆရာ ဒီကောင် ကလည်း ကျွန်တော့်ကို ဆရာဘလို့ခေါ်ဖို့ကြိုးစားတာ မရဘူးတဲ့၊ ဆရာဘ လို့ ခေါ်လိုက်ရင် သူ့ဝိညာဉ်ထဲမှာ ကျွန်တော့်ကို မတွေ့သလိုပဲတဲ့ ဆရာ၊ ဟုတ်တယ်ဆရာ ကျွန်တော်ကလည်း သူ့ကို ဖိုးချွန်လို့ခေါ်ရမှ အားရတယ် ဆရာ၊ ဦးတင်ကိုမြင့်ဆိုရင် ဘာမှခံစားလို့မရဘူးဆရာ။ နှုတ်ကျိုးတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးလားမသိဘူး ဆရာ...'

'အင်... ခင်ဗျားပြောတာ ဖြစ်နိုင်ချေရှိတယ်ကိုဘ၊ ခွေးတွေဟာ သူတို့ နာမည်ခေါ်မှ လှည့်ကြည့်တတ်ကြတာမဟုတ်လား'

'ဟာ... ဆရာ... ဆရာ့ဥပမာက ကွက်ကွက်ကွင်းကွင်းတော့ ရှိပါရဲ့ ဆရာ၊ ဒါပေမယ့် ဆိုးလွန်းပါတယ်၊ မလုပ်ပါနဲ့ဆရာ'

ကိုခန့်က တစ်ချက်စဉ်းစားရင်း အားရပါးရရယ်လိုက်သဖြင့် သူပါ အားရပါးရ လိုက်ရယ်လိုက်သည်။ ထိုသို့ ရယ်မိသည်ကိုပင် တစ်ယောက် နှင့်တစ်ယောက် လက်ညှိုးထိုးရင်း ထပ်ရယ်လိုက်ကြပြန်သည်။

ခဏကြာတော့မှ ရယ်သံများသည် တစ်စတစ်စတိုး၍သွားပြီး 'ဟင်း' 'ဟင်း' ဟုသာ အသံပြုနိုင်ကြတော့လောက်အောင် အမောရယ်ပစ်လိုက် ခြင်းဖြစ်ပါသည်။

'ကဲ... ကိုဘ ခေါ်ချင်သလိုသာ ခေါ်တော့ဗျာ'

'ဆရာက ဘာဖြစ်လို့ ဆရာခေါ်ရင် မကြိုက်တာလဲ'

ကိုဘစကားကြောင့် ကိုခန့် အနည်းငယ်မျက်နှာကို တည်ပစ်လိုက် သည်။ ထိုမျက်နှာမျိုး ကိုခန့်ဆီမှာ တွေ့ရပြီဆိုလျှင် တည်တည်တန့်တန့် ပြောတော့မယ်ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်။

'ကျွန်တော်တို့ကို ငယ်စဉ်ကလေးဘဝကတည်းက စာလည်းသင်၊ ပြုပြင်ဆုံးမလည်းလုပ်ခဲ့ကြတဲ့ လူကြီးတွေကို 'ဆရာ' 'ဆရာမ'လို့ ခေါ်ရ တာ သိပ်အရသာရှိတာပဲ၊ ဒါပေမယ့် ဒီခေတ်ရဲ့ 'ဆရာ'ဆိုတဲ့ စကားလုံး ကတော့ လမ်းဘေးက ခဲလုံးတောင်မှ ရုတ်တရက်ရှာရခက်နေဦးမယ် ဆရာ





တွေကတော့ သိပ်ပေါတာပဲ'

ကိုဘလည်း ဆရာ့စကားကို စိတ်ဝင်စားသွားသည်။

'ကားမောင်းတဲ့လူကလည်း 'ဆရာပဲစဉ်းစားကြည့်ဦး ဒီနဲ့ တာမွေတင် ဆရာ နှစ်ထောင်လောက်ပေးရမှာ လမ်း ၅၀ ကို သုံးထောင်ပဲတောင်းထား တာ ဆရာတဲ့'

'ပြီးတော့ ဆိုက်ကားနင်းတဲ့ သူကလည်း ဈေးမှန်ပါဆရာ၊ ဆရာငှား ချင်တဲ့ ဆိုက်ကားငှားပါ ဆရာပြောတဲ့ဈေး မရဘူးဆရာတဲ့။ ဆရာ မနေ့ က အူမကြီး ဆရာ့အတွက်ချန်ထားတာ ဆရာက ဘာဖြစ်လို့ မလာတာလဲတဲ့၊ ဆရာ ဒီအရက်ပုလင်းနော်၊ အဖုံးဝမှာ ဘောစေ့တွေပါတယ်ဆရာ ဘာမှ ပြန်လုပ်လို့မရဘူးဆရာ၊ Rum ပုလင်းတွေ ဘာတွေမရှိဘူးလားဆရာ၊ ဒီတော့ 'ဆရာ'ဆိုတဲ့ စကားက ဘာအဓိပ္ပာယ်ရှိတော့မှာလဲ၊ နေရာတကာ 'ဆရာ' ခေါ်နေတာကိုးဗျ၊ နာမည်မသိလည်း ဆရာခေါ်ရင် ပြီးတဲ့ဘဝကို ရောက်နေ တော့ ဆရာလို့ အခေါ်ခံရမှာ ကြောက်ကြောက်လာလို့ဗျာ၊ ဒါတောင်မှ ကိုဘတို့လို ရင်းနှီးတဲ့လူကို လူရှေ့တော့ ခေါ်ပါပြောရသေးတယ်မဟုတ် လား၊ ရင်ထဲအသည်းထဲက လာတဲ့ဆရာမဟုတ်ဘဲ နှုတ်ဖျားကလေးက ပေါ့ပေါ့ကလေးခုန်ဆင်းလာတဲ့ 'ဆရာ'တွေကို ကျွန်တော် အခေါ်မခံချင် လို့ပါ'

ကိုခန့်သည် ထိုကိစ္စကို အသေအချာတွေးထားဟန်တူသည်။ အခု ပြန်ပြောတော့ တွေဝေစဉ်းစားနေခြင်းမရှိ တစ်ဆက်တည်းကို ပြောချသွား သည်။ နောက်ပြီး ကိုခန့်ပြောတာတွေက သူတို့လည်း ကြုံခဲ့ဖူးပါပြီ။ ဥပမာသော်



www.burmeseclassic.com

www.burmeseclassic.com



ကိုခန့်လို အလေးအနက်ထားပြီး မဆင်ခြင်ခဲ့လို့ သတိမထားမိလို့သာ ထိုသို့ အတွေးမျိုးမရခြင်းဖြစ်သည်။

'ဆရာက သိပ်အပြောကောင်းတာပဲ၊ ဆရာ စာတွေဘာတွေ ရေးပါလားဆရာ'

'ရေးတယ်ဗျ ကျွန်တော် အိမ်ထောင်မကျခင်က ရေးဖူးတယ်၊ ကျွန်တော်နဲ့ စာပို့လောကမှာခင်ခဲ့တဲ့ မိတ်ဆွေတစ်ယောက်ရှိတယ်။ နာမည်ကတော့ ထားလိုက်ပါတော့ဗျာ'

'စာရေးတာဆို စာပို့လောကဆိုတာ ဘာလဲဆရာ၊ စာပေလောကကို ပြောတာလား'

'ဟား...ဟား...ဟား...ဒီတစ်ခါတော့ ခင်ဗျားမိသွားပြီ။ စာပို့လောက ဆိုတာ ကိုယ်ရေးပြီးသားစာကလေးတွေကို လိုက်သာပို့နေရတာ တစ်ပုဒ်မှ မပါလို့ ကိုယ့်စာကိုယ်ပို့ရတဲ့ ကလောင်သစ်တွေကို ခေါ်တာ'

'ဟုတ်ကဲ့ ဆရာ'

'အဲဒီမိတ်ဆွေတွေ အားလုံးကို 'ဆရာ'ပဲဗျာ၊ 'ဆရာ' ဆိုတာက သူ့ကိုယ်ပိုင်ဝက်ဆိုက်တစ်ခုလိုကို တင်ထားတာ 'ဆရာမီးတစ်တို့လောက်' 'မတော်လို့ပါဆရာ sorry နော်' 'ဆရာနဲ့ အဲဒီအကျီ သိပ်လိုက်တယ်ဗျာ' အဲဒီလိုဆရာကို ရေလဲသုံးတော့ ကျွန်တော် ဟော်တော်အမြင်ကပ်တယ်။ ဘေးကနေကြည့်တော့ ဒီကောင် ဖားပြီးခေါ်နေတာကို သိသိသာသာကြီး မြင်နေပေမယ့် အခေါ်ခံရတဲ့လူကတော့ မမြင်ဘူး ကိုဘရဲ၊ ဒီကောင့်ဝတ္ထု တွေဘာတွေက လတိုင်းလိုလိုပါတာပဲ။ ဝတ္ထုတိုသုံးလေးပုဒ်လောက်ပါပြီး





တော့ သူက သူ့ကိုယ်သူ 'ဆရာ'လို့ပြန်သုံးတာပဲ။ 'ဆရာ့အတွက် ကဏ္ဍ အသစ်ရရင်တော့ ရေးမယ်လေတို့၊ အဲဒီနေ့ ဆရာမအားဘူးတို့ ဖြစ်လာတယ်၊ ကျွန်တော်လည်း အဲဒီတည်းက ဆရာဆိုတာကို မုန်းသွားတာပဲ'

'ကျွန်တော်တို့ ခေါ်တာကတော့ ရိုးရိုးပါပဲဆရာ'

'အေးဗျာ... အဲဒီကိစ္စကို ကျွန်တော် လေ့လာပါဦးမယ်'

ကိုခန့်က မောလျှစွာပြောရင်း နောက်မှီကို မှီချလိုက်သည်။ ကိုခန့် တကယ်မောသွားဟန် တူပါသည်။

'အေးဗျာ...ဒီဆရာကိစ္စ ဝင်ရှုပ်တာနဲ့ ခင်ဗျားကိုခေါ်ရတဲ့ ကိစ္စတောင် မေ့သွားပြီ။ ကိုဘကို ကျွန်တော် ကိုယ်ချင်းစာပါတယ်။ ခင်ဗျားကိုင်တွယ် ရတဲ့ ကိန်းဂဏန်းတွေက နည်းတာမှ မဟုတ်ဘဲ။ တစ်နေ့တစ်နေ့ ခင်ဗျားရဲ့ စိတ်ကို ဒီဂဏန်းတွေက နည်းအမျိုးမျိုးနှင့် ဒီလိုကိုက်နေကြမှာပဲ ဆိုတာ...'

ကိုခန့်က သူလက်ချောင်းကလေးတွေကို ဆုတ်ချည်ဖြန့်ချည်လုပ်၍ ပြသည်ကို ကိုဘက ငေးနေမိသည်။ ထိုသို့ငေးရင်း အတွေးက 'ငါ့ဆီမှာ ဆရာ့လို လက်ချောင်းပြည့်ပြည့် စိမ်းစိမ်းလေးတွေရှိရင် ကောင်းမှာပဲ' ဟု စဉ်းစားမိသည်။

ကိုဘ၏ ရှုမငြီးသော ချစ်ဖနီးက သူ့ကို ဂရုမစိုက်၊ အေးစက်စက် နေခြင်းမှာ ဆရာ့လိုလက်ချောင်းကလေးတွေ၊ ဆရာ့လို လက်ဆစ်က အမွေး စိမ်းကလေးတွေ မရှိလို့ပဲနေမှာဟု သူတွေးမိသွားသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

'ကျွန်မ ရှင့်ကို မချစ်ရတဲ့ အကြောင်းရင်းကတော့ တစ်ခုပဲရှိတယ် ကိုဘ၊ အဲဒါ ရှင့်မှာ လှပသွယ်လျှပြီး အမွေးနုစိမ်းကလေးတွေ ပေါက်နေတဲ့ လက်ချောင်းဖြူဖြူ ဖောင်းဖောင်းကလေးတွေ မရှိလို့ဘဲ'

ထိုစကားကို ခင်အတည်ပြောနေမှန်း သိသဖြင့် သူတော်တော် စိတ်ညစ်၍သွားသည်။ ခင်သည် စိတ်ဆိုးနေပြီဆိုလျှင် ရင်ကိုကော့၍ အခုလို နှုတ်ခမ်းကို ချွန်ထားလေ့ရှိသည်။

အခု နှုတ်ခမ်းက ချွန်နေသော်လည်း ရင်မကော့သေးသည့်အတွက် ပြေလည်ရာ ပြေလည်ကြောင်း ပြောပြလျှင်ရလိမ့်မည်ဟု သူထင်သည်။

စိတ်ကောက်နေတဲ့ မိန်းကလေးတစ်ယောက်ကို အပျော့နည်းနဲ့ပဲ ချော့ရမလား၊ တည်ကြည်လေးနက်သော အပြုအမူ၊ ကျိုးကြောင်းဆီလျော်သော





အဓိပ္ပာယ်ရှိသည့် စကားကို ပြောခြင်းဖြင့် ချော့ရမည်လား ဆိုတာကို သူ စဉ်းစားရင်း အပျော့နည်းကလေးနှင့်ပဲ ရအောင်ချော့တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

'ခင်ကလည်းကွာ ကိုယ့်ယောက်ျားမှာ မလှတဲ့နေရာကို ဘာဖြစ်လို့ လိုက်ရှာနေရတာလဲ၊ ကိုယ်က မျက်လုံးလှတယ်ကွာ၊ နှုတ်ခမ်းနဲ့ ဆံပင် လှတယ်ကွာ၊ ပြီးတော့...'

'ဒီမှာ ကိုဘ ရှင်က နှာမည်မလှဘူး၊ အရပ်ကပုတော့ အရပ်လည်းမလှဘူး၊ ခြေတွေလက်တွေလည်း မလှဘူး၊ နှာမည်မလှဘူး၊ သွားတွေမလှဘူး၊ ကဲ... ရှင်ဘာပြောချင်သေးလဲ'

'ဘာမှမပြောချင်ပါဘူးခင်ရာ လှတယ်၊ အချိုးအစားကျတယ်ဆိုတာ ကံကပေးတဲ့ အရိပ်တွေပါ။ ရှေးဘဝကံက နှလုံးသားကိုပဲပေးတာပါ။ အဲဒီ နှလုံးသားကို လှအောင်ကျင့်ရတာက ကိုယ့်ဘာသာကျင့်ရတာလေ၊ ကိုယ့်မှာ လှပတဲ့ အချစ်ကိုတန်ဖိုးထားတဲ့ နှလုံးသားတစ်ခုရှိတယ်လေ ခင်ရဲ့၊ အဲဒီ နှလုံးသားက ဟောဒီကခင် အပိုင်စားကြီးလေ ဟုတ်တယ်နော် ခင်... ဟုတ်ရဲ့လား'

ကိုဘက ခင့်လက်ကလေးနှစ်ချောင်းကို ညင်သာစွာ ဆုပ်ကိုင်ထားလိုက်သည်။ ကိုခန့်ပထမတော့ ကြောင်၍နေသည်။ သူ့လက်ချောင်းတွေကို ကိုဘက ဆွဲယူပြီးနမ်းတော့မှ မဟုတ်တော့မှန်းသိပြီး ကြုံးအော်ရသည်။

'ကိုဘ... ကိုဘ ခင်ဗျားဘာတွေလုပ်နေတာလဲ!... ဟေ့လူ... ဟေ့လူ ခင်ဗျား ကျုပ်လက်ကိုလွှတ်ဗျာ လွှတ်...'



www.burmeseclassic.com

www.burmeseclassic.com



ကိုခန့်က ကိုဘလက်ထဲကနေ သူ့လက်ကို အတင်းဆွဲထုတ်လိုက်တော့မှ ကိုဘသည် သူ့ကို ကြောင်တောင်တောင်နှင့် ကြည့်၍နေ၏။

'ဟာ... ဆရာ... sorry ဆရာ... sorry ကျွန်တော် စိတ်ကူးယဉ်တာများသွားလို့ဆရာ'

'ခင်ဗျားဗျာ... ဘာမှန်းလဲမသိဘူး၊ အူကြောင်ကြောင်နဲ့၊ ယောကျ်ားအချင်းချင်းကြီးကို ဟိုကိုင်ဒီကိုင်နဲ့'

'ကျ... ကျ... ကျွန်တော် ဆရာ့လက်ကိုပဲ ကိုင်တာပါဆရာရယ်'

'ခင်ဗျားဗျာ ဘယ်လိုဖြစ်ရတာလဲ'

'ဆရာက လက်ချောင်းကလေးတွေကို စုချည်ချုံချည်လုပ်ပြတော့ ဆရာ့လက်ချောင်းကလေးတွေကို ငေးရင်း ငါ့မှာ ဒီလိုလက်ချောင်းကလေးတွေရှိရင် ကောင်းမှာပဲ၊ ဒီလိုလက်ချောင်းတွေ ဆရာ့မှာရှိနေလို့ ဆရာ့ဇနီးက ချစ်တာပဲလို့ စိတ်ကူးရင်း...'

'နေစမ်းပါဦး ခင်ဗျားမိန်းမက ချစ်သူဘဝကတည်းက အဲဒီကိစ္စကို မပြောဘူးလား၊ ဒါမှမဟုတ် ခင်ဗျားက သူ့ရှေ့ရောက်ရင် လက်တွေကို ဖွက်ဖွက်ထားလို့ မသိပဲ အိမ်ထောင်ကျမှ သိရလို့ ပြဿနာရှာတာလား'

ကိုခန့်က အားတက်သရောမေးသဖြင့် ကိုဘ ပြောရတာ ပိုအရသာရှိပြီး ပိုလေးနက်သည်ဟု ထင်မိသည်။ သူ ဒီအကြောင်းတွေကို မြိုသိပ်ထားခဲ့ရတာ ကြာပြီဖြစ်သည်။

သူတို့နှစ်ယောက်ကို 'အကြင်လင်မယား' ဟု ပတ်ဝန်းကျင်က သိကြသည့်အခါကျတော့ ချစ်သူဖြစ်ပြီး အိပ်ချစ်ကြလို့ ယူတာပဲလို့ ထင်ကြလိမ့်





မည်။ သို့သော်... သူ့အဖြစ်က အဲဒီလိုမဟုတ်ပါ။

'ခင်နဲ့ ကျွန်တော်က ချစ်သူတွေမဖြစ်လိုက်ရဘဲ အိမ်ထောင်တန်းကျတာဆရာ...'

'ဗျာ... ချစ်သူမဖြစ်ဘဲ အိမ်ထောင်ကျတာ ဟုတ်လား၊ မဖြစ်နိုင်တာဗျာ'

'ဖြစ်နိုင်လို့ ဒီကောင်ခံနေရတာလေ ဆရာရဲ့၊ အိမ်ကပေးစားတာလေ ဆရာရဲ့ အိမ်ကပေးစားတာ'

'ဟာ...ဟုတ်သားပဲ ကျွန်တော်က ဒါကိုမစဉ်းစားမိဘူး၊ ဟုတ်တာပေါ့ ဖြစ်နိုင်တာပေါ့'

ကိုခန့်က သူ့နဖူးသူရိုက်ရင်း မျက်နှာက ရှက်နေသည့်အတွက် နီရဲ၍နေသည်။ ရှက်လျှင်လည်း မျက်နှာကရဲလာတတ်ပြီး၊ ဒေါသထွက်လျှင်လည်း မျက်နှာက ရဲနေတတ်သည်။ သာမန်အချိန်ဆိုလျှင်တော့ ဆရာ့မျက်နှာမှာ ပြုံးနေတတ်၏။ ကိုခန့်သည် မျက်နှာနီရဲနေရင်းက ဖျတ်ခနဲ မျက်မှောင်ကို ကြုံ့လိုက်ပြီး...

'ဒါနဲ့... နေပါဦး၊ အိမ်က သဘောတူတော့ ခင်ဗျားတို့နှစ်ယောက်တည်း မတွေ့ဖြစ်ကြဘူးလား'

'အဲဒါပြောတာပေါ့ဆရာ၊ ဒီနေ့ ဒီလို စိတ်ဆင်းရဲနေတာမျိုးဖြစ်အောင် ဖန်တီးတဲ့ တရားခံက ကျွန်တော့်မိဘဖြစ်နေတော့'

'မိဘတွေက ဘာဖြစ်လို့လဲ'

'အများကြီးမှားတာတော့ အဖေပေါ့ ဆရာရယ်၊ ကျွန်တော့်အဖေနဲ့

www.burmeseclassic.com



ခင့်အဖေဟာ အရမ်းခင်ကြတယ်။ ဘယ်လောက်အထိ အရမ်းခင်သွားကြသလဲဆိုတော့ ကျွန်တော့် ဖေဖေနဲ့ ခင့်ဖေဖေတို့က တစ်နေ့တည်း တစ်နေရာတည်းမှာ တစ်ပြိုင်နက် မင်္ဂလာဆောင်ကြတယ်ဆရာ'

'ဟိုက်... ရှာလဘား၊ စီးပွားရေးကြောင့်လား'

'နိုး... နိုးဆရာ ခင့်ဖေဖေက ကျွန်တော်တို့ထက်တောင် ချမ်းသာပါသေးတယ်၊ သူတို့နှစ်ယောက်ရဲ့ ခင်မင်မှု၊ သူငယ်ချင်း ချင်း ဘယ်လောက်ချစ်သလဲ ဆိုတာကိုပြဖို့ လုပ်ကြတာပါ'

ကိုခန့်က ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး ထောက်ခံရင်း... 'အဲဒီတော့'ဟု စကားကို ထောက်ပေးလိုက်သည်။

'အဲဒီ မင်္ဂလာပွဲနှစ်ပွဲမှာ သူတို့ထားကြတဲ့ကတိက ကလေးမွေးလာရင် ယောကျ်ားလေးချည်းပဲဆိုရင် သူတို့ခင်သလို ခင်စေရမယ်။ မိန်းကလေးချည်းပဲဆိုလည်း ဒီအတိုင်းပဲ၊ အဲ... ယောကျ်ားလေး မိန်းကလေးဆိုရင်တော့ ဘယ်သူက ဘာပဲဖြစ်ဖြစ် ပေးစားရမယ်။ အဲဒီမင်္ဂလာပွဲ ပိုပြီးအသက်ဝင်ဖို့အတွက် မင်္ဂလာကြောင်းလမ်းတဲ့နေ့ကျမှ ကျွန်တော်တို့ချင်း တွေ့ရမှာတဲ့ဆရာ'

'ဟင်... ဘာဖြစ်လို့တုန်း'

'ကြိုပြီးပေးတွေ့ထားရင် တစ်ယောက်က တစ်ယောက်ရဲ့ အားနည်းချက်တွေ ဘာတွေသိသွားပြီး ငြင်းမှာစိုးလို့တဲ့ဆရာ'

'အဲဒီတော့...'

စေ့စပ်ကြောင်းလမ်းသည့်နေ့ကို ကိုဘ မမေ့ပါ။





စေ့စပ်မည့်နေ့မတိုင်မီ ၃ ရက်အလိုကျမှ သူ့အဖေဖြစ်သူက သူ့ကို ထိုကိစ္စ ဖွင့်ပြောပြခြင်းဖြစ်ပါသည်။

'သူတို့က မိန်းကလေးမွေးတော့ ကတိတည်ဖို့ကို အကြိမ်ကြိမ်ပြောခဲ့တယ်၊ ဒယ်ဒီကလည်း ဒီကတိကို ဘယ်ဖျက်မှာလဲ၊ သူနဲ့မဟုတ်လည်း သားကို တစ်ခြားတစ်ယောက်ယောက်နဲ့ နေရာချရမှာပဲ မဟုတ်လား'

'ဘာပဲဖြစ်ဖြစ်ပေါ့ ဒယ်ဒီရာ ကြိုတင်အသိပေးထားသင့်တာပေါ့၊ ဒယ်ဒီတို့ရဲ့ ကတိဟာ ဘာမှမသိသေးတဲ့ လူနှစ်ယောက်ကို အလောင်းအစားလုပ်ခဲ့တာနဲ့ မတူဘူးလား'

'ငါ့သားပြောတာ မှန်ပါတယ်၊ ဒါပေမယ့် အဲဒီစည်းကမ်းကို ထုတ်တာက ဒယ်ဒီကိုယ်တိုင်ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ မင်းတို့ကို ကြိုတင်အသိပေးထားပြီး အတူသွားအတူလာဆိုရင် တစ်ယောက်အားနည်းချက်ကို တစ်ယောက်ကသိသွားပြီး မယူချင်တော့ဘူး ဖြစ်မှာစိုးလို့'

'ဒယ်ဒီရာ... ကိုယ်နဲ့ တစ်ခါမှ မတွေ့ဘူးတဲ့ ဘာမှန်းမသိတဲ့ မိန်းကလေးကို သားက ဘယ်လိုလက်ထပ်မလဲ'

ဒယ်ဒီက ပြုံးပြုံးကြီးပင် မာမီ့ကိုကြည့်၍ မေးဆတ်ပြလိုက်၏။

'အဲဒါတော့မပူနဲ့သား၊ ဒီကောင်မလေးအကြောင်းကို မာမီ တော်တော်များများ လေ့လာပြီးပြီ၊ ဒီမိန်းကလေးက ရိုးတယ်၊ ပြတ်သားတယ်၊ မာနလည်း ခပ်ကြီးကြီးသားရဲ့ ပြီးတော့... ငေးနေရအောင် ချောတာမဟုတ်ပေမယ့် သူ့ကို တစ်ခါကြည့်ပြီးရင် နောက်ထပ်တစ်ခါ ထပ်မကြည့်ဘဲ မနေနိုင်ဘူး'

'မာမီတို့လုပ်တာ ကျွန်တော်တော့ ရူးတော့မှာပဲဗျာ၊ ဒီလိုလုပ်ရင်



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ရည်းစားတွေ ဘာတွေရှိမှာပေါ့ မာမီရ၊ သေသေချာချာလုပ်ကြပါဦး မာမီတို့ရာ'

သူစိတ်ပျက်လက်ပျက်ပြောတော့ မာမီက အားရပါးရ ရယ်သည်။

'မာမီ ပြီးခဲ့တဲ့ ၃ လလောက်က မန္တလေးကို ဘုရားဖူးသွားတာ သားမှတ်မိသေးလား'

'မှတ်မိတာပေါ့ မာမီရဲ့၊ သားတောင်မှ နဂါးစာပေက ကိုထွန်းရွှေမှာတဲ့ စတိုင်ပန့်(န်)နှစ်ထည် လူကြုံပေးလိုက်သေးတာပဲ'

'အေး... အဲဒီခရီးမှာ 'ခင်' ပါတယ်သားရဲ့'

'ခင်...! ဘာခင်လဲ...'

'အခု သားလက်ထပ်ရမယ်ဆိုတဲ့ ကောင်မလေးပေါ့သားရဲ့၊ သူ့နာမည်အရင်းက ရည်ရွှယ်ခင်တဲ့၊ အဲဒီခရီးမှာ မာမီက သူ့အနေအထိုင် အပြောအဆို ဆက်ဆံရေး စတာတွေကို အားလုံးလေ့လာခဲ့တာ၊ လူတစ်ယောက်အကြောင်းသိချင်ရင် အတူခရီးသွားလို့ဆိုတယ် မဟုတ်လား၊ မာမီ့ဘက်ကတော့ ဘာမှပြောစရာမလိုဘူး'

မာမီက သူ့ကို သိုင်းဖက်ပြီး ယယ်စဉ်ကလေးဘဝကလိုပင် လှုပ်ရင်းစ၍ပြောနေသည်။ မာမီသည် တစ်ခါတစ်ရံ ဒီလိုပင် သူ့ကို ကလေးတုန်းက ဆက်ဆံသလို ဆက်ဆံတတ်၏။

'မာမီ့ဘက်က ပြောစရာမရှိပေမယ့် သားဘက်ကတော့ ပြောစရာရှိတာ ပြောရလိမ့်မယ် မာမီ'

'ပြော... ငါ့သားလေး ဘာများပြောချင်လဲ! ပြော'





'သား... သူ့ကို လုံးဝမယူနိုင်ဘူးမာမီ'

'ဟော့ကောင်... ကိုဘ၊ မင်းအဲဒီစကားကလွဲလို့ ကျန်တဲ့စကား ဘာကိုပဲပြောပြော ငါလက်ခံတယ်၊ အဲဒီကောင်မလေးကို မင်းမာမီရော ငါကိုယ်တိုင်ပါ လေ့လာပြီးပြီ၊ သိပ်ကြီးကြီးမားမား အပြစ်ပြောစရာ မရှိဘူး။ မင်းဘာမှ ငြင်းဖို့ မကြိုးစားနဲ့'

'ဒယ်ဒီတို့ကပဲ လေ့လာနေ၊ ဟိုက ကျွန်တော့်အကြောင်း ဘာမှမသိဘဲနဲ့ ရမ်းသဘောတူတာပဲလား၊ အဲဒါဆိုရင်တော့ သူ့သမီးဆီမှာ အားနည်းချက်အနည်းငယ်မဟုတ်ဘဲ ကြီးကြီးမားမားကို ရှိနေလို့ဖြစ်ရမယ်'

သူ့စကားဆုံးတော့ ဒယ်ဒီကရယ်သည်၊ ပြီးတော့ ခေါင်းကိုညိတ်သေးသည်။

'ကဲ... ဒီအချိန်ရောက်မှတော့ ငါအားလုံးဖွင့်ပြောပါ့မယ်။ မင်းဘွဲ့ရပြီးကာစ အလုပ်မရခင်တုန်းက ပုဇွန်ကန်၊ ငါးကန်တွေမှာ ဝင်လုပ်ခဲ့တုန်းက သူဌေးက ဘယ်သူတုန်းဆိုတာ ပြောစမ်းပါဦး'

'ဦးထွန်းဝင်းလေ၊ ကျွန်တော်နဲ့ အတော်ခင်တာပဲ၊ သူပဲ ဒီအလုပ်ကို ဖိုးတက်အောင်လုပ်နေရင်းက... ဦးထွန်းဝင်းက တစ်နေ့ ကျွန်တော့်ကို ခေါ်တိုင်ပင်တယ်လေ၊ သူ့ရဲ့အလုပ်က သမာအာဇီဝတော့ ဖြစ်ပါတယ်။ ဒါပေမယ့် သတ္တဝါတွေရဲ့အသက်ကိုရင်းပြီး လုပ်နေရလို့ မလုပ်တော့ဘူးတဲ့၊ ကျွန်တော်ကလည်း သူ့အတွေးကို ထောက်ခံလိုက်တော့ ပုဇွန်ရော ငါးပါ သူများကို ရောင်းပစ်လိုက်တာလေ'

'အေး... မင်း အဲဒီလူကြီးကို ဘယ်လိုမြင်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'သဘောကောင်းတယ်၊ ပျော်ပျော်နေတတ်တယ်၊ ဒါပေမယ့် စကားပြောရင် ပြတ်တယ်။ ဒီမှာဒယ်ဒီ ကျွန်တော့်ကို ငပေါလို့မထင်ပါနဲ့၊ ဒယ်ဒီတို့ အခုပြောပုံအရဆိုရင် အဲဒီဦးထွန်းဝင်းက စေ့စပ်မယ့် ကောင်မလေးရဲ့ အဖေမဟုတ်လား'

သူက အပိုင်မေးလိုက်လျှင် အဖေပါးစပ်ကြီးပြဲပြီး သူ့ကို တအံ့တဩ ကြည့်နေလိမ့်မည်ဟု ကိုဘ ထင်ထားသော်လည်း သူ့ဖေဖေက ထိုသို့မဟုတ်ဘဲ အပြုံးကလေးနှင့် ခေါင်းကိုခါပြီး သူ့ကိုကြည့်နေသည်။

'မင်းမှန်းတာ မဆိုးပါဘူး နီးစပ်ပါတယ်၊ ဦးထွန်းဝင်းက မင်းအဲဒီကောင်မလေးကိုမယူရင် သူယူမယ်လို့ ပြောထားတဲ့သူပဲ'

'ဟာ... အဖေနဲ့ သမီးအရွယ်ကြီးကို'

'ကိုထွန်းဝင်းနဲ့က ၁၁ နှစ်ပဲကွာတာပါ။ အခု ကောင်မလေးက နှစ်ဆယ့်လေး သူက သုံးဆယ့်ငါး၊ ဒီတော့... ကောင်မလေးဖေဖေက ပွင့်ပွင့်လင်းလင်းပြောပြီး မင်းကို လှေလာနိုင်းခဲ့တာ'

'ဟာ... ဘာတွေလဲဒယ်ဒီရာ... ရှုပ်နေတာပဲ၊ ကျွန်တော် ပုံမှန်အတိုင်းနေထိုင်သွားလာနေတဲ့ အပေါ်မှာ ဒီလိုကိစ္စမျိုးတွေ ရှိနေလိမ့်မယ်လို့ ကျွန်တော် ဘယ်တုန်းကမှ ထင်မထားခဲ့မိဘူး ဒယ်ဒီရာ'

ဒယ်ဒီက အပြုံးနှင့် စကားကိုဆိုသည်။

'အေး... အဲဒီလိုမသိရမှလည်း သဘာဝကျတဲ့ မူရင်းနေထိုင်မှုကို တွေ့ရမှာပေါ့ကွ၊ ဦးထွန်းဝင်းက သဘောထားဘယ်လောက်ပြည့်သလဲဆို မင်းဟာ ခင်နဲ့ သင့်တော်တဲ့ယောက်ျားကောင်းတစ်ယောက်လို့ ဆန်းတင့်ကို ပြောသွား





တယ်တဲ့'

'ဆန်းတင့် ဆိုတာက'

'ကောင်မလေးရဲ့ အမေပေါ့၊ အမေက ခေါ်ခင်စီတဲ့၊ အဲဒီတော့ စနေနေ့မှာ စေ့စပ်ကြောင်းလမ်းဖို့ကိစ္စရှိတယ်၊ အဲဒီကိစ္စကိုသာ မင်းခေါင်းထဲ ထည့်ထားလိုက်တော့'

'ကျွန်တော့်ကို အခွင့်အရေးတစ်ခုတော့ပေး ဒယ်ဒီ'

'ပြော'

'စေ့စပ်ပြီးရင် ကျွန်တော် သူနဲ့ ခဏတွဲမယ်၊ တွဲရင်းနဲ့ ကျွန်တော် လှေလာလို့ ကျွန်တော့်စရိုက်နဲ့ လုံးဝမဖြစ်နိုင်တာမျိုးဖြစ်နေရင်တော့ ကျွန်တော် သူ့ကို လုံးဝမယူနိုင်ဘူး ဖေဖေ'

'အေး... ငါသဘောတူတယ်'

သူ့ရင်ထဲရှိတာ ပြောလိုက်ရသဖြင့် ကိုဘ တော်တော်လေးပေါ့သွားသော်လည်း အလုံးအခဲကြီးကတော့ ကျန်နေတုန်းပင်ဖြစ်သည်။ ကိုခန့်က ခေါင်းညိတ်၍ညိတ်၍ နားထောင်နေသဖြင့် သူအားတက်ရပါသည်။

'စေ့စပ်ပွဲအကြောင်းပြောဗျာ'

'အဲဒီနေ့မနက်က ကျွန်တော် မနက်လေးနာရီထိုးကြီးမှာ နိုးနေတာဆရာ...'

အိပ်ရာကနိုးပြီး ပြန်အိပ်မရတော့သဖြင့် ခုတင်ပေါ်မှ ဆင်းလာပြီး နွားနို့တစ်ခွက်ကိုသောက်ရန် ပြန်နွေးနေရင်း နွားနို့ထဲကို ကြက်ဥဖောက်ထည့်ချင်စိတ်က ထူးထူးဆန်းဆန်းပေါ်၍လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းကဆိုလျှင် သူသည် နွားနို့ထဲကို ဘယ်တော့မှ ကြက်ဥအစိမ်းကို ဖောက်မထည့်တတ်၊ ထိုကြက်ဥနှင့် နွားနို့ကို ခလောက်လိုက်လျှင် ကလေးဝမ်းပျော့ပျော့အရည်နှင့် တူသောကြောင့် ဖြစ်၏။

ဟော...အခုတော့ နွားနို့ထဲကို ကြက်ဥဖောက်ထည့်ချင်နေပြီ။

သူ့စိတ်တွေ ကယောင်ကတမ်းနှင့် ပြောင်းလဲနေမှန်း သူသိသည်။

ခဏနေလျှင် စေ့စပ်ပွဲသို့ သွားရတော့မည်ကို သူသိသည်။ အစီအစဉ်အရ သူတို့ရောက်သွားလျှင် စကားအနည်းအကျဉ်းပြောကြပြီး လက်ဆုံထမင်းစားကြမည်ဖြစ်သည်။ ထမင်းစားပြီး အချိုတည်းသည့်အချိန်တွင် သူနှင့်ခင်ဆိုသော သူ့ဇနီးလောင်းတို့ နှစ်ယောက်တည်း စကားပြောခွင့်ရမည်ဖြစ်သည်။

သူ နွားနို့ခွက်ထဲသို့ ကြက်ဥတစ်လုံးဖောက်ထည့်လိုက်သည်။ ပြီးတော့ ဒုတိယတစ်လုံး...ပြီးတော့ ဖန်(လ်)ခွက်ကို ကောက်မပြီး တရှိန်ထိုးကောက်မော့ပစ်လိုက်၏။ အလျှင်တုန်းကလို တစ်ငုံစီသောက်မနေတော့။

သူသည် ညက ထိုမိန်းကလေးနှင့် မတွေ့ချင်ကြောင်းငြင်းခဲ့သည်။ ဟော...အခုတော့ သူမကို သူ အသေအလဲတွေ့ချင်နေပြန်သည်။ အချိန်ကိုကြည့်တော့ လေးနာရီ သုံးဆယ့်တစ်မိနစ်သာ ရှိသေး၏။ သူတို့က ကိုးနာရီမှ သွားမှာဆိုတော့ ကြားမှာ လေးနာရီနှင့် နှစ်ဆယ့်ကိုးမိနစ် လိုနေသေးသည်။

သူသည် ချစ်ရေးချစ်ရာနှင့် ပတ်သက်၍ ကံကောင်းခဲ့သူမဟုတ်ပါ။ သူ့ကို ချစ်ချင်သလိုလို ဘာလိုလို အထာပေးသည့် မိန်းကလေးမျိုး





တစ်ခါမှ ဘဝတွင် မတွေ့ခဲ့ဘူးပါ။ အကြွင်းမဲ့သံသယဖြစ်ရန် မရှိတော့သလောက်ပင် မိန်းကလေးတိုင်းက သူ့အပေါ် ရိုးသားခဲ့ကြပါသည်။

သူကသာ ကြိတ်ကြိုက်ခဲ့သည့် မိန်းကလေးတွေ မနည်းခဲ့။ သူကြိတ်၍ကြိုက်တာခံခဲ့ရသော ကောင်မလေးတွေက သူကြိုက်နေမှန်း သိပင်မသိကြပါ။ သူသည် မိန်းကလေးတွေအုပ်ထဲမှာ ရှိနေတတ်ပြီး ရည်းစားမရှိသူဖြစ်ပါသည်။ ကိုယ်ကြိတ်ကြိုက်သည့် မိန်းကလေးက ကိုယ့်အပေါ် အရမ်းလေးစားဖို့ကောင်းလောက်အောင် ရိုးသားနေတော့ ထိုစည်းကို သူဘယ်လိုမှ သူ မကျော်နိုင်ခဲ့တာလည်း ၁၅ ယောက်မကတော့။ ထူးအိမ်သင်၏ သီချင်းထဲကလို 'ဒါတွေ××× သူများသိရင် မှန်းသွားလိမ့်မယ်××× ကိုယ်မပြောတော့ဘူး ××× သူငယ်ချင်းလေး' စာပုဒ်မှာ သူ့ကို စောင်းပြီးဆိုနေသလိုပင် တိုက်ရိုက်ထိခဲ့သည်။

ဒါပေမယ့် တစ်ခုတော့ ဖြေသာပါသည်။

ထူးအိမ်သင်လို နာမည်ကြီးလူတစ်ယောက်လည်း သူ့လိုပဲဆိုတော့ နည်းနည်းအားရှိသွားခြင်း ဖြစ်၏။

အခု ဒီကောင်မလေးနှင့် သွားတွေ့ဖို့ကိစ္စကိုလည်း သူငယ်ချင်းတွေကို ပြောပြတော့ ဒီကောင်တွေပေးလိုက်သော နည်းလမ်းတွေက စုံသည်။

တစ်ယောက်က ခြေသည်း လက်သည်းတွေကို ကြည့်ရမတဲ့၊ တစ်ယောက်က သွားတွေအရေးကြီးတယ်တဲ့၊ တစ်ယောက်က မှဲ့အရေးကြီးတယ်တဲ့ မျက်ရည်ခံမှဲ့တို့ မတော်မတဲ့နေရာမှာပါတဲ့ မှဲ့တို့က လင်ယောက်ျားကိုသေစေနိုင်တယ်တဲ့၊ တစ်ယောက်ကတော့ ဒီကောင်မလေးရဲ့ နောက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်က အရေးကြီးတယ်တဲ့။ တော်ကြာ နွားမန္တပိတ်နဲ့ တိုးနေမယ်တဲ့၊ တစ်ယောက်ကတော့ မျက်လုံးတွေအရေးကြီးသတဲ့၊ မျက်လုံးက ငြိမ်ငြိမ်မနေဘဲ ကစားလွန်းရင် စိတ်မချရဘူးတဲ့၊ မျက်ပေါက်ကျဉ်းရင်လဲ အသိဉာဏ် နည်းတတ်တယ်တဲ့၊ မျက်လုံးပြူးလွန်းရင်လည်း အမြဲတမ်း အားငယ်ပျော့ညံ့ တတ်သတဲ့။

ကြာတော့ သူလည်း ရူးကြောင်ကြောင်ဖြစ်လာတာနဲ့ ရပ်နိုင်းလိုက်ရ တော့၏။

'တော်ပြီကွာ… ငါ့ဆီမှာလည်း ငါကြိုက်တဲ့အချက်နဲ့ မကြိုက်တဲ့အချက် ခွဲခြားထားတာ ရှိပါတယ်။ အဲဒါနဲ့ပဲ ကြည့်တော့မယ်'

အခုတော့ သူသည် နံနက်လေးနာရီနိုးသူဖြစ်နေလေသည်။

'ဩော်… သားကို မာမီက ဘယ်သူများလဲလို့ အစောကြီးရှိပါသေး တယ် သားရဲ့'

မေမေ့စကားကြောင့် သူ့မျက်နှာ 'ရှိန်း'ခနဲ ဖြစ်သွားသည်။

'ဗိုက်တွေ ရစ်ရစ်ပြီးနာနေလို့ မာမီ၊ ဝမ်းသွားတာသုံးခါလောက်ရှိပြီ။ ညနေကစားတဲ့ အသုပ်ကြောင့်လား မသိဘူး မာမီ၊ ဝမ်းကိုက်နေလား မသိဘူးမာမီ'

'ဝမ်းကိုက်နေတာဆိုရင် တော်သေးတာပေါ့ မာမီ့မှာဆေးရှိတယ်။ နှလုံး သားကိုက်တာဆိုရင်တော့ ကိုးနာရီမှဆေးရမှာ ငါ့သား သွား… သွား… သွားဝင်အိပ် တော်ကြာ မျက်နှာချောင်ကျနေဦးမယ်'

'ဒါဆိုရင် ခင်ဗျားမာမီက တော်တော်ပါးရည်နပ်ရည်ရှိတာပဲ ကိုဘ၊





သူလက်ခံနိုင်တယ်၊ လေ့လာပြီးပြီဆိုတဲ့ အမျိုးသမီးက ခေမာတော့ မဟုတ် ဘူး'

'ဟုတ်တယ် မခေဘူးဆရာ၊ မခေလို့ပဲ ဒီကောင်ခံနေရတာပေါ့'

'ကဲ… စေ့စပ်ပွဲကိစ္စ ဆက်ဦးဗျာ၊ ပြီးတော့… ခင်ဗျားအိမ်ထောင်ကျတဲ့ အထိ'

'ဟုတ်ကဲ့ဆရာ… အဲဒီနေ့က ကျွန်တော့်ဘီဒိုတစ်ခုလုံးမှာရှိတဲ့ အင်္ကျီ အထည်ငါးဆယ်လောက်ထဲက ဝတ်ဖို့ရှာတာ တစ်ထည်မှမတွေ့ဘူးဆရာ'

ကိုဘ၏ မျက်လုံးများသည် ဝေသီကာ အတိတ်သို့ ရောက်သွားပြန် သည်။

ကိုဘ၏ အဝတ်ဘီဒိုသည် တိုကျိုမြို့ကို ဂေါ်ဇီလာဝင်မွှေသွားသလို ဖယိုဖရဲဖြစ်၍နေသည်။ သို့အထိတိုင်အောင် ကိုဘ ဘာအင်္ကျီတစ်ထည်ကို မှ စိတ်တိုင်းကျ မရသေးချေ။ အခုမှ ဆိုင်တစ်ဆိုင်မှာ သွားဝယ်ရအောင် လည်း အချိန်က မရှိတော့။ ထိုအချိန် အခန်းထဲသို့ ဝင်လာသော မာမီက ကိုဘ အခြေအနေကို သဘောပေါက်သွားသည်။

'သား… ဒါနဲ့ ဒီလုံချည်လေးဝတ်လိုက် အဲဒါအလိုက်ဆုံးပဲ'

မာမီက နာနတ်သီးအတွင်းသားရောင် ကော်လံလည်ကတုံး အင်္ကျီ ကလေးနှင့် နို့စိမ်းရောင် ဆိတ်ခွံပုဆိုးကို ရွေးပေးသည်။ အပေါ်နှင့်အောက် ကာလာက နည်းနည်းကြောင်နေသည်ဟု ပြောနိုင်သည်။ သို့သော်… ကိုဘ ရွေးမနေနိုင်တော့ သူရွေးတာ ဘာတစ်ထည်မှ မရဘူးမဟုတ်လား။

ကိုဘတို့ကားကလေး ခင်တို့တိုက် ပေါ်တီကိုအောက်ကိုရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ကိုဘမှာ ခေါင်းကပဲယားသလိုလို၊ ကျောကပဲယားသလိုလို၊ နားထင်၊ နဖူး အစပ် ချိုင်းကြားဘေးနှင့် ရင်အစပ်တို့က ယားသလိုလို ဖြစ်လာသည်။

အဆိုးဆုံးမှာ သူ့လက်နှစ်ဖက်ကို ဘယ်နေရာမှာ ထားရမှန်းမသိခြင်းပင် ဖြစ်သည်။ လက်နှစ်ဖက်ကို လူတစ်ယောက်အတွက် ပိုနေသော အင်္ဂါတစ်ခု ဟု စဉ်းစားမိခြင်းမှာ အဲဒီတုန်းက ပထမဖြစ်သည်။

ထိုကဲ့သို့ စိတ်စောခြင်း၊ စိတ်လောခြင်း၊ စိတ်ဂဏာမငြိမ်ခြင်းတို့ကြောင့် ကားထဲမှအထွက်တွင် ဆိတ်ခွဲပုဆိုးစကို တက်နင်းမိယုံမှတစ်ပါး အခြား ရပ်ပျက်ဆင်းပျက်ခြင်း မရှိချေ။

သူတို့မိသားစု ကားပေါ်မှ ဆင်းပြီးသည်နှင့် ဦးဆန်းတင့်ရောက်လာကာ ဒယ်ဒီ့ကို လက်ဆွဲနှုတ်ဆက်သည်။

'ငါ့သူငယ်ချင်းကတော့ ယဲကျင့်မပျောက်ဘူးဟော့၊ ကိုးနာရီဆို ကိုးနာရီ ကွက်တိလိုက်ရမှ ကျေနပ်တာကိုးကွ'

'ဒါကတော့ ဆရာဦးတိုးဝေပေးတဲ့ အကျင့်ကောင်းလေး တစ်ခုလေကွာ၊ စောသွားရင်လည်း ကိစ္စတစ်မျိုး၊ နောက်ကျရင်လည်းတစ်မျိုး မဟုတ်လား'

ဒယ်ဒီ့စကားဆုံးတော့ လက်ဆွဲနှုတ်ဆက်ထားသည့် လက်များကို မဖြုတ်သေးဘဲ အားရပါးရ ရယ်နေကြသည်။ သူတို့နှစ်ဦးတည်းသာသိသော အထာတစ်ခု ဖြစ်လိမ့်မည်ထင်သည်။ သူ မာမီနှင့် ဒေါ်ခင်စီတို့ကတော့ ဘာမသိ ညာမသိ အူကြောင်ကြောင်အပြုံးများကို လိုက်ပြုံးလိုက်ကြရသည်။ ဒေါ်ခင်စီက မာမီ့ကိုကြည့်၍ ပြုံးရင်း ခေါင်းကိုညိတ်၍ ပြုံးပြသည်။ မာမီကလည်း ထိုနည်းအတူ ပြန်လုပ်၏။ ဘာအဓိပ္ပာယ်ဆိုတာကို ကိုဘ





နားမလည်ပါ။ သူတို့အချင်းချင်းလည်း သိပုံမရပါ။

ကိုဘတစ်ယောက် ပြုံးပြီး နှုတ်ခမ်းပေါ်က ကျွံထွက်နေသော အပြုံးကို ဘာလုပ်ရမှန်းမသိသဖြင့် ကိုယ့်ဘာသာ ဆွဲချုတ်ပြီး ပြန်သိမ်းထားလိုက်ရ၏။

'ကဲ...လာ သူငယ်ချင်း၊ ကိုယ်တို့တွေ့ဖို့နေရာကို ပန်းခြံထဲမှာ စီစဉ် ထားတယ်၊ အိမ်ပေါ်မှာဆိုရင် စိတ်ကျဉ်းကြပ်လို့ကွာ'

'ကောင်းတာပေါ့ကွာ...ငါ မင်းရဲ့ပန်းခြံကို အခုမှရောက်ဖူးတာ ဆိုပေမယ့် ဒေါ်ခင်စီရေ အဲဒီပန်းခြံထဲမှာ နှင်းဆီပန်းအဖြူတွေ စိုက်ထားတာရှိ ကို ရှိရမယ်ဆိုတာ တစ်သန်းကြေးလောင်းရဲတယ်ဗျာ'

'အမလေးရှိပါ့တော် ရှိပါ့၊ အဲဒီနှင်းဆီပန်းအဖြူကို ထိလို့ကို မရတာ၊ ဘာလဲ ဓာတ်လမ်းကလေးတွေ ရှိတယ်ပေါ့ ဟုတ်လား'

'အေးအေးဆေးဆေးတော့ ပြောကြတာပေါ့ ဒေါ်ခင်စီရာ'

'ရပါတယ်ကွာ ငါ မင်းကို အပြောမှာ အကြောပေးပါတယ် လှမိုးရဲ၊ ဒေါ်စောမြရေ ဒီကောင့်ခုတင်ခေါင်းရင်းမှာ ကိုးလုံးပုတီးကလေး ချိတ်ထား တယ်မဟုတ်လား၊ ပြီးတော့ အိမ်ရာဘေးနားက စားပွဲကလေးဘေးမှာ အဝါ ရောင်ခြံသေ့ရုပ်ကလေးလည်း ရှိရမယ်'

ဦးဆန်းတင့်စကားဆုံးတော့ မာမီ့မျက်လုံးပြူးသွားသည်။

'အမလေးတော် ဟုတ်ပ၊ အိပ်ခန်းထဲဝင်ကြည့်ပြီး ပြောနေတဲ့အတိုင်း ပါပဲ၊ အဲဒါဘာတွေလဲဟင်'

'နောင်တော့ အေးအေးဆေးဆေး ပြောကြတာပေါ့ဗျာ'

ဒီတစ်ခါတော့ အားလုံးဝိုင်းရယ်လို့ ရသွားပါသည်။ ဒယ်ဒီနှင့် ဦးဆန်း



www.burmeseclassic.com

www.burmeseclassic.com



တင်တို့မှာလည်း နောက်ကြောင်းရာဇဝင်ကလေးတွေကိုယ်စီ ရှိကြပြန်တူသည်။

ပုဏ္ဏရိပ်ပင်ပုကလေးတွေ တစ်ဖက်တစ်ချက်စီ တန်းစိုက်ထားပြီး လမ်းကွေ့လမ်းချိုးတွေမှာ ပန်းပင်တွေကို စိုက်၍ထားသည်။ စကျင်ကျောက်တွေကို အကွက်ချပုံဖော်ထားသော လမ်းကလေးဆုံးတော့မှ ထိုင်ခုံတွေနှင့် ပြင်ဆင်ထားသော နေရာကို တွေ့ရသည်။

'ကဲ… မနက်စာမတိုင်ခင် အစာပြေပေါ့ကွာ ဟုတ်လား'

နှစ်ယောက်တွဲဆက်တီနှစ်လုံးရှိပြီး တစ်လုံးမှာ ဦးဆန်းတင့်နှင့် ဒေါ်ခင်စီတို့က ထိုင်သဖြင့် မျက်နှာချင်းဆိုင်က နှစ်ယောက်တွဲဆက်တီမှာ မာမီနှင့် ဒယ်ဒီတို့က ထိုင်ရသည်။ ကိုဘက တစ်ယောက်တည်းခုံမှာ ထိုင်ရပြီးသူနှင့် မျက်နှာချင်းဆိုင်တွင် တစ်ယောက်ထိုင် ဆက်တီတစ်လုံးရှိသည်။

အားလုံးနေရာယူပြီးတော့မှ ဦးဆန်းတင့်က အလယ်စားပွဲမှ ဖုံးထားသော အဖြူရောင်ပဝါပါးလေးကို လှပ်၍ ပြင်ဆင်ထားသမျှကို ပြသည်။

'ဟောဒါက နို့ကွ၊ နို့မှ ဆိတ်နို့မောင်ရင်ရေ၊ ဟောဒီမှာဆား၊ ဒါက သကြား။ ကိုယ်ကတော့ ဆိတ်နို့ကို သကြားနဲ့မသောက်ဘူး ဆားနဲ့ ဆိမ့်ဆိမ့်ကလေးပဲသောက်တာ'

'ကဲပါ… ကိုလှမိုးတို့ ကြိုက်သလိုသောက်စမ်းပါစေ၊ ရှင်ဝင်ဝင် ဆရာမလုပ်စမ်းပါနဲ့'

'အေးပါကွာ… မင်းကလည်း၊ ကျုပ်တာတွေကတော့ မင်းတို့လည်း သိနေတာပဲကွာ၊ ငါရှင်းမပြတော့ပါဘူး'





ဦးဆန်းတင့်က GASမီးဖိုကလေးကို ထောက် ခနဲဖွင့်ပြီး ဆိတ်နို့အိုးကို တင်သည်။ ပြီးတော့ ပေါင်မုန့်မီးကင်ကို ထောပတ်သုတ်ပြီး သကြားဖြူးသည်။ ပြီးတော့မှ ဒိန်ခဲကို အတုံးကလေးတွေဖြစ်အောင်တုံးပြီး သွားကြားထိုးတံကလေးတွေ စိုက်ပြီး ချထားပေး၏။ ဆိတ်နို့ဆူလာတော့ မီးဖိုကိုပိတ်၍ နံဘေးနားက ဘဲလ်ကလေးကို နှိပ်လိုက်သည်။ ဘာလုပ်တာမှန်းတော့ ကိုဘမသိပါ။

ပြီးတော့ ကိုဘတို့ကို ဆိတ်နို့တစ်ခွက်စီ ထည့်၍ပေးသည်။

'ကဲ… ကျုပ်တာကတော့ ကိုယ်နှစ်သက်သလိုသာ စားကြပေတော့'

အမှန်အတိုင်းပြောရလျှင်တော့ ကိုဘ ဒါတွေကို မနက်စောစော စားလေ့မရှိပါ။ ကိုဘတို့မိသားစုက ဒီလောက်တော့ 'ဘို' မဆန်ကြပါ။ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ ဒါမှမဟုတ် အသုပ်၊ ထမင်းကြော်လောက်ကိုသာ စားလေ့ရှိပါသည်။

ရောမရောက်လျှင် ရောမလိုကျင့်ရမည်ကို ကိုဘ နားလည်ပါသည်။ ထို့ကြောင့် ကိုဘ ဆိတ်နို့ကို ဦးဆန်းတင့်လိုပင် ဆားကလေး နည်းနည်းထည့်ပြီး သောက်ကြည့်သည်။ အီနောက်နောက်ကြီးက မြွေတစ်ကောင်လို သူ့အစာအိမ်ထဲကို တိုးဝင်သွား၏။ ထို့ကြောင့် ပေါင်မုန့်မီးကင်ကို လှမ်းယူပြီး အားရပါးရ ဝါးပစ်လိုက်ရ၏။

'ကိစ္စမရှိဘူး ဆိတ်နို့က သောက်စမရှိရင် ဒီလိုပါပဲ၊ ရော့ ချိ(စ)လေးစားလိုက်'

ဦးဆန်းတင့်က ချိ(စ) ယူပေးသဖြင့် ကိုဘ စားလိုက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက ရောမ… ရောမ… ရောမဟု အော်နေမိသည်။

ဒယ်ဒီနှင့် မာမီလည်း ဆိတ်နို့ကိုသောက် ပေါင်မုန့်မီးကင်ကို စားကြပါသည်။ ကိုဘကတော့ တစ်ငုံတည်းနှင့် ရပ်ထားလိုက်တာကို မာမီက ရိပ်မိသည်။

'ဆိတ်နို့သောက်ဦးလေ သားရဲ့…'

'ဟုတ်သားပဲ သူ့ပိုဆားနဲ့တော့ ချက်ချင်း ဘယ်သောက်နိုင်ပါ့မလဲ၊ သကြားကလေးထည့်မှပေါ့၊ ပေး… အန်တီထည့်ပေးမယ်'

ကိုဘ ဘာမှမတတ်နိုင်တော့ဘဲ သူ့ဆိတ်နို့ဖန်(လ်)ခွက်ကို ကမ်းပေးလိုက်ရ၏။ ဒေါ်ခင်စီက သူ့ဆိတ်နို့ခွက်ထဲသို့ သကြားကို ဖွန်းမောက်မောက် ထည့်ပေးလိုက်သည်။ ပြီးတော့ စတော်ဘယ်ရီသီးလေးငါးလုံးကို လက်နှင့်ညှစ်ပြီးထည့်ပေးရင်း မာမီ့ဘက်သို့လှည့်၍…

'အဲဒါက ခင့်အကြိုက်လေ မြရဲ့၊ ခင်က ဆိတ်နို့ဆို အဲဒီလိုမှကြိုက်တာ ဆိတ်နို့သောက်ပြီဆို သားအမိနှစ်ယောက် ရန်ဖြစ်ကြတော့တာပဲ၊ အဖေလုပ်တဲ့သူကလည်း ဆားနဲ့သောက်၊ ဟိုကလည်း သကြားနဲ့ စတော်ဘယ်ရီပဲ၊ သမီးလေးတစ်ယောက်တည်းဆိုတော့ ဆိုးချင်တိုင်းဆိုးပဲ။ အနားမှာ တစ်ယောက်ရှိမှဖြစ်တာ။ အဲဒါ သူ့ နွဲ့ဆိုးဒဏ်ကို ခံနိုင်ဖို့တော့လိုတယ် မြရေ… လိုတယ်…'ဟု စတော်ဘယ်ရီဆိတ်နို့ကိုလည်းမွှေ စကားကိုလည်း ရောမွှေရင်း ဆိုသွားလေသည်။

ခဏကြတော့ ဒယ်ဒီနှင့် ဦးဆန်းတင့်က ရွှေဈေးအကြောင်းပြောရင်း ကမ္ဘာ့စီးပွားရေးကျဆင်းသည့်ကိစ္စ၊ အမေရိကန်၏ ပထမဦးဆုံး လူမည်း





သမ္မတ ဘာရက်အိုဘားမားက အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်ကို လက်ရှိရာထူးမှာပင် ဆက်တာဝန်ယူသည့်အကြောင်း၊ ကားဈေးများကျဆင်းသည့်အကြောင်းများကို ပြောနေကြ၏။ ကိုဘကတော့ သူနှင့်မျက်နှာချင်းဆိုင်က လူမရောက်သေးသော ထိုင်ခုံကိုသာ စိုက်ကြည့်နေမိသည်။

'တစ်ခုရှိတာက သမီးက အစားနဲ့ ပါးစပ်နဲ့ မပြတ်တာပဲ၊ အခုလည်းမနက်စာစားပြီး ခဏနေမှ ဆင်းခဲ့မယ်ဆိုတာနဲ့ ထားခဲ့ရတာ။ အင်း… မြလည်း သဘောတော့ ပေါက်မှာပါ။ သူလည်း နည်းနည်းပါးပါးတော့ သိတယ်မဟုတ်လား'

စကားဆုံးတော့ မာမီနှင့် ဒေါ်ခင်စီတို့ တစ်စုံတစ်ခုကို နားလည်သဘောပေါက်သွားကြသလို ရယ်မောလိုက်ကြသည်။ ဒီနေ့တစ်နေ့လုံး ထိုကဲ့သို့ရယ်သံတွေကို ကိုဘတစ်ယောက် အကြိမ်များစွာ ကြားခဲ့ရပြီးဖြစ်သည်။ ထိုရယ်သံများကို ကြားရလျှင် ကိုဘသည် တစ်စုံတစ်ခုကို ဒေါသထွက်ရတော့မလို ဖြစ်ဖြစ်သွားလေ့ရှိသော်လည်း ဘာကို ဒေါသထွက်ရမှန်း မသိသဖြင့် ကိုယ့်ကိုကိုယ် ပြန်ပြီးဒေါသထွက်ရပြန်သည်။

သို့သော် ဒေါ်ခင်စီလှမ်းပေးသော ဆိတ်နို့ စတော်ဘယ်ရီခွက်ကို ရှိရိုသေသေလှမ်းယူပြီး ချက်ချင်းသောက်၊ ပြီးလျှင် 'အခုမှကောင်းသွားတယ်'ဟု ပြောဖို့လောက်ကိုတော့ သူမမေ့ပါ။ ကိုဘ စတော်ဘရီဆိတ်နို့ကို လမ်းယူရင်း တစ်ငုံအငုံတွင် ပုဏ္ဏရိပ်ပင် လမ်းကလေးနံဘေးမှ 'ဘွား'ခနဲပေါ်လာသော ဝဝတုတ်တုတ်နှင့် ကောင်မလေးတစ်ယောက်ကို မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် ကိုဘ အသက်ရှူမှားသွားသည်။ ထိုမှားသွားသော အသက်ရှူလမ်းကြောင်းနှင့် မြိုချလိုက်သော စတော်ဘယ်ရီဆိတ်နို့တို့ လည်ချောင်းရှိ လေပြွန်ထဲတွင် ထိပ်တိုက်တွေ့ဆုံပြီး ဦးခေါင်းထဲအထိ တိုးဆောင့်၍ သီးသွားသောကြောင့် သူ မည်သို့မှ ထိန်းထားနိုင်စွမ်းမရှိတော့ဘဲ 'ဖူး' ခနဲ ဆိတ်နို့စတော်ဘယ်ရီတွေ သူ့ပါးစပ်မှ လွင့်စင်ကုန်ပြီး ဆိုးဝါးပြင်းထန်သော ဝေဒနာသည် အဆုတ်၊ လည်ချောင်း၊ ဦးခေါင်းတွေထဲအထိ စပ်၍စူးကာ ရင်ဘတ်ကိုဖိရင်း ပင့်သက်လည်းမရှိုက်နိုင် အသက်လည်းမရှူနိုင်နှင့် ကြီးလှစွာသော ဒုက္ခဝေဒနာကို ခံစားရလေသည်။

တစ်ချို့ကတော့ ထိုဝေဒနာကို ရေသီးသည်ဟု ဆိုကြ ခေါ်ကြသည်။

အတော်ခံစားရခက်သော ဝေဒနာဖြစ်၏။ အားလုံးဆူညံသွားကြသော်လည်း ဘာစကားတွေ ဘယ်လိုပြောကြသည်ဆိုတာကိုတော့ ကိုဘ မမှတ်မိတော့၊ ပြန်အသိဝင်လာတော့ ဦးဆန်းတင်က သူ့နောက်ကျောကို အသာဖိပေးနေတာကိုပဲ မှတ်မိတော့သည်။

'အသက်ကို ပုံမှန်ရှူထား... ဖြည်းဖြည်းပဲရှူ ဖြည်းဖြည်း...'

သူ အသက်ကို ဖြည်းဖြည်းခြင်းရှူတော့မှ ဝေဒနာကနေသက်သာ၍သွားသည်။

'သားက ဘာလုပ်လုပ် ဒီလိုပဲ လောလောလောလောနဲ့ စီရေ၊ အဲဒါပဲ ကြည့်တော့ စီပြင်ထားတဲ့ ဆိတ်နို့စတော်ဘယ်ရီကို ဘယ်လိုအရသာဖြစ်သွားမလဲဆိုတာ သိချင်စိတ်နဲ့ ကောက်သောက်လိုက်တော့ ဒီလိုဖြစ်ကုန်ရော... အားနာလိုက်တာ စီရယ်'





'ရပါတယ်မြရဲ့ ဘာအားနာစရာရှိလို့လဲ၊ သက်သာသွားပြီလားသား'

'ဟုတ်ကဲ့... အန်တီ'

ထိုအချိန်တွင် ဝတုတ်မလေးက သူနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်၍ထိုင်သည်။ ဒီတစ်ခါတော့ ကိုဘနှလုံးသား ရေသီးသွားပြီဖြစ်၏။ မဖြစ်ဒီဝတုတ်နှင့်တော့ ဒီဘဝမဟုတ် ဘဝတစ်သန်းလောက်အထိ မဖြစ်၊ ဆိတ်နို့သီးထားသော အဖိတ်အစင်တွေကို ထိုဝတုတ်ကပင် လိုက်လံသုတ်ပေးရင်း ဒေါ်ခင်စီနားသို့ တိုးတိုးကပ်၍ပြောရာ ဒေါ်ခင်စီက တစ်ချက်ပြုံးပြီး ခေါင်းကို ညိတ်လိုက်သည်။

ပြီးတော့မှ ဒေါ်ခင်စီက မာမီဘက်သို့လှည့်ပြီး ခုနကပြုံးထားသော အပြုံးကို ပို၍တိုးမြှင့်ပြုံးပြီး ပြောသည်။

'ခဏစောင့်နော် မြ... စီအခုပဲ ပြန်လာခဲ့မယ်'

'ရတယ် စီ သွား...'

'ဆရာကြီးဦးရွှေအောင်ရေးတဲ့ ကုသိုလ် အကုသိုလ်ဆိုတဲ့ စာအုပ်ကို သိပ်သဘောကျတယ်ဗျာ၊ စာအုပ်ကလေးက လက်ဝါးလောက်ပဲရှိတာ။ ရေးထားတာကတော့ တကယ့်အဆီအနှစ်တွေချည်းပဲဗျာ'

'ကိုလှမိုး ဖတ်ပြီးပြီလား...'

'ဖတ်ပြီးပြီပေါ့ဗျ၊ ဒါပေမယ့် ခင်ဗျားကို ငှားမဖတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီစာအုပ်မျိုးက ဝယ်သိမ်းပြီး တစ်နေ့တစ်ခေါက်လောက် နေ့တိုင်းဖတ်သင့်တဲ့ စာအုပ်မို့လို့ပဲ'

ဒယ်ဒီကတော့ ကုသိုလ် အကုသိုလ်နှင့် အဆင်ပြေ၍နေသည်။ မာမီ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူ့ကိုကြိတ်၍ ဆူနေ၏။

'သားကလည်း သတိကလေးဘာလေး ထားဦးမှပေါ့၊ ဘာတွေဖြစ်နေတာလဲသား'

'မာမီကလည်း ကလေးတွေတောင်မှ သူတို့မကြားဘူးတဲ့မုန့်ကို စားမလားဆိုရင် အူကြောင်ကြောင် ဖြစ်တတ်ကြသေးတာ သားလဲ အဲဒီလိုမျိုးတော့ ဖြစ်တာပေါ့၊ ဟိုဝတုတ်က…'

'ဘာဆိုင်လို့လဲ အဲဒါ သူ့တူမ ဒီနေ့အတွက် နည်းနည်းပါးပါး ဝိုင်းကူဖို့ ခေါ်ထားတာ'

'အမလေး… တော်ပါသေးရဲ့ ကံကောင်းလို့'

အခုမှပင် ကိုဘ သက်ပြင်းချနိုင်၏။

'ဆရာကြီးက လူဟာ ကံကို မနေနဲ့ မနားတမ်းလုပ်နေရတယ်တဲ့၊ လုပ်တဲ့နေရာမှာလဲ ကံကို ၂ မျိုးပဲပြနိုင်တယ်တဲ့။ အဲဒီ ၂ မျိုးက အကုသိုလ်ကံရယ်၊ ကုသိုလ်ကံရယ်တဲ့။ သာမန်ပုထုဇဉ်တွေအဖို့မှာ ကုသိုလ်ကံဖြစ်ဖြစ် အကုသိုလ်ကံဖြစ်ဖြစ် တစ်ခုခုကို မပြုဘဲနေလို့ကို မရဘူးတဲ့'

'အေး… အဲဒါတော့ ရှင်းတယ်ကွ'

'အဲဒီထက်ရှင်းတာကတော့…'

'ဟော… သမီးလေးရောက်လာပြီ'

ဦးဆန်းတင့်၏ စကားကြောင့် အားလုံးလှမ်းကြည့်လိုက်ကြသည်။ ကိုဘအကြည့်သည် ကျမ်းကျင်လှသော ဓားပေါက်သမားတစ်ယောက် သူကိုင်နေကျပေါက်ဓားကို အားမာန်အပြည့်ဖြင့် ပေါက်ချလိုက်သလို ရည်ရွယ်





ခင် ၏ ခန္ဓာကိုယ်ပေါ်သို့ စိုက်ကျသွားသည်။

ထိုအကြည့်မျိုးကို မည်သူကမျှ မည်သို့မျှ ဆွဲမနုတ်နိုင်တော့။

'လှလိုက်တာ သမီးရယ်'

'အန်တီကလဲ…'

'အမလေး… မြရေ… အဲဒါကို သူ မလှလို့ မဆင်းချင်ပါဘူးဆိုလို့ မနည်းကို ဆွဲခေါ်လာခဲ့ရတာ မြရဲ့'

'မေမေနော်… သမီးပြောပြီးပြီနော်… ဒါပဲ မေမေနော်'

ရည်ရွယ်ခင်က နှုတ်ခမ်းကို စူ၍ထားသည်။ အမေနှစ်ယောက်က ရယ်နေကြသည်။ အဖေနှစ်ယောက်ကလည်း လိုက်၍ တိုးတိုးရယ်ပေးကြသည်။ ရည်ရွယ်ခင်၏ နှုတ်ခမ်းကလေး ပိုစူ၍သွား၏။ သြော်… လှတဲ့လူများ နှုတ်ခမ်းစူလည်း လှတာပဲလားဟု ကိုဘတွေးနေမိသည်။

'သမီး… မေမေ မိတ်ဆက်ပေးရဦးမယ်၊ ဟောဒီက ကိုကိုက ဦးလှမိုးနဲ့ ဒေါ်စောမြတို့ရဲ့ တစ်ဦးတည်းသောသား 'ကိုဘ' တဲ့'

'ကိုဘ… ဘယ်သူ'

'ဘယ်သူမှမဟုတ်ဘူး 'ကိုဘ' ပဲ၊ 'ဘ' တစ်လုံးတည်း'

'ဟင်… ဘယ်လိုကြီးလဲ'

'ဒီလိုသမီးရဲ့ သူ့ကိုမွေးပြီး တစ်နှစ်ကျော်လို့ စကားစမ်းတဲ့အချိန်ကျတော့ ဒီပြင်ကလေးတွေလို ဖေတို့ မေတို့ မခေါ်ဘဲ ဘ,ဘ လို့ဘဲ ခေါ်တယ်၊ အော်တယ်တဲ့၊ အဲဒါနဲ့ သူ့ကို ချစ်စနိုးနဲ့ 'ဘ' လို့ သူ့ကို တစ်အိမ်လုံးက ဝိုင်းခေါ်ရင်းနဲ့ ဘဖြစ်သွားတာ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်စိုးစကားဆုံးတော့ ရည်ရွယ်ခင်က နှာခေါင်းကိုရှုံ့၍ နှုတ်ခမ်းကိုတွန့်တာတွေ့တော့မှ ကိုဘသည် ထိုနာမည်ကြီးကို ပေးခဲ့သော သူ့ဒယ်ဒီနှင့် မာမီကို တစ်ခါတည်း မုန်းသွားလေတော့သည်။

'ကဲ... သားကအသက်ကြီးတော့ ကိုယ့်နမကလေးလိုပဲ ဆက်ဆံနော်၊ ဆုံးမစရာရှိလဲ ဆုံးမပေါ့ ဟုတ်လား'

'ဟုတ်ကဲ့... အန်တီစီ'

ကိုဘသည် သူကိုယ်တိုင်ဘာကြောင့်မုန်းမသိ ရွှင်မြူးနေကြောင်းကို ပြန်တွေးမိတိုင်း အမှတ်ရနေမိသည်။ သူသိပါသည်။ သူသည် ခင့်ကို တစ်ခါတည်း ချစ်သွားပြီ ဖြစ်သည်။ သူ့ဘဝမှာ ဒီလောက်ရုပ်ရည်သန့်ပြန့်ပြီး ချောမောလှပသည့် မိန်းကလေးမျိုး သူ့ဘာသာရှာလျှင် လုံးဝတွေ့နိုင်စရာမရှိပါ။

ဒီတော့မှပင် 'မိဘ ဂုဏ်ကျေးဇူး' ကို သူနားလည်သဘောပေါက်လာကာ ချက်ချင်းပင် ထိုင်ရှိခိုးချင်စိတ် ပေါက်လာသည်။

'ဆုံးမစရာရှိရင်မဟုတ်ဘူး ရှိကိုရှိတာ၊ ဆုံးမရမယ်။ ကဲ... လှမိုးကြဲတုန်း မင်းနဲ့ငါ chess တစ်ပွဲလောက် သွားထိုးကြရအောင်ကွာ၊ ဘယ်နဲ့လဲ chess ထိုးတာကတော့ အကုသိုလ်ကင်းတယ် မဟုတ်လား'

'ဘယ်ကင်းရမှာလဲဗျ၊ တစ်ယောက်နဲ့တစ်ယောက် နိုင်ချင်တဲ့ လောဘစိတ်ရှိနေမှတော့ ဘယ်ကင်းပါ့မလဲ။ လောဘဟာ အကုသိုလ်ပဲလေ၊ ဒါပေမဲ့ ပြောပလောက်အောင် ထိခိုက်တဲ့ အကုသိုလ်တော့ မဟုတ်ဘူးပေါ့ဗျာ၊ လာသွားစို့... '





အမေနှစ်ယောက်ထသွားကြတာကို အမေနှစ်ယောက်က တစ်ယောက်နှင့် တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြသည်။ ကိုဘ၏ စိတ်ထဲမှာ ဒီအမေနှစ်ယောက်ကို ရှိလည်းရှိစေချင်သည် ရှိလည်း ရှိမနေစေချင်ပါ။ ထိုစိတ်ကလေးသည် ခင့်အပေါ်မှာ မူတည်သော စိတ်ကလေးသာဖြစ်သည်။

ခင်က ကြည်ဖြူမည်ဆိုလျှင် ထိုအဖွားကြီးနှစ်ယောက်ကို ဒီနေရာမှာပင် ဖယောင်းတိုင်မီးကို မှုတ်ပြီးငြိမ်းသလို ငြိမ်းပစ်လိုက်မှာ သေချာသည်။

ခင်က ရန်မူမည်ဆိုလျှင်တော့ ထိုအဖွားကြီးနှစ်ယောက်ကို ဒိုင်းလိုကာကွယ်ပြီး မြို့စားတစ်ယောက်က ရှင်ဘုရင်ဆီက စစ်ကူတောင်းသလို တောင်းရပါဦးမည်။

သို့သော်... ခင်ကတော့ ခေါင်းကိုငုံ့၍ ထားပါသည်။

ခင့်စိတ်ထဲမှာရော သူ့လိုပဲ စိတ်လှုပ်ရှားနေမလားဟု သူတွေးနေမိသည်။ ခင့်ပုံစံက တည်ငြိမ်နေသော်လည်း ခင့်စိတ်ကတော့ တည်ငြိမ်နေလိမ့်မည်ဟု သူမထင်ပါ။ အကယ်၍ တည်ငြိမ်နေသည်ဆိုလျှင် ခင်သည် အတွေ့အကြုံရှိပြီးသား ဖြစ်ရမည်။ အင်းလေ... ဒီလောက်ချောတဲ့ မိန်းကလေးပဲ ချစ်တဲ့လူတော့ ရှိမှာပေါ့။ တက္ကသိုလ်မှာ တစ်ယောက်နှစ်ယောက်တော့ တွဲခဲ့မှာပေါ့။

'ကဲပါ... ဘယ်နှစ်ရတီလည်းတွေ ဘာတွေမေးမနေနဲ့ လိုက်ကြည့်လိုက်၊ ပွင့်ချောလေးတွေချည်းပဲ၊ လာသွားရအောင်၊ ကဲ... သမီး ဒီမှာခဏနေနှင့် မေမေ အန်တီမြကို ပစ္စည်းလိုက်ပြလိုက်ဦးမယ်။ ဟုတ်ပြီလား'

'မေမေကလည်း... ဒီယူလာပြီး ပြပါလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာပြတော့ သစ်ပင်က အစိမ်းရောင်၊ ရောင်ပြန်တွေနဲ့ ဘယ်ကာလာ မှန်ပါ့မလဲ သမီးရဲ့'

'ဒါဆို သမီးလည်း လိုက်ကြည့်မယ်လေ'

'ဒီမှာသမီး မေမေက ပွင့်လင်းတယ်ဆိုတာ သမီးသိတယ်နော်၊ သမီး ကိုဘနဲ့ စကားပြောဖို့ မေမေတို့ ရှောင်ပေးနေတာ ဟုတ်ပြီလား။ ကဲလာ... မြ သွားကြရအောင်...'

အမေနှစ်ယောက်ထွက်သွားတော့ ခင်သည် နှုတ်ခမ်းကလေးစူ၍ ကျန် ရစ်ခဲ့၏။ ကိုဘတို့နှစ်ယောက်၏ ကမ္ဘာသည် တိတ်ဆိတ်၍နေသည်။ ကိုဘ ခင်နှင့်နီးသောနေရာကို ရွေ့ထိုင်ပစ်လိုက်သည်။ ဘာကြောင့်မှန်းတော့မသိ ထိုနေ့က ကိုဘ အတော့်ကို ရဲရင့်လျက်ရှိ၏။

'ခင်က... ကျွန်တော်နဲ့ အတူထိုင်ရတာ စိတ်ကျဉ်းကြပ်လို့လား'

'ဟုတ်ါတယ်'

'ကျွန်တော် ကတိတစ်ခုပေးမယ် ခင် စိတ်ကျဉ်းကြပ်အောင် ဘာတစ်ခုမှ ကျွန်တော်မလုပ်ပါဘူးဆိုတာပဲ။ ကျွန်တော် ဘာစကားမှ မပြောတော့ဘူး'

'အို... မဟုတ်ဘူးလေ အဲဒီလိုဆိုတော့ ပိုဆိုးတာပေါ့၊ လူကြီးတွေက တမင်ရှောင်ပေးတာ သိသာလွန်းတယ်၊ သူတို့က စကားပြောစေချင်ဟန်တူ တယ်'

'ဟုတ်တယ်နော်'

'ဘာဟုတ်တာလဲ'

ခင်က ရှန်တွေ့သည်။ ဘာရယ်မှန်းမသိဘဲ သူတို့နှစ်ယောက် ပေါင်းပြီး





ရယ်ဖြစ်သွားကြသည်။ အခုမှပဲ ခုနကတုန်းက အန်တီဒေါ်ခင်စီနှင့် မာမီ တို့ ဘာမှမဟုတ်ပဲရယ်တာကို သဘောပေါက်၍သွား၏။

'လူကြီးတွေပြောတာ သိပြီးသားလားဟင်'

'အင်း... ရှင်ရော'

'သိပြီးသားပေါ့၊ ကျွန်တော်က ဒီနေ့ စေ့စပ်လက်စွပ် ဝတ်ပေးရမှာ လေ'

'ဟင်... ဒါနဲ့... ရှင်က လေ့လာဦးမှာဆို'

'ဟာ... လေ့လာရအောင် ခင်က ပင်လယ်ခရုလည်း မဟုတ်ဘူး၊ ကျားလည်းမဟုတ်ဘူး၊ ပိုလာဝက်ဝံမလေးလဲ မဟုတ်ဘူး။ အဲဒါတွေက အရင်တုန်းက ပြောခဲ့တာတွေပါ။ အခုတော့ မြင်မြင်ချင်းချစ်သွားလို့ လက်စွပ် ကို ဝတ်ပေးပါရစေ'

'မဟုတ်တာ... မလုပ်နဲ့... ဘာလုပ်တာလဲ... ဘာလုပ်တာလဲ... ဟော့ လူ ဘာလုပ်တာလဲ'

ကိုခန့်အလန့်တကြားအော်သံကြောင့် ဆရာဘ အသိဝင်လာသည်။

ဝင်လာသည့်အသိကမကောင်း၊ သူက ကိုခန့်၏လက်ကို ကိုင်ထား ခြင်း ဖြစ်သည်။ သူ့မှာ စိတ်ကူးနောက်ကို လူပါပြီး ယောင်တတ်လေ့ရှိသော အကျင့်ဆိုးတစ်ခုရှိ၏။ နှင့်နှင့်သီးသီး ခံစားရသည့် ခံစားမှုမျိုးနှင့် ကြုံလာလျှင် ထိုဝေဒနာက ပေါ်လာတတ်သည်။

အခုလည်း 'ခင့်' အကြောင်းပြောပြရင်း ထိုရောဂါဝင်လာပြီး ယောင် သွားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကန်တော့ပါဆရာရယ်၊ ကန်တော့ပါ ကိုယ်ပြောတဲ့စကားနောက် ကိုယ်တိုင်ပါပြီး ဆရာ့လက်ကို ကိုင်လိုက်မိတာပါ။ တောင်းပန်ပါတယ်ဆရာ'

'ရပါတယ်ဗျာ… ရပါတယ်… ပြီးတော့ ဘာတွေဆက်ဖြစ်သေးလဲဗျ'

ကိုခန့်က ရှေ့က စာရွက်ဖိသည့် ဖန်(လ်)တုန်းကလေးကို နေရာရွှေ့ရင်း လူမှုရေးအရ မေးမြန်းခြင်းဖြစ်ပါသည်။

'တစ်ပါတ်အတွင်း လက်ထပ်လိုက်ကြပါတယ် ဆရာ၊ ကျွန်တော်က ဆရာတို့လို ချစ်သူသက်တမ်းမရှိတဲ့ ဒဏ်တွေကို အခုခံနေရတာပါဆရာ'

'အိမ်ထောင်ရေးဆိုတာက ရည်းစားသက်တမ်းဆိုတာနဲ့ တိုက်ရိုက်အချိုးတော့ မကျဘူးပေါ့ဗျာ၊ တစ်ချို့ဆို သုံးနှစ်သုံးမိုးချစ်သူတွေ ဖြစ်ပြီးတော့မှ မယူဖြစ်တာတွေလည်း ရှိတာပါပဲ'

'ဟုတ်တယ်နော် ဆရာ… ဆရာနဲ့ ဆရာကတော်တို့ ချစ်သူ ဘယ်လောက်ဖြစ်ခဲ့ကြသလဲဆရာ'

ကိုဘ၏ မေးခွန်းသည် ပိုက်ကွန်ကြီးတစ်ခုလို သူ့ခန္ဓာကိုယ်ပေါ်သို့ အုပ်ကျလာသည်ဟု ကိုခန့် ခံစားလိုက်ရသည်။ အသက်ရှုရတာ အောက်ဆီဂျင် ရှားပါးသွားသလိုလည်း ရုတ်တရက် ခံစားလိုက်ရ၏။

လောကတွင် သူ့အလှည့်ကိုယ့်အလှည့် ဆိုတာ ရှိသည်။ ကိုယ်မဖြေချင်သော မေးခွန်းကို ကိုယ်မမေးသင့်ကြောင်း ကိုခန့် ကောင်းကောင်း သဘောပေါက်၍ သွားလေသည်။

ထိုအချိန်တွင် သူတို့ Company မှ ပြာတာ နိုင်လင်းခိုင် ရောက်လာသည်။ ပြာတာဆိုသောနာမည်နှင့်လိုက်အောင် နိုင်လင်းခိုင်သည် အလွန်





ပြာလေသည်။

'ဆရာဘ… ဆရာဘဆီ phone လာနေပါတယ်'

'phone…!!'

ကိုဘ ယောင်ပြီး ခါးကြားသို့ စမ်းမိလိုက်သေးသည်။ ပြီးတော့မှ သူ့ phone ပိတ်ထားတာကို သတိရပြီး…

'ကဲ… ဆရာ နောက်တော့မှ အေးအေးဆေးဆေး ပြောကြတာပေါ့ ဆရာ၊ ထမင်းစားခန်းမှာ ဆုံမယ်လေ'

'ကောင်းတယ် ကိုဘ၊ ထမင်းစားခန်းမှာ ဆုံကြတာပေါ့'

ကိုဘက ရှိရှိသေသေပင် သူ့ရှေ့က ထွက်သွားတော့မှ သူ့လည်မြိုက အလုံးကြီးကျ၍သွားသည်။

အမှန်တော့ သူရော ကိုဘရော နှစ်ယောက်စလုံးသည် အချစ်ကို ချစ်သူထံတွင်မရှာဘဲ အချစ်ကို ဇနီးမယားထံတွင် သွားရှာနေသော ခပ်ညံ့ညံ့ လူနှစ်ယောက်ဖြစ်သည်။

ဒီထက်ပိုပြီး မညှာမတာပြောရလျှင် ငတုံး၊ ငအ၊ ငကြောင်၊ ငပေ နှစ်ကောင်သာ ဖြစ်သည်။

ထို့ကြောင့် အချစ်ကို မိန်းမထံတွင် (သို့မဟုတ်) ဇနီးထံတွင် ရှာမိသူတို့ ခံရလေ့ရှိသော သံသယဖြစ်ခြင်း၊ မယုံသင်္ကာဖြစ်ခြင်း၊ ဘာမဆို အလွယ်တကူ အလိုလိုက်တတ်ခြင်း၊ လူကြီးလိုအမိန့်ပေးချင်ပြီး ကလေးလို အချော့ခံချင်ခြင်းတို့ဖြင့် လုံးလည်လိုက်တတ်သော ငတိတွေ ဖြစ်ကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဘကမှ သူ့ထက်သာသော အချက်တစ်ချက်ရှိသေးသည်။

ထိုအချက်မှာ မိဘများ ကြိုတင်သဘောတူထားသည်ဟူသော သေချာသည့် ရည်ရွယ်ချက်ပါသည်။ သဘောထားတစ်ရပ် ခိုင်မာစွာ ရှိထားခြင်းပင်ဖြစ်၏။

သူအိမ်ထောင်ကျခဲ့တာက ထိုသို့ ရည်ရွယ်ချက်ပင် ခိုင်ခိုင်မာမာမရှိဘဲ တော်တော်ကြီးချောသော မိန်းကလေးတစ်ယောက်ကို အိမ်ထောင်ပြုခွင့်ရသွားခြင်း ဖြစ်သည်။

သူသည်လည်း တော်တော်ချောသော ယောကျ်ားတစ်ယောက်ဆိုတာကို ကျောင်းတက်တုန်းကသော်လည်းကောင်း၊ အလုပ်ဝင်သောအခါ လည်းကောင်း မိန်းကလေးတိုင်းက အသိအမှတ်ပြုကြပါသည်။

ဒီလောက်ချောနေသည့် သူသည် ရည်းစားမရှိတာကို ပက်ဝန်းကျင်က အံ့သြနေပြီး ရည်းစားရမယ့်ရတော့ ချက်ချင်းကြီးရ၍ ကမန်းကတမ်းကြီးလက်ထပ်လိုက်ရတာကိုတော့ သူဘာသာသူပင် အံ့သြနေမိသည်။

သူ ဒီလိုရည်းစားရပြီး ဒီလိုအိမ်ထောင်ကျခဲ့၏။

●





## အခန်း (၃)

ထိုနေ့သည် သူ့အတွက် သာမန်နေ့တစ်နေ့သာ ဖြစ်ပါသည်။

Major ချိန်တစ်ချိန်တက်ပြီး အင်းယားကန်ဘောင်ပေါ်တက်ပြီး ရခိုင်မုန့်တီသောက်နေခဲ့၏။ သူသည် ဘာကြောင့်မှန်းမသိ ယောကျ်ားတန်မဲ့နှင့် ရခိုင်မုန့်တီကို တော်တော်ကလေး ကြိုက်တတ်ခဲ့သည်။ တစ်ခါတစ်ရံတွင် တစ်ပွဲနှင့် မဝသဖြင့် နှစ်ပွဲ သုံးပွဲတွေ ဘာတွေ ကစ်ပစ်ရသည့် နေ့တွေဘာတွေတောင် ရှိ၏။

ထိုအချိန်တွင် သူ့စားပွဲဝိုင်းသို့ အမောတကောရောက်လာသူက နိုင်ဦးဖြစ်သည်။

'ရှာလိုက်ရတာကွာ... မင်းက ဘယ်တွေလျှောက်သွားနေတာလဲ'

'ဗလိုင်းကြီးပါလားကွ၊ မင်းနဲ့ငါနဲ့က ချိန်းထားတာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘာသာ သွားချင်တဲ့နေရာကို သွားမှာပေါ့ကွ၊ မင်းနဲ့ ဘာဆိုင်လို့လဲ'

သူ့ခပ်ထန်ထန်စကားကို ကြားတော့မှ သကောင့်သားက သက်ပြင်းရှည်ကြီးကို ချရင်းက လက်ကိုင်ပဝါကိုထုတ်ပြီး မျက်နှာပေါ်က ချွေးတွေကို သုတ်သည်။

'sorry သူငယ်ချင်းရာ၊ ငါလည်း ဒီနေ့တစ်မနက်ခင်းလုံးကို ဘာတွေဖြစ်နေမှန်းကို မသိတော့ဘူး၊ ဒီလိုမျိုး သုံးရက်လောက်ဆက်ဖြစ်ရင် ငါ ဂေါက်သွားနိုင်တယ်ကွာ...'

'မင်းဘာဖြစ်လာလို့လဲ'

'နှင်းဆီဖူး ကိစ္စပေါ့ကွာ'

'နှင်းဆီဖူး...!! ဘယ်သူက ဝယ်နိုင်းလို့လဲ၊ ၈ မိုင်ဘက်မှာ နှင်းဆီခြံတွေ ရှိတယ်လေ။ မင်းက IC (Industrial Chamistry) က မဟုတ်လား၊ နှင်းဆီဖူးဆီက ဘာဒြပ်စင် ဒြပ်ပေါင်းတွေ ထုတ်ဦးမလို့လဲ ငါ့လူ'

နိုင်ဦးက သူ့ကို မျက်လုံးအပြူးသားဖြင့် ကြည့်၍နေသည်။

နိုင်ဦးသည် သူနှင့် တစ်မေဂျာတည်းက သူငယ်ချင်း၏ သူငယ်ချင်းဖြစ်ပြီး တစ်ဝိုင်းတည်းထိုင်ရင်းထိုင်ရင်းက တက္ကသိုလ်တို့၏ ထုံးစံအတိုင်း ဖက်လဲတကင်း သူငယ်ချင်းဖြစ်သွားရခြင်း ဖြစ်သွားကြခြင်း ဖြစ်သည်။ နိုင်ဦးက (I.C) ခေါ် ကုန်ထုတ်ဓာတုဗေဒမေဂျာမှ ဖြစ်သည်။ သူက Botany မှ ဖြစ်သည်။

'သေလိုက်ပါလား ကိုခန့်ရာ နှင်းဆီဖူးဆိုတာ လူကွ၊ လူ... လူ'

'ဘယ်လိုလဲကွ၊ မင်းပြောတော့ နှင်းဆီဖူးဆို၊ နှင်းဆီဖူးက ပန်းပင်က





ပွင့်မယ့် ပန်းဖူးပဲဟာ...'

'နှင်းဆီဖူးဆိုတာ လူနာမည်ပေါ့ ငတုံးရဲ့'

'မင်း ငါ့ကို ငတုံးလို့ မခေါ်နဲ့၊ မင်းဘာသာ စကားကို ရှင်းအောင် မပြောတာ။ နှင်းဆီဖူးဆိုတဲ့ ကောင်မလေးတစ်ယောက်အကြောင်းဆိုရင် ပြီးတဲ့ကိစ္စကို ငါတုံးတာမဟုတ်ဘူး မင်းအ,တာ'

ဒီတော့လည်း နိုင်ဦးဆိုသည့် ငတိမျက်နှာ ပျာပျာသလဲဖြစ်သွားပြီး အားတက်သရော တောင်းပန်ရှာသည်။

'ဟုတ်ပါတယ်ကွာ စိတ်မဆိုးပါနဲ့၊ ငါအ,တာပါ ငါ့အမှားပါ၊ ဒီနေ့တစ်နေ့လုံး ဘာဖြစ်နေမှန်းကို မသိဘူးလို့ ငါပြောထားသားပဲ၊ မင်း... နှင်းဆီဖူးဆိုတဲ့ ကောင်မလေးကို သိတယ်မဟုတ်လား'

'မသိဘူးကွ'

'သေလိုက်ပါတော့ကွာ၊ ဒီလောက် တစ်ကျောင်းလုံး ဟိုးဟိုးကျော်နေတာတောင်မှ မင်းက မသိဘူးလား၊ ရုပ်ရည် ကိုယ်လုံးကိုယ်ပေါက်က မင်း ငါတို့အကြိုက်ပေါ့ကွာ၊ ငါးရံ့ ကိုယ်လုံးကလေးကွ'

'ဒါဆိုရင် ဘယ်မိုက်မလဲ ငါးရံ့က ခေါင်းကကြီးကြီး အောက်ပိုင်းက ရှူးသွားတဲ့ဟာ၊ အပေါ်ကြီးအောက်ရှူး နှင်းဆီဖူးပေါ့'

'ဟာကွာ... မင်းတွေ့တော့ သိလိမ့်မယ်ကွာ၊ သိလိမ့်မယ်'

'ငါက ဘာဖြစ်လို့ တွေ့ရမှာလဲ'

နိုင်ဦးသည် သူ့အောက်နှုတ်ခမ်းကို လျှာဖြင့်လျက်သည်။ ပြီးတော့ အောက်နှုတ်ခမ်းကိုပင် အပေါ်သွားဖြင့် ဖိ၍ကိုက်ပြန်သည်။ ပြီးတော့ ထေပင်



www.burmeseclassic.com

www.burmeseclassic.com



ကို သုံးလေးချက် သပ်တင်သည်။

နိုင်ဦးသည်လည်း ရုပ်ရည်ချောသူမဟုတ်ပါ။ ဝတ်နိုင်စားနိုင်သူ တစ်ယောက်မို့ သူ့ကို စိတ်ဝင်စားနေသော မိန်းကလေးတွေ ရှိပါသည်။ သို့သော် ရုပ်ရည်ရှိသူတို့၏ ထုံးစံအတိုင်း ဟိုဟာလိုလို ဒီတစ်ယောက်လိုလိုနှင့် ချစ်သူရည်းစား မရနိုင်ခဲ့။

ထိုအချက်မှာ မိန်းကလေးများ၏ အားနည်းချက်လည်း ပါသည်။ ရုပ်ရည်အသင့်အတင့်ရှိသော မိန်းကလေးတွေက ရုပ်ရည်ရှိသော ယောကျ်ားလေးတစ်ယောက်ကို သူတို့အုပ်စုတော်လျှင် ဝိုင်း၍ စလေ နောက်လေ့ရှိကြသည်။ ထိုသို့စခြင်းသည် မိန်းကလေးများအတွက် ဘာအကျိုးမှ မရှိသော်လည်း ကိုရွှေယောကျ်ားတို့အတွက် သွေးနားထင်ရောက်တတ်ကြလေသည်။

ထိုကြောင့်ပင် ရုပ်ချောသော မိန်းကလေးများသည် အပူအကပ်ကောင်းသော လက်ရဲသည့် ရုပ်ဆိုးဆိုး ယောကျ်ားများနှင့် အိမ်ထောင်ကျတတ်လေ့ရှိတတ်ပြီး ရုပ်ရည်သန့်ပြန့်သော ယောကျ်ားလေးများမှာ ရုပ်ရည်ပုံမလာဘဲ သည်းခံစိတ်နှင့် ကရုဏာအားကြီးမားသော၊ အနေနာလိုက်ရေမှု အားကောင်းသော မိန်းကလေးများနှင့် အိမ်ထောင်ကျလေ့ရှိကြသည်။ (ဤမှာ စကားချပ်မျှသာဖြစ်သည်။ ဆက်ရေးလျှင် ကျမ်းစာတစ်စောင် ဖြစ်သွားနိုင်သည်။ ဆက်၍ သိချင်သူများ ဆရာစီစဉ်သူ မောင်မျိုး (ကြောင်နှစ်ကောင်စာပေ) မှတစ်ဆင့် ဆက်သွယ်နိုင်ပါသည်။)

'ငါအစကနေ စပြောပြမယ်ကွာ၊ နှင်းဆီဖူးက ချောတယ်ကွာ၊ မာန





လည်း ကြီးတယ်၊ အဲဒီတော့ ငါ သူ့ကိုချစ်တယ်'

'ဒါ... သဘာဝကျတာပဲ'

'ငါပြောတာကို မင်း ဝင်ဝင်မနှောက်နဲ့ကွာ'

'ငါမနှောက်ပါဘူး ဒါ မှတ်ချက်ပေးတာပါ။ ဗျိုင်းဟာ ငါးလေးတွေကို ကတွက်ဝကစောင့်တာ သဘာဝကျသလို၊ မိုးရာသီမှာ ငှက်ကလေးတွေ အသိုက်ဆောက်တာ သဘာဝကျသလို သဘာဝကျတယ်လို့ ပြောတာပါ။ သဘာဝမကျတာ အဲဒီအကြောင်းတွေ မင်းငါ့ကိုလာပြီးပြောနေတာပဲ နိုင်ဦး'

'ငါ့စကားကိုတော့ ဆုံးအောင်နားထောင်ပေးပါကွာ၊ ငါ့စကားဆုံးသွားရင် ငါ့စကားဟာ သဘာဝကျတယ်လို့ မင်းလက်ခံသွားပါလိမ့်မယ်။ ငါ့ကို ဒီအခွင့်အရေးလေးတော့ ပေးကွာ'

'ကဲ... ဒါဆိုပြောကွာ'

နိုင်ဦးသည် စိတ်တည်ငြိမ်အောင်ပဲလား။ ဘယ်နေရာကနေ စ,ရလျှင် ကောင်းမလဲဆိုတာကို စဉ်းစားနေတာပဲလားတော့မသိ။ ရှေ့က စားပွဲကို စိုက်ကြည့်နေတာ တော်တော်ကလေး ကြာသွားသည်။ ပြီးတော့မှ...

'ဖူးက တော်တော်နားလည်ရခက်တဲ့ မိန်းကလေးကွ၊ သူက သူလှတယ်ဆိုတာကို သူသိတယ်၊ နောက်တစ်ချက်က သူ့အလှနဲ့ ယောကျ်ားလေးတွေပေါ်မှာ ပဲမများဘူး၊ သူ့ကို အလွယ်တကူခင်လို့ရတယ်၊ 'ချစ်တယ်' လို့လည်း အခက်အခဲမရှိ ပြောလို့ရတယ်။ အေး... ဒါပေမယ့် သူ့အချစ်ကို ပြန်ရဖို့ကတော့ အရမ်းခက်တယ်၊ ဒီနေ့အထိ သူ့မှာ ရည်းစားတစ်ယောက်မှ မရှိသေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အေး… မင်းပြောတာလဲ ငါ မရှင်းဘူး'

'ငါ့ကိုယ်တွေ့က စ,ပြောမယ်ကွာ၊ သူနဲ့ သူငယ်ချင်းဖြစ်နေတဲ့ ကောင်မလေးတွေထဲမှာ ငါနဲ့ခင်တဲ့လူရှိတယ်။ ဒါနဲ့ ငါ့ကို အဖူးနဲ့ မိတ်ဆက်ပေးပါဆိုတော့ အဲဒီကောင်မလေးက မိတ်ဆက်ပေးတယ်။ သူက ရင်းရင်းနှီးနှီးပဲ၊ ယဉ်ယဉ်ကျေးကျေးပဲ လက်ဆွဲနှုတ်ဆက်ပြီး ခင်နိုင်ပါတယ်တဲ့၊ လမ်းတွေ့ရင်လည်း နှုတ်ဆက်နိုင်ပါတယ်တဲ့၊ ငါက အဲဒီစားစရာဝိုင်းကိုရှင်းတော့လည်း သူက လုရှင်းကာတို့ ဘာတို့ မလုပ်ပါဘူး၊ အေးအေးပဲ'

'အဲဒီအချက်ကိုတော့ ငါသဘောကျသွားပြီဟေ့၊ မိန်းကလေးတွေမှာ အဲဒီရောဂါဆိုးကြီးရှိတယ်ကွ၊ သူတို့စားတာကို ယောကျ်ားလေးကရှင်းလိုက်ရင်ပဲ သူတို့က အောက်ကျသွားသလိုလို၊ အထင်သေးခံလိုက်ရတာလိုလို၊ သူတို့ ဘက်ကပဲ နိမ့်ကျမှုကြီးဖြစ်သွားသလိုလိုနဲ့ ဘယ်လို အတွေးအခေါ်မှန်း မသိဘူးကွာ သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲ'

'သူနဲ့ငါ နှစ်ယောက်တည်းရှိအောင် ငါ့သူငယ်ချင်းက ဖန်တီးပေးပါတယ်၊ အဲဒီတော့ သူက အေးအေးပါပဲ၊ ငါ့ကို ကြောက်တာတို့ ရှက်တာတို့ မရှိဘူးကွ၊ နေကြာစေ့ကို ငါ့လက်ဖဝါးထဲ ထည့်ပေးထားတော့လည်း ယူယူပြီးစားတာပဲ။ တစ်ပတ်လောက်ကြာတော့ ငါက သူ့ကို ချစ်တယ်လို့ ပြောတော့ သူက ပြုံးပြီး ငါ့ကို ကဒ်ထူစာရွက်တစ်ရွက် ပြန်ပေးတယ်။ ကဒ်ထူစာရွက်လေးပေါ်မှာ ရေးထားတာက 64- တဲ့'

'ဘာလဲကွ 64 ဆိုတာ'

'ငါလည်းမသိလို့မေးတော့ ငါ့အလှည့်တဲ့၊ ဒီနှစ် သူ့ကို ချစ်တယ်လို့





ပြောတဲ့လူ ခြောက်ဆယ့်လေးယောက်ရှိပြီတဲ့၊ အမှတ်စဉ်ရောက်ရင် အဆောင်ကိုလာပြီး သူသိချင်တာကို မေးမယ်၊ 75% မှန်အောင် ဖြေနိုင်ရင် သူ့ချစ်သူပဲတဲ့'

'အေး… အဲဒါဆို ငါနဲ့ ပိုတော်မဆိုင်သေးတယ်၊ ဘာလဲ မင်းက ငါ… သူ့ဆီက တုံကင်ယူထားတယ်လို့ မင်းသတင်းရထားလို့လား၊ ရထားတယ်ဆိုရင် အဲဒီသတင်းက အမှားကြီးပဲ'

'ဟာ… မဟုတ်ဘူး၊ ငါမင်းကို အဲဒီလိုမထင်ပါဘူး၊ ငါက မင်းကို အကူအညီတောင်းမလို့ပါ။ ဒီနေ့ ငါ့အလှည့် 64 လေ၊ အဲဒါ မင်း ငါနဲ့ အဖော်လိုက်ခဲ့ပါကွာနော်… သူငယ်ချင်း'

သူတစ်ချက်စဉ်းစားရသည်။ ဒီကိစ္စက သူနှင့် ဘာမျှဆိုင်သော ကိစ္စမဟုတ်ပါ။ ဒါပေမယ့် ကောင်မလေးအကြောင်း ကြားရတာက ထူးခြား၍နေသည်။

အလွယ်တကူ ဆက်ဆံပေါင်းသင်း၍ရသည်။ ရည်းစားစကားပြောလျှင် တုံကင်နံပါတ်ပေးသည်တဲ့။ ပြီးတော့ အခုထိရည်းစားမရှိသေးဘူးဆိုတော့ သူ့မေးခွန်းတွေက ဘယ်လိုမေးခွန်းတွေလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းနေသည်။

'စဉ်းစားမနေပါနဲ့ သူငယ်ချင်းရာ၊ ငါနဲ့ အဖော်လိုက်ခဲ့ပါကွာ… နော်'

'သူက ဘယ်လိုမေးခွန်းတွေ မေးလေ့မေးထရှိလဲ'

'ရှေ့ကလူတွေကို မေးကြည့်တော့ မေးခွန်းတွေက လွယ်လွယ်ကလေးတွေပဲတဲ့ ဒါပေမယ့် ဖြေဖို့က သိပ်ခက်တယ်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အချိန်အကန့်အသတ်ရှိလား'

'မေးခွန်းတစ်ခုကို တစ်မိနစ်တဲ့'

'မေးခွန်းကို စဉ်းစားနေချိန်မှာ လှောင်တာ ပြောင်တာတွေရော ရှိလား'

'မရှိဘူး ပြုံးနေတာပဲတဲ့'

'လိုက်မယ်ကွာ... ငါလိုက်ခဲ့မယ်'

သူသည် နိုင်ဦးကို ကူညီချင်၍ လိုက်ခြင်းမဟုတ်ဘဲ နှင်းဆီဖူးကို စိတ်ဝင်စား၍ လိုက်ခြင်းဖြစ်ကြောင်းကို အဲဒီကတည်းက နိုင်ဦးဆိုသည့် ငတိ သိထားဖို့ကောင်းပါသည်။ သို့သော် နိုင်ဦးက မသိ။ နိုင်ဦးသာသိလျှင် သူ့ကို ခေါ်မည်မဟုတ်။ သူ့ကို မခေါ်လျှင် သူလည်း အခုလိုမျိုးဒုက္ခကို ခံစားရမည်မဟုတ်ဟု ဆက်ပြီးတွေးနေမိသည်။





ကိုယ်တစ်ခါမှ မရောက်ဘူးသော အိမ်တစ်အိမ်၏ ဧည့်ခန်းတွင် ထိုင်နေရသည်မှာ တော်တော် စိတ်ညစ်ဖို့ကောင်းပါသည်။ ဧည့်ခန်းက လိုအပ်သည်ထက်ပို၍ ခမ်းနားနေလျှင် ပို၍နေရထိုင်ရခက်စေပြီး ထိုဧည့်ခန်းတွင် ရည်ရည်မွန်မွန်ဖြင့် အလိုက်တသိ ဧည့်ခံမည့်သူမရှိလျှင် ပို၍ ဆိုးတတ်ပါသည်။

အခု ကိုခန့်တို့ရောက်နေသော ဧည့်ခန်းသည် ရိုးရိုးကလေးသာ ပြင်ဆင်ထားသော ဧည့်ခန်းကလေးတစ်ခုဖြစ်ပါသည်။ နှစ်ယောက်ထိုင် ဆိုဖာနှစ်ခုနှင့် တစ်ယောက်ထိုင် ဆိုဖာတစ်ခု၊ အလယ်တွင် စားပွဲတစ်လုံး၊ ထိုစားပွဲပေါ်တွင်ရှိသော ဖန်(လ်)ပန်းအိုးကလေးထဲမှာ နှင်းဆီပန်းက သုံးပွင့်ရှိနေပြီး အရောင်ကမတူပါ။

အနီရောင် အဖြူရောင်နှင့် အဝါရောင်တို့ဖြစ်သည်။ ဆိုဖာ၏နောက်မှီမှာ အရုပ်ကလေးတွေ ချည်၍ထားသည်။ ထိုကိစ္စတွေကို ကိုခန့်က ဝါသနာပါ၍



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်နေမိခြင်းမဟုတ်ပါ။ အိမ်ရှင်မလာသေးသော ဧည့်သည် တစ်ယောက်၏ ဖြစ်လေ့ဖြစ်ထရှိသော ကျီးကြည့်ကြောင်ကြည့်သာ ဖြစ်ပါသည်။

နိုင်ဦး ပြောထားသဖြင့် သိရသည်မှာ နှင်းဆီဖူးသည် ဒီလုံးချင်း တစ်ထပ်တိုက်ကလေးကို တစ်ဦးတည်းပိုင် ငှားထားပြီး သူသိပ်ခင်သော သူငယ်ချင်းနှစ်ယောက်နှင့် အတူနေသည်ဟု သိရသည်။

ထိုသို့နေရင်းက ထိုတိုက်အိမ်ကလေးကို ချစ်သွားပြီး အပိုင်ဝယ်ရန် ကြိုးစားလျက်ရှိကြောင်းကိုလည်း သိရသည်။

သူ နာရီကို ငုံ့ကြည့်တော့ သူတို့ရောက်တာ ဆယ်မိနစ်ရှိသွားပြီ ဖြစ်သည်။ မတော်တဆ ကြောင်းကျိုးတိုက်ဆိုင်၍ ထွက်မတွေ့နိုင်တာဆိုလျှင်တော့ ကိစ္စမရှိ၊ ပညာပေးတာတို့ ဘာတို့ဆိုလျှင်တော့ သူတို့ဘက်က လုံးဝသည်းမခံဟု ကိုခန့်က ဆုံးဖြတ်ထားသည်။

ကိုခန့်နှင့် နိုင်ဦးသည် တိုင်ပင်မထားပါဘဲ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြပဲ နေခဲ့ကြသည်။ သူတို့နှစ်ဦးစလုံးသည် မုန်တိုင်းကို စောင့်ကြိုနေကြသော မြက်ပင်ကလေးတွေနှင့်လည်း တူသည်။ တေးခတ်လက်ကို စောင့်မျှော်နေကြသော စောင်းကြိုးနှင့်လည်း တူသည်။ ပွင့်တော့မည့်ပန်းကို စောင့်မျှော်နေကြသော လိပ်ပြာနှင့်လည်း တူသည်။

နိုင်ဦး၏ စိတ်လှုပ်ရှားခြင်း၊ ရင်တဒိတ်ဒိတ်ခုန်ခြင်းတို့ကို အခြေအနေအရ လက်ခံနိုင်ပါသည်။ သို့သော်… ထိုနေရာမျိုးမှာ ဖော်မျိုးခန့်ဆိုသည့် ငတိတစ်ကောင်ကပါ ဝင်ရင်ခုန်နေတာကတော့ သဘာဝမကျဟု ဆိုနိုင်ပါသည်။ သူသည် အရံလူသာ ဖြစ်သည်။ အကူအညီပေးမည့်သူသာ ဖြစ်





သည်။ သူသည် ဝင်ရောက်ကပြရမည့်သူ မဟုတ်။ လက်ခုပ်တီးရမည့်သူသာ ဖြစ်သော်လည်း သူကိုယ်တိုင်က သူ့အတွက် ရင်ခုန်နေခြင်းကို အမှန်တရားဘက်ကကြည့်လျှင် အပြစ်ဟု ဆိုနိုင်သော်လည်း ရင်ခုန်သံနှင့် ပတ်သက်လျှင် ဥပဒေမှာ များစွာကျယ်ဝန်းခြင်းကြောင့် အပြစ်ဟု မဆိုသာပါချေ။

သူတို့ စောင့်နေကြတာ ဆယ့်ငါးမိနစ်နီးပါး ရှိ၍သွားပြီ။ ထိုသို့စောင့်ဆိုင်းနေရခြင်းသည် ဒေါသဖြစ်စရာလည်းကောင်းသလို ရင်ခုန်စရာလည်းကောင်းပါသည်။

လှုပ်ရှားမှု၊ ထိုထက် တိတိကျကျဆိုလျှင် နူးညံ့ညင်သာသော လှုပ်ရှားမှုတစ်ခုကြောင့် သူတို့နှစ်ယောက်စလုံး၏ အာရုံသည် ကြောင်လိမ်လှေကားကလေးဆီသို့ လှမ်းကြည့်လိုက်ရာ နိုင်ဦးတော့မသိ ကိုခန့်ရင်ထဲမှာတော့ နှလုံးသားသည် ‘လှုပ်’ခနဲ နိမ့်ဆင်းသွားသည်ဟု ခံစားရပါသည်။

နှင်းဆီဖူး။

ခေါင်းကလေးကို ငုံ့၍ တွဲလဲကျနေသော ဆံပင်တစ်ထွေးကြီးကို အဖြူရောင်သဘက်အပွကြီးနှင့် ညင်သာစွာ ပွတ်တိုက်ရင်း ကြောင်လိမ်လှေကားကွေ့ကလေးမှ ဆင်းလာရင်း သူတို့နှစ်ယောက်စလုံးအတွက် အပြုံးကို တစ်ခုတည်းသာ ပေးခဲ့သည်။

နိုင်ဦးဆိုသည့် ငတိက နှုတ်ခမ်းကို လက်ဖြင့်သပ်ခြင်း၊ ဆံပင်ကိုသပ်ခြင်း၊ ထိုင်နေသည့်ခန္ဓာကိုယ်ကို အနေအထားပြင်ခြင်း… စသည့် နေမထိထိုင်မသာဖြစ်သော အမူအယာများကို ပြသော်လည်း သူကတော့ တီရှပ်ပွပွကြီးနှင့် အိပ်ယာဝင်ဘောင်းဘီပွပွကြီးကိုပင် ဝတ်ထားသော်လည်း လှချင်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းလှနေသော နှင်းဆီဖူးကိုသာ ငေးကြည့်နေမိပါသည်။

နှင်းဆီဖူးကလည်း သူနှင့် မျက်ဝန်းချင်းဆိုင်ပြီး နှုတ်ခမ်းကလေး တစ်ချက်ကွေးရုံ လှစ်ခနဲ ပြုံးပြသွားပါသည်။

ထိုအပြုံးကတော့ မနေတတ်မထိုင်တတ်ဖြစ်နေသော နိုင်ဦးအတွက် မဟုတ်ဘဲ သူ့အတွက် သီးသန့်ဖြစ်ကြောင်း သူသိလိုက်ပါသည်။ နှင်းဆီဖူးကတော့ ပေါ့ပေါ့ပါးပါးပင် တစ်ယောက်ထိုင် ခုံကလေးမှာ ဝင်ထိုင်ပြီး ခြေထောက်တွေကိုချိတ်ရင်းက အပြုံးနှင့်ပင် စကားကို စပါသည်။

'ဒီနေ့မှ ရှည်ပြီး ခေါင်းသွားလျှော်မိတာလေ။ နောက်ကျသွားတာ sorry...'

'အာ... ရပါတယ်'

'ဖြေမယ့်သူက ဘယ်သူလဲဟင်!!'

နှင်းဆီဖူးက ထိုမေးခွန်းကိုတော့ နှစ်ယောက်စလုံးကို ဝေ့ကြည့်ရင်း မေးသွားခြင်းဖြစ်သည်။

'ကျ... ကျွန်တော်ပါ။ ကျွန်တော့်နာမည် နိုင်ဦးပါ'

'သြော်... ဖူး မှတ်မိပြီ၊ Eco ရှေ့က ကန့်တင်းမှာ စာလာပေးတုန်းက စာကိုလက်မခံဘဲ ကဒ်ပြားပေးခဲ့တာ သူ မဟုတ်လား'

'ဟုတ်ပါတယ် မနှင်းဆီ'

'ဟာ... ဟ... အဲဒီလိုမခေါ်နဲ့ ကြိုက်ဘူး၊ ခေါ်ချင်ရင် ဖူးလို့ပဲခေါ်။ နှင်းဆီဆိုတာက ပွင့်ပြီးသား ဟောဒီပန်းအိုးပေါ်က ပန်းပွင့်တွေကို ခေါ်တာ၊ နှင်းဆီဖူးဆိုတာက အဖူးကလေးဘဝပဲ ရှိသေးတာ၊ မပွင့်သေးဘူး။ ဒီတော့





နှင်းဆီလို့ အဖျားဆွတ်ခေါ်ရင် တို့နာမည်ကို ဖျက်ဆီးရာရောက်တယ်'

'ဟုတ်ကဲ့... ဖူးလို့ပဲ ခေါ်ပါ့မယ်'

'OK...'

ထိုအချိန်တွင် အအေးနှစ်ခွက်လာချ[illegible]၏။

'ကိုနိုင်ဦး သောက်ပါဦးရှင့်၊ သောက်ပါ'

ထိုစည်းခံစကားကပင် သူသည် အပိုလူအဖော်လိုက်လာသူဟု သူ့ကို ပို၍ သတိပေးသူနှင့် တူနေသည်။ နိုင်ဦးက မသောက်သေးပါ။ သူက ရှေ့မှာရှိသော အအေးခွက်ကို ကောက်ယူပြီး တစ်ဝက်လောက် မော့ပစ်လိုက်၏။ ခွက်ကို နှုတ်ခမ်းက ခွာတော့မှ သူ့ကိုပြုံးကြည့်နေသော 'ဖူး'ကို တွေ့ရတော့ ရင်တွေ 'လှပ်'ခနဲ ခုန်သွားပြန်သည်။

ထိုအချိန်တွင် ကောင်မလေးတစ်ယောက်က နွားနို့တစ်ခွက်ကို ဖူးရှေ့သို့ ချပေးရင်းက...

'ရေစင်အောင်သုတ်ဦးနော် မရွှေချော၊ တော်ကြာ ပွဲနေမှ ဟုတ်ပေ့ဖြစ်နေဦးမယ်'

'ရပါတယ်ကွ၊ ခေါင်းလျှော်ပြီးတိုင်း နွားနို့သောက်ရတယ်လေ။ အိမ်မှာဒီအတိုင်းဘဲ မေမေက အကျင့်လုပ်ထားတာ။ အဲဒါ မေမေ့ကွယ်ရာမှာလဲ ဒီလိုပဲဖြစ်နေတာ'

စကားဆုံးသည်နှင့် ဖူးက နွားနို့ကို တစ်ငုံငုံသည်။ ပြီးတော့မှ...

'ဖူး ဒီနေ့မေးမှာ ပေါ့ပေါ့ပါးပါးကလေးတွေပဲ မေးချင်တယ်။ ဖူးလည်း ဒီလိုလုပ်လုပ်ရတာကြီးတွေကို ငြီးငွေ့နေပြီ၊ ဒီမှာပြောကြဆိုကြဆိုတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လေးရတယ်ဆိုပြီး ဒီစနစ်ကိုရွေးရတာ၊ ကြာတော့လည်း စိတ်ညစ်ရတဲ့လူ တွေပါတယ်။ ကတိမတည်တဲ့ လူတွေပေါ့။ ဖူးမေးတာ မဖြေဘဲ သူတို့ ပြောချင်တာတွေ လျှောက်ပြောလိုပြော၊ တချို့ကြတော့လည်း ဖူးကို ဒါ မကောင်းတော့ဘူးလို့ ပြောတဲ့လူက ပြောနဲ့ တကယ့်ကို စိတ်ပျက်ဖို့ ကောင်းတာပဲ'

'ကျွန်တော်တို့ကတော့ အဲဒီလိုမထင်ပါဘူး ဖူး၊ ဒါ... ကောင်းသော ယှဉ်ပြိုင်ခြင်းပါ'

'ကျေးဇူးတင်ပါတယ်ရှင်... ကဲ... စလိုက်ကြရအောင်နော်'

ဖူးက သူ့ခုံနံဘေးက ဝက်ဝံရုပ်ကလေးကိုပိုက်၍ မျက်နှာကလေးကို မော့၍ မျက်လုံးကလေးကို ကလယ်ကလယ်လုပ်ရင်း အပြုံးနှင့်ပင် သူ့တိုက် စစ်ဆင်သော မေးခွန်းကို စသည်။

'အပြင်ပန်းလူတွေအမြင်မှာ ဘာမှ ရုပ်ပျက်ဆင်းပျက်မရှိဘူး၊ ပြောပြ ရင်လည်း ဘယ်သူကမှ မသနားဘူး၊ ဒါပေမယ့် ကာယကံရှင်ကတော့ မချိမဆန့်ခံစားနေရတဲ့ ဝေဒနာ ၂ မျိုးရဲ့အမည်'

မေးခွန်းသံဆုံးသည်နှင့် ဧည့်ခန်းသည် တိတ်၍သွားသည်။

'ကာယကံရှင်မှာသာ မချိမဆန့်ခံစားနေရပြီးတော့ ဘေးလူတွေက လုံးဝ ကိုယ်ချင်းစာမပေးနိုင်တဲ့ ဝေဒနာ ၂ မျိုးကွာ'

ကိုခန့် နိုင်ဦးဘက်သို့ လှည့်ကြည့်တော့ လျှာကို သပ်လိုက်၊ လက် ချောင်းအချင်းချင်း ဆုပ်နယ်နေလိုက်၊ ခေါင်းကဆံပင်ကို သပ်တင်လိုက်နှင့် ဂနာမငြိမ်ရှိမှုတစ်ပါး အခြားဘာမျှမရှိချေ။





'နောက်တစ်ခုပြောင်းလိုက်ရတော့မလား'

'နေဦး'

အပြုံးနှင့်မေးလာသော 'ဖူး' ကို ကိုခန့် ကမန်းကတမ်း တားရသည်။

'ကျွန်တော် ကြိုးစားဖြေကြည့်မယ် ရမလား'

'ရရင်ဖြေပေါ့ ရသားပဲ'

ကိုခန့်ဆိုလိုသည်က 'ဖူး' ကို ရဖို့ ဝင်ရောက်ဖြေဆိုခြင်းမဟုတ်ဘဲ နံဘေးကကြည့်နေရင်းက အရှုံးကိုမခံချင်၍ ဝင်ရောက်ပြီး ဘော်လန်ဒီယာ သဘောမျိုးနှင့် ဝင်ဖြေဖို့ ကြိုးစားခြင်းမျိုးသာ ဖြစ်သည်။ ဒါကို 'ဖူး' ကတော့ ဘယ်လိုနားလည်သွားသလဲ မသိပါ။

'သွားကိုက်တာနဲ့ အသည်းကွဲတာ'

'ဟာ... တယ်ဟုတ်ပါလား၊ ရှင်ဖြေတာမှန်တယ်။ ကောင်းပြီ ဒါဆိုရင် နောက်တစ်ခု လူ့ခန္ဓာကိုယ်ရဲ့ အင်္ဂါအစိတ်အပိုင်းတစ်ခုရဲ့ အမည်နဲ့တူတဲ့ နိုင်ငံ တစ်နိုင်ငံ'

ဧည့်ခန်းသည် တိတ်၍သွားပြန်သည်။

'ချက်နိုင်ငံ'

'ဟေး... မျက်လွှာချတာတဲ့အပင်'

'ထိကရုန်းပင်'

'ပန်းခြံလေးတွေထဲက ပန်းပွင့်တွေက ဘယ်သူ့ကို ဖိတ်ခေါ်တာလဲ'

'လိပ်ပြာတွေကိုပါ'

'ကန်ထဲမှာရှိနေတဲ့ ရေတွေက ဘယ်သူ့ကို ဖိတ်ခေါ်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရေမှော်ကလေးတွေကိုပါ'

'ခဏနေကြပါဦးဗျာ...'

နိုင်ဦး၏ ဒေါသတကြီး ဝင်ရောက်ဟန့်တားမှုကြောင့် မေးခွန်းနှင့် အဖြေ တက်ညီလက်ညီရွှေလျားနေသော သူတို့နှစ်ယောက်၏ နှလုံးသားများမှာ ကလေးလက်မှ လွတ်သွားပြီး ကောင်းကင်ယံကို ထိုးတက်နေသည့် မိုးပျံပူဖောင်းနှစ်လုံး ပေါက်ကွဲထွက်သွားသလို ခံစားလိုက်ရ၏။

'လာဖြေတဲ့လူက ကျွန်တော်ပါဗျ၊ ကျွန်တော်ပါ။ ဟောကောင်... ကိုခန့်မင်းနဲ့ ဘာမှမဆိုင်ဘူးကွာ မင်းက ငါ့ကို အဖော်လိုက်လာတယ်ဆိုတာ သတိထားစမ်းပါဦး'

'sorry... သူငယ်ချင်းရာ၊ ငါမှားသွားတယ်'

'ဟင်... မမှားပါဘူး။ ဘာဖြစ်လို့မှားရမှာလဲ။ ရှင့်နာမည် အပြည့်အစုံက...'

'ဇော်မျိုးခန့်ပါ'

'ကောင်းပြီ ကိုဇော်မျိုးခန့်ကိုလည်း ကျွန်မက နံပါတ်တစ်ခုပေးတယ် ဆိုပါတော့၊ ဒါပေမယ့် ကိုနိုင်ဦးမဖြေနိုင်တော့မှ ကိုဇော်မျိုးခန့်က ဖြေရမယ် ဟုတ်ပြီလား'

'ရပါတယ်'

ဖူး စကားဆုံးသည်နှင့် နိုင်ဦးက သူ့ကို ရန်သူကြည့်ကြည့်လေသည်။ မိန်းမလှတစ်ယောက်၏ စွမ်းပကားသည် အလွန်တစ်ရာကြောက်ဖို့ကောင်းသည်ဆိုတာ ကိုခန့် မျက်မြင်မို့ ယုံလိုက်ရသည်။





မိန်းမလှတစ်ယောက်သည် အရာများစွာကို ပေါင်းစည်းစေနိုင်သလို အရာများစွာကိုလည်း ကွဲကွာစေနိုင်ပါသည်။

'ကျွန်တော် တစ်ခုထပ်မေးချင်တယ်ဗျာ'

'မေးပါ'

'ကျွန်တော့်ကိုမေးတဲ့ မေးခွန်းရဲ့ အဖြေကို နှင်းဆီဖူးကရော သိရဲ့လား'

'သိတာပေါ့။ ကျွန်မမသိတဲ့ ကိစ္စတွေကိုပဲ ကျွန်မမေးတာပေါ့၊ တကယ်လို့ ရှင်တို့နှစ်ယောက်စလုံးက မဖြေနိုင်ရင် အဲဒီမေးခွန်းရဲ့ အဖြေကို ပြောပြရင်းနဲ့ ရှင်တို့ရဲ့ အမှတ်တွေကို နုတ်ပစ်မှာပေါ့'

'အခုအမှတ်က...'

'ပွဲက အသစ်ဖြစ်သွားလို့ ဘယ်သူမှ အမှတ်မရသေးဘူး။ မေးခွန်းတစ်ခုကို ၁ မိနစ်စဉ်းစားခွင့်ပြုမယ်၊ မေးတဲ့မေးခွန်းကို ဖြေတာမှန်နေရင် ဆက်ဖြေခွင့်ရှိတယ်။ ကဲ... စမယ်နော် ကိုနိုင်ဦး'

နိုင်ဦးက ထုံးစံအတိုင်း လျှာဖြင့် နှုတ်ခမ်းကို သပ်သည်။ အနေအထားပြင်သည်။ ဆံပင်ကို လက်ဖြင့်သပ်တင်သည်။ လက်ချောင်းအချင်းချင်း ချိုးသည်။ နိုင်ဦးပုံစံက တာတိုအပြေးသမားတစ်ယောက် ဒိုင်လူကြီး၏ သေနတ်ဖောက်သံကို ပြင်ဆင်ရင်း စောင့်နေပုံနှင့် တူသည်။

'တိရစ္ဆာန်ကလေးတွေဟာ လူလိုစကားလည်း ပြောနိုင်တယ်၊ ရယ်လည်းရယ်နိုင်တယ်၊ ငိုလည်းငိုနိုင်တယ်၊ အဲဒါ ဘယ်နေရာမှာလဲ'

'------------'

နိုင်ဦးထံမှ ဘာမှဖြေသံ ထွက်မလာ၊ ဖူးက သူ့အင်္ကျီအပ္ပြီးထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှတ်နာရီကိုထုတ်ပြီး စမှတ်နေသည်ကို သူအံ့သြဖွယ်ရာ တွေ့လိုက်ရ၏။ ဒီနာရီပါလာမှန်းကို အစက သူလုံးဝမသိခဲ့။

'တိရစ္ဆာန်တွေက လူလိုစကားပြောနိုင်တဲ့ နေရာရှင့်'

'-------------'

နိုင်ဦးမှာ ပို၍ ဂနာမငြိမ်ဖြစ်၍လာသည်။ ပြီးတော့ သူ့ဘက်ကို လှမ်းကြည့်သည်· သူက နှုတ်ခမ်းကလေးလှုပ်ရုံ အသာပြောပြသည်။

'ဟိတ်... စည်းကမ်းကို မဖောက်ပါနဲ့၊ စည်းကမ်းအတိုင်းမဟုတ်ရင် ကျွန်မအိမ်ထဲက ချက်ချင်းထွက်သွားရလိမ့်မယ်'

နိုင်ဦး ခေါင်းကို လေးငါးချက်ကုတ်သည်။

'ဟော... တစ်မိနစ်ပြည့်သွားပြီ၊ ဒုတိယလူ'

'ဝေါ(လ်)ဒစ်စနေရဲ့ ကာတွန်းရုပ်ရှင်ကားထဲမှာပါ'

'မှန်ကာယ်... ဒုတိယမေးခွန်းက ထွန်းအိန္ဒြာဗိုက ဘာနေ့သမီးလဲ၊ ပြီးတော့ သူ့နာမည်အရင်းက ဘယ်သူလဲ'

'ကြာသပတေးသမီး၊ နာမည်အရင်းက မမီမီနိုင်'

'မှန်တယ်၊ ကျွန်မတို့ နေ့စဉ်ရှိခိုးနေကြတဲ့ မြတ်စွာဘုရား၊ ဘုရား မဖြစ်ခင် နောက်ဆုံးဘဝ အလောင်းတော်နတ်သား ဘဝတုန်းက အမည်ကို သိချင်ပါတယ်'

ဒီတစ်ခါတော့ သူပင် တော်တော်စဉ်းစားရသည်။ သူသိသည် သို့သော် ဖူးပြောတာက ဝေ့ဝါးနေသည်။

'သိဒ္ဓတ္ထ ဘဝမတိုင်ခင်က ဘဝကိုပြောတာလား'





'ဟုတ်ပါတယ်၊ အလောင်းတော်နတ်သားရဲ့ အမည်ပါ'

**'သေတကေတု နတ်သား'**

'မှန်ပါတယ်... အဲဒီ သေတကေတုနတ်သားက ဘယ်တိုင်း၊ ဘယ်ပြည် ဘယ်ဘုရင်နဲ့ မိဘုရားထံမှာ သန္ဓေယူပါသလဲ'

**'သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ ဘုရင်သုဒ္ဓေါဒနရဲ့ အဂ္ဂမဟေသီ မာယာဒေဝီထံမှာပါ'**

'တယ်ဟုတ်ပါလား... ဆယ်တန်းကို ဂုဏ်ထူးဘဝနဲ့ဖြေပြီး အောင်လာတာနဲ့ တူတယ်'

'မဟုတ်ပါဘူး၊ ကျွန်တော့်ဦးလေးက **ဓမ္မာစရိယပါ'**

'ဟုတ်ပြီ မြတ်စွာဘုရားကို ဘယ်နေ့၊ ဘယ်နေရာမှာ ဖွားတော်မူပါ သလဲ'

**'မဟာသက္ကရာဇ် ၆၈ - ခုနှစ်က ကဆုန်လပြည့်နေ့မှာ ကပိလဝတ် နေပြည်တော်နဲ့ ဒေဝဒဟနေပြည်တော်ကြားမှာရှိတဲ့ လုမ္ဗိနီအင်ကြင်းတော မှာပါ'**

သူ့အဖြေဆုံးသည်နှင့် ဖူးက လက်ခုပ်လက်ဝါးတီး၍ ပျော်ရွှင်သွားပြီး သူထိုင်နေသော တစ်ယောက်ထိုင်ဆိုဖာလက်ရမ်းသို့ ဖွေ့ခနဲဝင်ထိုင်သည်။ နိုင်ဦးမျက်နှာကို သူအားနာနာနှင့် လှမ်းကြည့်တော့ မျက်နှာပျက်နေသည်ကို တွေ့ရ၏။ သူလည်း ဘာမှမတတ်နိုင်ပါ။

'ကဲ... ဖူး နောက်ဆုံးမေးခွန်းကိုမေးမယ်။ နှစ်ယောက်စလုံးဖြေနိုင်တယ် ဟုတ်ပြီလား။ မေးခွန်းက ပါရမီ ၁၀ ပါးက ဘာတွေလဲ ဆိုတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဦးက လက်ညှိုးထောင်သည်။

'ဟုတ်ကဲ့ရှင့် ပြောပါ'

'ဒါနပါရမီဗျာ'

'ဟုတ်ပါတယ်'

'သီလပါရမီဗျာ'

'အင်း... '

'ပြီးတော့... ဟိုဟာဗျာ၊ ဟိုပါရမီဗျာ... ခန္တီလား'

'ဟုတ်ပါတယ်... ခန္တီပါရမီပါ'

'ကျွတ်!!... ဟို...ခဏဗျာ၊ ဒါန၊ သီလ၊ ခန္တီ ပြီးတော့ မဂ္ဂပါရမီဗျာ'

'မဂ္ဂကပါရမီ မဟုတ်ပါဘူးရှင်'

'ဘာဝနာ ပါရမီဗျာ'

'ဘာဝနာဆိုတာ ပွားများတာပါ။ ပါရမီ မဟုတ်ပါဘူး'

'ကျွတ်!!... ဟိုဟာဗျာ'

'စဉ်းစားပါ အခုကစပြီး တစ်မိနစ်အချိန်ရပါတယ် ကိုနိုင်ဦး'

'ကျွတ်!!... ဟိုပါရမီဗျာ၊ ဟိုဟာလေ ယောတုပစ္စယောပါရမီ'

'ကိုနိုင်ဦးကလည်း'

ဖူးက နိုင်ဦးပုခုံးကိုရိုက်ရင်း အားရပါးရရယ်နေသဖြင့် နိုင်ဦးပင် ကြောင်ရှသွားသည်။ ဖူးသည် ကစားစရာအသစ်ရသွားသော ကလေးတစ်ယောက်လို လွတ်လွတ်လပ်လပ်ကြီးကို ပျော်နေသဖြင့် သူလည်း ထိုအပျော်ကူးဆက်ပြီး လိုက်ပြုံးမိသည်။





'ဘာဖြစ်လို့လဲ ဖူး'

'ယောတုပစ္စယောက နှစ်ဆယ့်လေးပစ္စည်းရဲ့ ပထမဦးဆုံးပစ္စည်းလေ ကိုနိုင်ဦးရဲ့ ကိုနိုင်ဦး ရောကုန်ပြီထင်တယ်'

နိုင်ဦးမျက်နှာ ရဲခနဲဖြစ်သွားသည်။

'ကဲ... ကြိုးစားပါဦး ကိုနိုင်ဦး'

'တော်ပြီဗျာ၊ ကျွန်တော်သိတာ အဲဒါ အကုန်ပဲ'

'ဟုတ်ပြီ... ကဲ... ကိုဇော်မျိုးခန့်'

သူ အသက်ကို ဝအောင်ရှူလိုက်သည်။ ပြီးတော့မှ ရင်ခုန်သံကို ခဏမေ့ထားလိုက်ပြီး ငယ်ငယ်တုန်းက အော်ခဲ့သော အသံကို ပြန်အာရုံပြုရသည်။

'ဒါနပါရမီ၊ သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ'

ဖူးက လက်ခုပ်တစ်ဖြောင်းဖြောင်းတီးလေသည်။

'ရှင် နေ့တိုင်း ပါရမီ ၁၀ ပါးကိုရွတ်သလား'

'ပါရမီဆိုတာ ရွတ်ဖို့မှမဟုတ်တာ။ ဖြည့်ဆည်းဖို့ ကြုံလာရင် ဖြည့်ကျင့်ဖို့ပါ။ ကျွန်တော်က ပါရမီ ၁၀ ပါးကို မကျက်ပါဘူး မှတ်ထားတာပါ။ အတိုကောက်မှတ်ထားတာ'

'ဘယ်လိုမှတ်တာလဲဟင်'

'လွယ်ပါတယ်။ ဒါ၊ သီ၊ နေ၊ ပ၊ ဝီ၊ ခံ၊ သ၊ အ၊ မေ၊ ဥပေက္ခာ လို့ မှတ်ထားတာ'



www.burmeseclassic.com

www.burmeseclassic.com



'တယ်ဟုတ်ပါလား ကဲ…ပွဲကပြီးသွားပါပြီ။ ကျွန်မ ကိုဇော်မျိုးခန့်ကို ရွေးလိုက်ပြီ။ ကိုဇော်မျိုးခန့် ရှင် ကျွန်မကို လက်ထပ်ရလိမ့်မယ်'

'ဗျာ…!! '

●





## အခန်း (၄)

ဒီ phone သည် ဘယ်က phone လည်းဆိုတာကို ဘ သိပါသည်။ ထို့ကြောင့် သူ့အခန်းကို လျှောက်လာသော လမ်းတစ်လျှောက်လုံး ပြောစရာစကားလုံးတွေက ရင်ထဲမှာ အပြည့်ဖြစ်၍နေသည်။ ရင်ထဲက စကားလုံးတွေက သူတို့ Company က ရှယ်ယာဝင်ထားသော ငါးမွေး ကန်ကြီးကို ငါးတွေဖော်တုန်းက ရေပေါ်ကို ငါးတွေဝုန်းခနဲ ဖွေးခနဲ ခုန်ခုန် တက်သလို သူ့နှလုံးသားထဲမှ သူ့နှုတ်ခမ်းပေါ်သို့ ခုန်ခုန်တက်နေကြသဖြင့် ကိုဘ တားဆီးနိုင်စွမ်းမရှိတော့သဖြင့် နှုတ်မှ စကားလုံးတွေ ထွက်ကျလာသည်။

'ငါ့ကို ဒီလိုဖုန်းကလေးဆက်ပြီး ချော့ရုံနဲ့တော့ ရမယ်မထင်နဲ့။ စားတာနဲ့ အိပ်တာလေးကိုတောင်မှ လိုက်နှောင့်ယှက်နေမှတော့ ဒီမိန်းမကို ငါ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး သည်းခံနိုင်တော့မှာလဲ။ ပျင်းကလည်းပျင်း ဖျင်းကလည်း ဖျင်း။ အေး… မင်းလုတယ်ဆိုတာ အိမ်ထောင်ကျပြီးရင် ကြက်သားဟင်းကောင်းကောင်း ချက်တတ်တာလောက် အသုံးမဝင်ဘူးဆိုတာ မင်းသိစေရမယ်။ ငါ့ကို ဒီphone ကလေးဆက်ပြီး တောင်းပန်တာလောက်နဲ့တော့ မရဘူးဆိုတာ မင်းသိစေရမယ်'

ဒေါသတကြီးလမ်းလျှောက်၊ ဒေါသတကြီး စကားတွေပြောသွားသောကိုခန့် အခန်းထဲမှထွက်လာသော ကိုဘကို လူတွေဝိုင်းကြည့်နေကြသည်။

'ကိုဘနဲ့ ဆရာခန့် အခန်းထဲကနေ ဒေါသတကြီးနဲ့ ထွက်လာတာဟဲ့၊ ဘာတွေဖြစ်ကြတာလဲ မသိဘူး'

'ဒေါသတကြီးနဲ့ ဘာတွေပြောသွားတာလဲ မသိဘူး'

'ငါကြားတာတော့ phone နဲ့တောင်းပန်လို့မရဘူးတဲ့၊ မင်းနဲ့ စိန်ခေါ်မယ်တဲ့။ ငွေတွေကွာကုန်တာလား၊ ရုယ်ယာတွေ ပျောက်တာလား တစ်ခုခုပဲ၊ ငါလည်း ကြားတော့ကြားတယ်'

'ဟဲ့… ဟဲ့ သေသေချာချာသိချင်ရင် နိုင်လင်းခိုင်ကိုခေါ်… ဩော်… အရေးထဲ ဒီပြာတာကလည်း ဘာတွေပြာပြီး ဘာတွေရှာနေလဲမသိဘူး။ ရှာကြစမ်းပါဦး။ သူဝင်သွားပြီး ဘယ်လောက်မှမကြာဘူး ကိုဘထွက်လာတာပဲ'

ဒေါသတကြီးနှင့် ဆရာဘ လမ်းလျှောက်ထွက်သွားသည့် နောက်မှာ ပြဿနာစကားတွေ အများကြီးကျန်ခဲ့သည်။

'အေး… ပြော'





'ရှင့် phone ကို ဘာဖြစ်လို့ ပိတ်ထားရတာလဲ'

'ဟ… ငါလူကြီးခေါ်လို့သွားတာ။ လူကြီးတွေနဲ့ တွေ့ရတာ ငါ့ phone ကိုဖွင့်ထားရင် မတော်လို့ လူကြီးက စကားပြောနေတုန်း phone သံကမြည်လာရင် ဘယ့်နှယ့်လုပ်မလဲ'

'Vibration ပဲထားပေါ့'

'Vibration ပဲထားလည်း phone လာမှန်းသိရင် ကိုင်ရမှာ မဟုတ်လား။ လူကြီးစကားပြောနေတုန်း ငါက phone ပြောနေလို့ရမလား'

'လူကြီးနဲ့ မဟုတ်ပါဘူး။ ရှင့်ကောင်မတွေနဲ့ ရှင်စကားပြောနေတာပါ'

'မင်းက… ငါ့က အဲဒီလိုထင်သလား။ ထင်ရင် ငါဝမ်းသာတာပေါ့။ ငါက မင်းကို စိတ်ဆင်းရဲစေချင်နေတာ'

'ဩော်… ဟုတ်လား၊ ရှင့်ကောင်မကိုသာ ရှင်ပြောလိုက်ပါ။ ကျွန်မက စိတ်မဆင်းရဲပါဘူးလို့။ ရှင့်လိုလူမျိုးကို တာဝန်ယူမယ်ဆိုရင် အလိုက်ပါပေးပါဦးမယ်လို့'

'မလုပ်နဲ့ ကောင်မလေးဝမ်းသာသွားပြီး တက်သေသွားလိမ့်မယ်'

'ဒါကျတော့ စိုးရိမ်သလား'

'ဒါပေါ့ ငါ့အနားမှာ တီတီတာတာဆိုလို့ ဒါကလေးတစ်ယောက်ပဲရှိတာ။ အိမ်မှာဆိုရင် ငါက ရေတောင် ကိုယ့်ဘာသာခပ်သောက်ရတာ။ ထမင်းချိုင့်ထည့်ပေးမယ့်လူလည်းမရှိ၊ အဝတ်လျှော်ပေးမယ့်လူလည်းမရှိ၊ တစ်ညလုံး စာရင်းတွေလုပ်လို့လဲ ကော်ဖီလေးဖျော်တိုက်မယ့်လူ တစ်ယောက်မှမရှိဘူး။ မင်းကိုငါယူခဲ့မိတာ ငါ့ကိုယ်ငါ ပြန်ပြီးသင်ခန်းစာပေးဖို့ ဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ မင်းဟာ တကယ်တော့ ဆိတ်တောင်မစားတဲ့ သစ်ပင်ပဲ၊ အဲဒါကို ငါလိုငတုံးက စားမိတာ၊ မိဘစကားနားထောင်ရတဲ့အထဲမှာ မင်းကိုယူမိတာ ဆုံးရှုံးမှုအကြီးဆုံးပဲ သိလားကွ'

'အမလေး ဒီတစ်ခါပဲ ရှင်နဲ့ကျွန်မ ခံစားချက်တူဖူးတယ်။ ရှင့်ထက်ကျုပ်က ပိုတောင်နာသေးတယ်။ ကျွန်မမိဘတွေရဲ့ ကတိကို အတတ်နိုင်ဆုံး တည်နိုင်အောင်သာ ထိုးဆပ်လိုက်ရတာ။ ရှင့်ဆီက ကျွန်မက 'လင်' ဆိုတာကလေးပဲ ရလိုက်တာလေ။ အဲဒီအပြင် ဘာများရသေးလို့လဲ။ ဘာများရော ရစရာရှိသေးလို့လဲ။ ရှင်ကမှ ခွေးတောင်ရှုရှုံးမပန်းတဲ့ ကားတာယာ အစုတ်ရှင့် သိရဲ့လား'

'မင်း... မယားဝတ္တရားငါးပါး သိလား'

'ရှင်ကရော လင့်ဝတ္တရားငါးပါးကို သိရဲ့လား'

'ထမင်းစားချိန်ရောက်ရင် လူများတွေ ထမင်းချိုင့်ကိုယ်စီနဲ့ ငါက လမ်းဘေးက ထမင်းဆိုင်မှာ ငုတ်တုတ်ထိုင်စားနေရတယ်။ မယားရှိတဲ့ အလကားလူဖြစ်နေတာ ဘယ်သူလဲ။ မင်း ငါ့ကို ဘယ်နှခါထမင်းချိုင့် ထည့်ပေးဖူးလဲ'

'ဩော်... ရှင်က ထမင်းချိုင့်ထည့်မပေးလို့ ကျွန်မကို ပြဿနာရှာနေတာလား။ ကောင်းပြီ မနက်ဖြန် ဆိုင်ကဝယ်ပြီး ထည့်ပေးလိုက်မယ်'

'ဟော့... ငါစားချင်တာ စေတနာကွ စေတနာ သိရဲ့လား'

'အဲဒါတော့ မသိဘူး။ စေတနာထမင်းဆိုင်က ၃၅ လမ်းမှာလား ၃၈ လမ်းလား'





'ဟော့... တော်ပြီ၊ တော်တော့ မင်း ငါ့ကို အဲဒီလောက် မရိုင်းစိုင်းနဲ့'

'ဘာရိုင်းစိုင်းတာပါလို့လဲ ရှင်စားချင်တဲ့ ထမင်းဆိုင်ကို ကျွန်မမှ မသိတာ'

ကိုဘ phone ကို ဝှပ်ခနဲမြည်အောင် ဒေါသနှင့် ချပစ်လိုက်၏။

မိန်းမတွေဟာ အလကားပဲ၊ တကယ့်အလကားပဲ၊ ဒါပေမယ့် ဒီအလကားတွေနဲ့ မပတ်သက်လို့ကလည်းမရ။ အခုပင် ပတ်သက်ရဦးမည်။

'မေဦးသက်'

ကိုဘကြုံးအော်သံကြောင့် အနီးနားရှိ လူတွေ တော်တော်လန့်သွားကြသည်။

'ဟဲ့... မေဦးသက်တဲ့ မေဦးသက်' ဆရာဘ၏ အော်သံကိုကြားရသူတွေအားလုံး အထိတ်တလန့်ဖြင့် မေဦးသက်ကို လက်ဆင့်ကမ်းကာ ခေါ်ပေးကြသည်။

မေဦးသက်လည်း မဝင်ရဲ။ အခန်းနားမရောက်မီ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေ၏။

'ဟဲ့... ဝင်သွားလိုက်လေ တော်တော်ကြာ ပိုဆိုးနေဦးမယ်'

'ခဏနေဦး'

လူအုပ်ထဲမှ တစ်ယောက်က မရဲတရဲနှင့် ဆရာဘအခန်း တရုတ်ကပ်မှန်ဘောင်နားကပ်၍ နားထောင်သည်။

'မိန်းမတွေ မိန်းမတွေတဲ့ ဒီမိန်းမတွေ ခက်တယ်တဲ့။ အဲဒါကို လမ်းလျှောက်ရင်း ပြောနေတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်ကမှားရင်လည်း တောင်းပန်လိုက်ပေါ့ဟာ'

'မသွားရင် ပိုဆိုးကုန်လိမ့်မယ်နော်။ ဆရာဘက တောင်းပန်ရင် ကျေနပ်တတ်ပါတယ်ဟ၊ တောင်းသာတောင်းပန်လိုက်။ သူက လူရိုးကြီးပါ။ သွားသွား သိပ်ကြောက်မနေနဲ့။ ငိုစရာရှိရင် ငိုပြလိုက်'

မဉီးသက်လည်း မရဲတရဲဖြင့် တံခါးကို အသာဖွင့်ဝင်သွားသည်။ အပြင်မှာ နားစွင့်နေသူတွေကအပြည့်။

'ကဲ... မရွှေချော လာပါ၊ ကြွပါ'

'ကျွန်မအမှားပါဆရာ... ကျွန်မအမှားပါ၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါဆရာ'

'နေစမ်းပါဦး၊ ငါက ဘာတွေပြောလို့ နင်က ဘာတွေမှန်တယ် ပြောနေရတာလဲ'

'ဘာပဲဖြစ်ဖြစ် ကျွန်မအမှားပါပဲ ဆရာ'

'တယ်... ဒီကောင်မလေးတော့ ခက်တော့တာပဲ၊ ငါက ဒေါသနဲ့ အော်ခေါ်တာ နင့်ကို ဒေါသဖြစ်လို့မဟုတ်ဘူး။ ဟိုတစ်ယောက်ကို ဒေါသဖြစ်လို့ ဒေါသက နင့်ကိုခေါ်တဲ့အသံမှာ အဖျားစွတ်သွားတာ'

'အဲဒါလည်း ကျွန်မအမှားပါပဲဆရာ'

'တော်တော်... တော်ကောင်မလေး၊ ငါမေးတာပဲ နင်ဖြေ'

'ဟုတ်ကဲ့ပါ ဆရာ'

'ငါ့မိန်းမ phone ဆက်တော့ နင်က ဘာတွေပြောလိုက်လဲ'

ကိုဘ မေးတော့မှ မဉီးသက်က မျက်ရည်သုတ်ရင်း ဖြေသည်။





'သမီးက ဆရာ့ဖုန်းမှန်းမသိဘူးဆရာ'

'အေးပါ... ထားတော့၊ နင်ဘာတွေပြောလိုက်လဲ၊ ဒါပဲသိချင်တာ'

ဒီတော့မှ အပြင်ကလူတွေ ရင်ဘတ်ကို ဖိကြရသည်။

'သူက နင်တို့ဆရာဘရောတဲ့ phone က ၂ ခါမြည်တာဆရာ၊ ပထမမြည်တုန်းက နိုင်လင်းခိုင်ရှိတယ်ထင်ပြီး သမီးက သွားမကိုင်မိတာ။ ဒုတိယတစ်ခါမြည်တော့မှ ကြည့်တော့ ဘယ်သူမှမရှိတာနဲ့ သမီးသွားကိုင်တာ'

'ဒီလိုကိုး... ဆက်ပြော'

'နင်နဲ့ သူနဲ့က တစ်ခန်းတည်းလားတဲ့ မေးတယ်ဆရာ၊ သမီးက ဌာနစိတ်တစ်ခုတည်းပါလို့ဖြေတော့ တော်တော်ပြေလည်နေလားတဲ့'

'အင်း... '

'သမီးကလည်း ပြေလည်တယ်လို့ပဲ ဖြေလိုက်တယ်ဆရာ။ ပြီးတော့ အခု နင့်ဆရာကို phone ပေးလိုက်တဲ့။ ဆရာမရှိဘူးဆိုတော့ အေးပေါ့လေတဲ့ တယ်လီ phone ဆိုတာက အသံပဲကြားရပြီး ရုပ်မမြင်ရတော့ လိမ်ချင်တိုင်းလိမ်ပေါ့တဲ့။ ပြီး နင့်ဘေးမှာရပ်နေတဲ့ နင့်ဆရာကို နင်က လိုက်ရှာချင်ယောင်ဆောင်ပြီး အချိန်နည်းနည်းဆွဲပြီးတော့မှ ငါ့ကို phone ပေး ဟုတ်ပြီလားတဲ့ ဆရာ။ အဲဒါနဲ့ ကျွန်မ ဆရာ့ကိုလည်း ရှာမတွေ့၊ နိုင်လင်းခိုင်ကိုလည်း မတွေ့နဲ့ တော်တော်ကြာသွားမှ နိုင်လင်းခိုင်ကိုတွေ့လို့ ပြောပြတော့ သူလာခေါ်တာပဲဆရာ'

'ကောင်းပြီ... မင်းမှာ ဘာအပြစ်မှမရှိဘူး။ မင်းအလုပ်မင်းပြန်လုပ်တော့၊



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ခြင်း တောင်းပန်ရင် ငါကတောင်းပန်ရမှာ'

'ဟာ… ဆရာကလည်း မဟုတ်တာ'

'သွားတော့… ဟိုကောင်ကိုတွေ့ရင် လွှတ်လိုက်'

'ဟုတ်ကဲ့ဆရာ'

ဆရာဘသည် မောမောနှင့် သူ့ခုံတွင် ဝင်ထိုင်လိုက်သည်။

သူသည် သူ့မိန်းမကို ချစ်ပါသည်။ ချစ်တာမှ တော်တော်ကလေးကို ချစ်သည်ဆိုတာ သူ့ကိုယ်သူသိသည်။ ဒါပေမယ့် ချစ်ရတာ တစ်ခုခုလိုနေသလိုခံစားရ၏။ အခုလို နေထိုင်သွားလာ၊ စားသောက်၊ ပျော်ရွှင်ကြည်နူး၊ ဒေါသဖြစ်၊ ပြန်တည့်လုပ်နေရခြင်းတို့တွင် တစ်ခုခုပါမလာမှန်း သူသိသည်။

သို့သော် ထိုတစ်ခုသည် 'ဘာ' ဆိုတာကိုတော့ သူမသိ။

သူတို့မှာ စီးပွားရေးကလည်း ဖူလုံသည်။ ငွေရေးကြေးရေးကလည်း လုံလောက်သည်။ နေရာထိုင်ခင်းကလည်း ကိုယ်ပိုင်ခြံ၊ တိုက်၊ ကားနှင့်။ သို့သော် ထိုအရာတွေအားလုံးထဲမှာလည်း လိုနေသော တစ်ခုခုကပါမလာ။

ဥပမာ… ဘာနှင့်တူသလဲဆိုလျှင် ဟင်းတွေအလျှံပယ်ရှိပါလျက်နှင့် ထမင်းစားမကောင်းသလို ဖြစ်၍နေသည်။ ဟုတ်သည်။ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ပြင်းကန်သော အာသာရမ္မက်မရှိကြ၊ ရှိကြသည်ဆိုလျှင်လည်း ထုတ်မပြကြ။ ထိန်းသိမ်းထားကြသည်။

'ဟုတ်တယ် ခင်… မင်းနဲ့ ငါ့ကြားမှာ ပြင်းထန်တဲ့ အာသာရမ္မက်မရှိဘူး၊ တွယ်ငြိနေတဲ့ ရှန်းမရအောင် စေးကပ်တဲ့၊ တစ်ယောက်နဲ့တစ်ယောက် တမ်းတတတ်စေတဲ့ ရမ္မက် အဲဒီရမ္မက်ကြီးမရှိ'





'ဆရာ… ခေါ်တယ်ဆိုလို့ဆရာ'

တစ်ယောက်တည်း စကားတွေပြောနေတာ ကိုဘ တော်တော်ကလေး ရှက်၍သွား၏။ နိုင်လင်းခိုင်ကို တစ်ချက်ကြည့်ရင်း…

'ဟေ့ကောင် ငပျင်း… အခန်းထဲကိုဝင်မယ်ဆိုရင် ခွင့်အရင်တောင်းရမယ်လို့ ငါမင်းကို ဘယ်နှခါပြောရမလဲ'

'ဟာ… sorry Sar: abbidon ပါ Sar: '

'ဟာ… ဟေ့ကောင် abbidon ဆိုတာက ထွက်ခွာတာကွ၊ ခွင့်လွှတ်ပါဆိုရင် pardon လို့ခေါ်တယ်။ မင်းက အမြဲတမ်း သောက်တလွဲတွေချည်း လျှောက်ပြောနေတာပဲ'

'ခက်တာက ဆရာ၊ English စာဆိုတာက အမြဲပြောနေမှကိုး ဆရာရဲ့၊ ဒီရုံးကလူတွေက ဆရာတို့လို ပြောလို့မရတော့ ကျွန်တော့်မှာ လေ့ကျင့်ဘက်မရှိဘူးဖြစ်နေတာ ဆရာ၊ အားမယ်ဆိုရင် ကျွန်တော်နဲ့ one day ကို one hour လောက်… '

'တော်ပြီကိုယ့်ဆရာ၊ မင်းကို ငါမေးချင်တာ မင်းဒီအခန်းထဲမှာမနေဘဲ ဘာဖြစ်လို့ လျှောက်သွားနေတာလဲ၊ မင်းလျှောက်သွားနေတော့ phone ကို လူများကဝင်ကိုင်လို့ အခု ငါ့မှာ ပြဿနာတက်ရပြီ။ ကဲ… မင်းဘာ အသုံးကျသလဲ'

သူ့စကားဆုံးသည်နှင့် နိုင်လင်းခိုင်က သူ့ကို မျက်လုံးကြီးပြူး၍ ကြည့်လေသည်။ ထိုမျက်လုံးပြူးကြီးထဲမှာ နားမလည်နိုင်ခြင်းတွေ အပြည့်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



'I don't under stantard, What are you talking about me'

'ဟေ့ကောင် မင်းသောက်ဘိုလိုတွေ ထားစမ်းကွာ၊ ငါမေးတာကို ဖြေစမ်း'

'ခုနက ကျွန်တော်ပြောတာတွေ မှန်တယ်မဟုတ်လားဆရာ၊ ကျွန်တော် ကျက်ထားတာကြာပြီ ဆရာ၊ အကွက်ဝင်တုန်းကလေး ပြောလိုက်ရတာ ဆရာ'

'ဟာ… နိုင်လင်းခိုင်ရာ မင်းငါ့ကို မသေသေအောင် သတ်နေတာ လားကွာ။ မင်းဘယ်ကိုသွားနေလဲ အဲဒါပဲ ငါသိချင်တာ'

'ဆရာကလည်း ဆရာပဲ၊ မနက်ဖြန် စနေနေ့ ရုံးမှာသန့်ရှင်းရေးရှိလို့ ရုံးမတက်မနေရ တက်ရမယ်ဆိုတာကို Every body တိုင်းသိရှိကြောင်း sign ထိုးခိုင်းလို့ sign လိုက်ထိုးနေရတာလေ ဆရာရဲ့၊ Are you re- member my speed'

ဂျပန်တွေစစ်ရှုံးတော့ ကိုယ့်ကိုကိုယ် သတ်သေတာ ဘာဆန်းသနည်း။ အပြစ်ရှာကိုယ်မှာတွေ့ဆိုသော စကားကို ဘယ်သူက စပြောခဲ့သနည်း။ ကိုဘသည် လောကကြီးကို ကြောက်သွားသည်။

တစ်လောကလုံးတွင်ရှိသော မဟုတ်တမ်းတရားများသည် သူ့ တစ် ယောက်တည်းဆီသို့သာ စုပုံ၍လာနေကြပြန် တူသည်။ သူ အခုနေ ထရမ်းလျှင်လည်း မိန်းမက ထမင်းချိုင့်ထည့်မပေးလိုက်လို့ဆိုသော ခေါင်း စဉ်အောက်မှာဆိုတော့ သူ့အတွက် သိပ်မကောင်းလှ၊ ထိုစဉ် phone သံ မြည်လာလေသည်။





ရုတ်တရက်မို့ ကိုဘ ရင်တွေဘာတွေ တုန်သွား၏။

"phone is com in Sar"

'ဟေ့ကောင် မင်းတလွဲတွေ လျှောက်ပြောမနေနဲ့၊ မင်းကိုင်လိုက်'

ခင့်ဆီက phone ဆိုရင် တွေ့ကြပြီပေါ့ဟု ဆရာဘ တွေးနေမိသည်။

'ဆရာ G.M ဆရာ'

'ဆရာပြောပါ၊ ဟုတ်ကဲ့ ကျွန်တော်အခုထွက်ခဲ့ပြီဆရာ၊ ဟေ့ကောင် မင်းဒီအခန်းထဲကနေ မထွက်နဲ့၊ ငါ့မိန်းမဆီက phone လာရင် လူကြီးတွေ နဲ့ ထမင်းစားလိုက်သွားတယ်ပြော သိလား'

'I see Sar'

'မင်းဘာမင်း စီးချင်ရာစီး ငါ့အခန်းထဲက မထွက်ရင်ပြီးရော'

'မထွက်ဘူးဆရာ၊ ကျွန်တော် ရှင်ဥတ္တမ ရေးတဲ့စာအုပ်ကို ဖတ်နေမယ် ဆရာ'

'တလွဲကောင်ရဲ့ ရှင်ဥက္ကဋ္ဌပါဟ၊ အင်း… ငါလည်းမင်းအတွက် ရင်လေးတယ် နိုင်လင်းခိုင်ရေ'

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ထမင်းစားခန်းထဲရောက်တော့ ဆရာဇော်မျိုးခန့်က သူ့ဒအရင်ရောက်နှင့်နေသည်ကို အံ့သြစွာ တွေ့ရသည်။

ဆားဘီကိုကြည့်တော့ သူ့ထံမှာလည်း ထမင်းချိုင့်ကမပါ။ ဒီအကြောင်းကို သွားမေးလျှင်လည်း ဓာတ်သိချင်း တမင်တကာရစ်နေသည်ဟု အထင်ခံရမှာကို ဆရာဘ စိုးရိမ်ရသေးသည်။ ဒါပေမယ့် ဆရာက ထမင်းထည့်မခိုင်း၍ သူ့ဇနီးက ထည့်မပေးလိုက်တာဟုပင် သဘောထားပြီး စကားတစ်ခွန်းလောက်တော့ စလိုက်မည်ဟု စိတ်ကူးလိုက်ပါသည်။

'ဆရာက မိန်းမကို အရမ်းချစ်ပုံရတယ်နော်။ ထမင်းချိုင့်လေးတောင် ထည့်မခိုင်းရက်ဘူး မဟုတ်လား'

ကိုဘ စကားဆုံးတော့ ကိုခန့် ပါးစပ်ကြီးပြဲ၍သွားသည်။





ကိုခန့်ဖြစ်ခဲ့ပုံက ကိုဘ ထင်သလိုမဟုတ်ပါ။

သူက သူ့ဇနီး ဖူးကို ထိုသို့ပြောခဲ့ပါသည်။

'ဖူးရယ် ကိုယ်ဖူးချက်တဲ့ ထမင်းနဲ့ ဟင်းကလေးကိုတော့ တစ်ကြိမ်တစ်ခါလောက် အရသာရှိရှိကလေး စားချင်တယ် ချက်ပေးပါနော်'

ကိုခန့်စကားဆုံးသည်နှင့် စပျစ်သီးကိုနှိုက်ပြီး လိမ္မော်သီးကို ကိုက်နေသော ဖူးသည် ဒေါသတကြီးဖြင့် ကိုခန့်ကိုကြည့်လေသည်။

ပြီးတော့... ဒေါသတကြီး မျက်နှာထားကြီးနှင့် ပြောလေသည်။

'ဒီမှာ ကိုခန့်၊ ယောက်ျားတစ်ယောက်ကို မိန်းကလေးတစ်ယောက်ကယူတာ ထမင်းဟင်းချက်ကျွေးဖို့လား'

'ဟုတ်တယ်လေကွာ မင်းကလဲ'

'ကောင်းပြီ...ဒါဆိုရင် ယောက်ျားလေးတိုင်းကို သူတို့မိန်းမတွေက ထမင်းဟင်းနေ့တိုင်းချက်ကျွေးနေရင် ရန်ကုန်တစ်မြို့လုံး၊ မန္တလေးတစ်မြို့လုံး အို...တစ်နိုင်ငံလုံးက စားသောက်ဆိုင်တွေ မွဲပြီးပိတ်ပစ်ရတော့မှာပေါ့'

'အဲဒီလိုလည်း မဟုတ်သေးဘူးလေကွာ'

ကိုခန့်က လေပျော့ကလေးဖြင့်ပြောသည်။

'ဟုတ်တယ် ...ဟုတ်ကိုဟုတ်တယ်၊ ဒီမှာ...ကျွန်မက ရှင့်ကို ချစ်လို့အိမ်ထောင်ပြုထားတယ်၊ ရှင်အလုပ်သွားခါနီးမှာ အာဗွားကြီးပေးမယ်၊ ရှင့်လက်မောင်းကိုကိုင်ပြီး လမ်းလျှောက်ထွက်မယ်။ ဒါပေမယ့် ရှင့်ကို ထမင်းဟင်းချက်ကျွေးဖို့တော့ အစီအစဉ်မရှိဘူး'

'မင်း မတော်တရော်တွေ မပြောနဲ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



ကိုခန့်စကားဆုံးတော့ ဖူးကပြုံးသည်။

'ရှင်ကျွန်မကို ရည်းစားစကားပြောတော့ 'ချစ်တယ်' လို့ပဲ ပြောတာ မဟုတ်လား'

'ဟုတ်တယ်လေ… ကိုယ်မင်းကို ချစ်လို့ချစ်တယ်ပြောတာပဲ'

'အဲဒီစကားမှာ ထမင်းနေ့စဉ်ချက်ကျွေးရမယ်လို့ ပါသလား'

ဖူး၏စကားကြောင့် ကိုခန့် ခဏတော့ကြောင်သွားသည်။

ပြီးတော့မှ… လေပြေစကားလေးနှင့် ပြောရသည်။

'အေးလေ ကိုယ်က မင်းကို 'ချစ်ပါတယ်' လို့ပြောလို့ မင်းကလည်း ပြန်ချစ်ပြီဆိုရင် အိမ်ထောင့်တာဝန်မှာ ဒီကိစ္စတွေက ပါပြီးသားပဲ မဟုတ်လား'

'NO…'

'ဘာဖြစ်လို့လဲကွာ'

'ရှင့်ကိုလည်း ကျွန်မက ချစ်တယ်လို့ အဖြေပေးခဲ့ပါတယ်။ ဒါဆိုရင် ရှင် ကျွန်မ အင်္ကျီတွေကို လျှော်ပေးမလား'

ကိုခန့်သည် ဘာမျှပြန်ပြောမနေတော့ဘဲ သူ့လက်ဆွဲသေတ္တာကလေးကို ဆွဲပြီး ကားပေါ်သို့တက်၍ ရုံးသို့ထွက်ခဲ့ရသည်။

ထိုကိစ္စတွေကိုတော့ ကိုခန့်က ကိုဘတို့ သူ့လုပ်ဖော်ကိုင်ဖက်တို့ကို ပြောမပြ တော့ပါ။ သူ့ရင်ထဲတွင် အလုံခြုံဆုံး မီးခံသေတ္တာသော့နှင့် ခတ်၍ထားလိုက်၏။

ထိုပြန်တွေးရသော အတွေးများကြောင့် ကိုခန့်သည် ကိုဘကိုရော





ကန်တင်းကိုရော တစ်လောကလုံးကို မေ့နေ၏။

ထို့ကြောင့် ကိုဘက ပုခုံးကိုပုတ်၍ မေးသည်။

'ကိုခန့်… ခင်ဗျားထမင်းချိုင့်က ပျောက်သွားလို့ ဒီလောက်စဉ်းစားနေတာလား'

'ဗျာ…'

'ထမင်းချိုင့်ပျောက်လို့လား'

ဒီတော့မှ ကိုခန့် ပစ္စုပ္ပန်လောကကြီးနှင့် ပြန်အဆက်သွယ်ရသည်။

'ထမင်းချိုင့်လား… ဟုတ်တယ်။ ပျောက်သွားတယ်'

'ဟာ… ဘယ်မှာပျောက်တာလဲ'

ကိုခန့်က သက်ပြင်းကိုချသည်။

ပြီးတော့မှ ရိုးရိုးကြီးပြောလိုက်၏။

'ကျုပ်ထမင်းချိုင့်က ကျုပ်ရင်ဘတ်ထဲမှာ ပျောက်သွားတာ'

'ဗျာ…'

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

နောက်တစ်နေ့တွင် ကိုဘတို့ ရုံးတက်ခါနီးတွင် ရုံးရှေ့သို့ ဆိုင်ကယ်တစ်စီး ထိုးရပ်ပြီး ဆိုင်ကယ်ခေါင်းစွပ်ကို ချွတ်လိုက်သောအခါ ထိုလူမှာ ဇော်မျိုးခန့်၏ ညီဖြစ်သူ နန္ဒ ဖြစ်နေသည်ကို တွေ့ရလေသည်။

နန္ဒ၏ ဆိုင်ကယ်နောက်တွင်လည်း တော်တော်ချောမော၍ ကိုယ့်ဆရာများအကြိုက် ကိုယ်လုံးကိုယ်ပေါက်ရှိသော မိန်းမလှလေးတစ်ယောက်ကို တွေ့ရလေသည်။

ဆရာဘက နန္ဒကို ခင်မင်သော်လည်း ထိုမိန်းမလှကလေး တစ်ယောက်ပါလာသဖြင့် နှုတ်ဆက်ရန် ဝန်လေး၍ Company ထဲသို့ဝင်ရန် အပြုတွင်...

'ဟေ့... ဆရာဘ ဒါဘာလုပ်တာလဲဗျ၊ တမင်ရှောင်တာလား'





ဟု ဝမ်းပန်းတသာနှုတ်ဆက်ရာ ဆရာဘလည်း ငြင်းမရတော့ဘဲ အပြန်အလှန် နှုတ်ဆက်ပြီးသည့်အခါ နန္ဒက 'ဆွိတီ ခဏလာဦး ဒီမှာ မိတ်ဆက်ပေးမလို့' ဟု လှမ်းခေါ်ရာ ဆွိတီဆိုသော မိန်းကလေးမှာ လုံးဝ စိုးရွံ့ထိတ်လန့်ခြင်း၊ ရှက်ကြောက်ခြင်း အလျှင်းမရှိဘဲ ကျွန်တော်တို့ရှိရာသို့ ရောက်လာလေသည်။

ဆွိတီ ရောက်လာသောအခါ နန္ဒကပင်...

'ဒါ... ဆရာဘတဲ့ တို့ကိုကိုခန့်ရဲ့ အားအထားရဆုံး လူတစ်ယောက်ပဲ'

နန္ဒ၏ စကားဆုံးလေသော် ဆွိတီသည် ဆရာဘအား သူ့လက်ကို ကမ်းပေးလေရာ ဆရာဘမှာ ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။ သူ့ချစ်သူ ရှေ့မှာလည်းဖြစ် ဆိုင်ကယ်ဝင်လာကတည်းက company မှလူများကလည်း အာရုံစိုက်နေခြင်းလည်းဖြစ်သဖြင့် သူ့လက်ကိုထုတ်ရန်မှာ ကျောက်တုံးတစ်မျှ လေးလံလျက်ရှိပါသည်။

ဆွိတီဆိုသော ကောင်မလေးက လက်ကမ်းထားရသည်မှာလည်း ကြာပြီဖြစ်သဖြင့် နောက်ဆုံးတွင် ကျောက်တုံးလိုလေးလံနေသော သူ့လက်ကို အားနာပါးနာသည့်စိတ်က တွန်းထုတ်လိုက်သဖြင့် ဆွိတီနှင့် သူ လက်ဆွဲနှုတ်ဆက်မိသွားပါသည်။

ဆွိတီရော နန္ဒပါ ထိုအဖြစ်အပျက်ကို စိတ်ထဲတွင်ရော မျက်ဝန်းထဲတွင်ရော ဘာမျှ မကျေမနပ်စရာမရှိဆိုသော အမူအရာသာ ရှိလေသည်။

'ကိုကိုရှိလား... ဆရာဘ'

'ရောက်... ပြီ... ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဆရာဘမှာ ရင်တုန်နေတုန်းသာ ဖြစ်သည်။

'ဒါဆိုဆွိတီရေ… နောက်နာရီဝက်လောက်ဆို ဆုံတာပေါ့၊ ကိုယ့် phone ကိုပဲ ဆက်လိုက်လေ'

'OK… Bye…Bye'

ဆွိတီက ဆိုင်ကယ်ကို မောင်းထွက်သွားသည်။

သူတို့ နေလည်စာသမင်းစားပွဲသို့ရောက်တော့ နန္ဒက ထိုအဖြစ်အပျက်ကို သူ့အစ်ကို ဇော်မျိုးခန့်အား ပြောပြီး ညီအစ်ကိုနှစ်ယောက် အားရပါးရ ရယ်မောကြလေသည်။ ဆရာဘသည် ပထမကြောင်တက်တက်ကြီး ဖြစ်နေသော်လည်း နောက်ကျမှ ကိုယ့်အဖြစ်ကိုသဘောကျကာ အားရပါးရ ပါဝင်ရယ်မောနိုင်ပါတော့သည်။

'ကျွန်တော်က မိန်းမနဲ့ ပတ်သက်တဲ့ အတွေ့အကြုံမရှိဘူးဗျ'

'ဆရာဘက အိမ်ထောင်နဲ့ဆို'

'အိမ်ထောင်ရှိတာနဲ့ မိန်းမအတွေ့အကြုံရှိတာ ဘာဆိုင်လို့တုံး'

စကားဆုံးတော့ သူတို့သုံးယောက် အားရပါးရ ရယ်မောလိုက်ကြသည်။

ညနေကျတော့ ဆွိတီက နန္ဒကိုလာခေါ်သည်။ ဆွိတီက နန္ဒ၏ ဆိုင်ကယ်နောက်မှ ခွထိုင်ပြီး နန္ဒကို ဖက်ထားချိန်တွင် ဆိုင်ကယ်က 'ဝေါ'ခနဲ မောင်းထွက်သွားသည်ကို ငေးရင်း ကိုဘရင်ထဲတွင် 'ဟာ' ၍သွားသည်။

ဩော်…ငါ့ဆီမှာလည်း ဒီလိုမိန်းကလေး တစ်ယောက်ရှိလျှင် ကောင်းလေစွ ဟု စဉ်းစားမိသည်။ ထိုသို့စဉ်းစားမိခြင်းမှာ ကိုဘသည် ခင့်ကို





မချစ်၍မဟုတ်။ ခင့်ကို အသည်းထဲအူထဲမှ ချစ်ပါသည်။ သို့သော်လည်း ဒီလိုကလေးတော့ ပျော်လိုက်ချင်ပါသည်။

ခင့်ကိုသာ ဆိုင်ကယ်ပေါ်တင်ပြီး ဒီလိုမောင်းထွက်လျှင် ခင်သည် ကျိန်းသေခုန်ချမှာသေချာသည်။ ခင်သည် ဆိုင်ကယ်မပြောနှင့် စက်ဘီးကို တောင် နောက်ဘက်မှ စီးရဲသူမဟုတ်ပါ။

ကိုဘသည် နန္ဒတို့ဆိုင်ကယ်ကို မျက်စေ့တစ်ဆုံးမျှော်ငေးကြည့်နေရင်း ထိုအတွေးများကို တွေးနေစဉ်မှာပင် သူ့အနားသို့ ဆိုင်ကယ်တစ်စင်း ထိုးရပ်၍လာ၏။

'ကိုဘ… တက်လေ'

'ဗျာ… '

'ဩော်… တက်ပါဆို၊ တစ်နေရာရာကို သွားကြတာပေါ့'

'ခင်ဗျာ… '

'ကိုဘကလည်း နန္ဒကပြောထားလို့ လာကြိုရတဲ့ကိစ္စကို၊ ဒီလိုပဲ ဗျာနေမယ်ဆိုရင် အကြင်နာပြန်တော့မယ်နော်'

'အကြင်နာ…!!'

'ဟုတ်တယ်…တို့နာမည်က အကြင်နာတဲ့၊ တို့ကိုမွေးတော့ 'အကြင်' လို့ နာမည်ပေးတယ်၊ အဲဒါကို အဖွားက ရိုးလွန်းပါတယ်ဆိုပြီး 'နာ' တစ်လုံးထပ်တိုးလိုက်လို့ တို့နာမည်က 'အကြင်နာ' ဖြစ်သွားတာ၊ သူ့နာမည်က ဘဆိုတော့ သိပ်မလှဘူး'

'ဒါဆို မင်းက ဘာတိုးပေးချင်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အကြင်နာသည် ခဏစဉ်းစားလိုက်ပြီးနောက်မှ ဝမ်းသာအားရဖြင့်ပြောသည်။

'တို့သိပြီလေ 'ကိုဘ' ဆိုတာကြီးက သိပ်တုံးတော့ နောက်တစ်လုံးထည့်ပေးလိုက်မယ် 'ဘနာ' ပေါ့'

'ခင်ဗျာ... '

'ကဲ... ကိုဘနာရေ ဆိုင်ကယ်ပေါ် တက်ပေတော့၊ ဦးထုပ်ဆောင်းဖို့လည်း မမေ့နဲ့နော်'

ကိုဘနာ ဆိုင်ကယ်ပေါ်ရောက်သည်နှင့် ဆိုင်ကယ်က မြားတစ်စင်းကဲ့သို့ ထွက်သွား၏။

သူသည် 'ကိုဘ' ဆိုသောနာမည်မှ 'ကိုဘနာ' ဖြစ်ရလေပြီ။

ကိုဘတို့ Hotel တစ်ခုပေါ်သို့ တက်လာကြသောအခါ အကြင်နာကို နှုတ်ဆက်သည့် လူက အတော်များလေသည်။ ကိုဘကိုတော့ နှုတ်ဆက်မည့်သူ သိပ်မရှိပါ။ သို့နှင့် ဓာတ်လှေကားဖြင့် တက်လာသည့်အခါ ဓါတ်လှေကားထဲတွင် အကြင်နာက

'ကိုဘနာ အားမငယ်နဲ့နော် ကျွန်မအသိတွေ အပေါ်မှာ အများကြီးပဲ၊ ကိုဘနာနဲ့ မိတ်ဆက်ပေးရတာပေါ့'

'မိတ်ဆက်ပေးတာတော့ ဟုတ်ပါတယ်၊ ဒီ 'ဘနာ' ဆိုတဲ့ နာမည်ကြီးကိုတော့ မသုံးပါနဲ့ဟာ'

'အောင်မာ... အကြင်နာကပေးတဲ့နာမည်ကို မကြိုက်ဘူးပေါ့လေ ဟုတ်လား'





'ဒီလိုလည်း မဟုတ်ပါဘူး'

ကိုဘသည် ကြောင်တောင်တောင်လေသံကလေးဖြင့် ပြောချိန်တွင် အကြင်နာက ကိုဘလက်ချောင်းများကို ဆွဲယူဆုပ်ကိုင်ထားပြီး...

'တို့က အကြင်နာ ယူက ဘနာ ဘာဖြစ်လဲ'

ကိုဘသည် အကြင်နာ၏ လက်ချောင်းကလေးများ ဆုပ်ကိုင်ထားသည့်ဒဏ်ကို မခံနိုင်ဘဲ ရင်တစ်လှပ်လှပ်ဖြစ်နေရာ 'ဘနာ' မကလို့ 'ဘိုးပဲနာနာ' 'ဘီပဲနာနာ' 'ဘင်ပဲနာနာ' ဟု သဘောထား၍ အကြင်နာ့လက်ချောင်းကလေးများကို ပြန်လည်ဆုပ်ကိုင်လိုက်သည်တွင် အကြင်နာက ပြုံးပြီး ကိုဘကို ဆိုင်ကယ်ပေါ်သို့ တက်ခိုင်းပြီး ဆိုင်ကယ်ကို အရှိန်ဖြင့် မောင်းထွက်သွားလေသည်။

ကိုဘလည်း ဘာမျှမတတ်နိုင်ဘဲ အကြင်နာမောင်းသော နေရာသို့ ရောက်သွားသောအခါ ထို plaza မှာ သူ့ယောက္ခမကြီးဖြစ်သော ဦးဆန်းတင့်၏ plaza ဖြစ်နေသဖြင့် ကိုဘမှာ ဘာလုပ်ရမှန်းကြီးကို မသိဖြစ်နေတုန်း အကြင်နာက ကိုဘလက်ကိုဆွဲပြီး plaza ပေါ်သို့ တက်နေလေပြီ။

plaza ပေါ်သို့ရောက်တော့ ကိုဘမှာ ကြောင်တောင်တောင်ဖြစ်နေပြီး ဟိုဟာကိုင်ရမလို ဒီဟာကိုင်ရမလို ဖြစ်နေစဉ်မှာပင် အကြင်နာက ကိုဘလက်ကိုဆွဲပြီး plaza ထဲမှာရောင်းသော ရွှေဆိုင်တစ်ဆိုင်ဆီသို့ ခေါ်သွားသည်။

ထိုအချိန်တွင် ရည်ရွယ်ခင်ဟု အမည်ရပြီး 'ခင်' ဟုခေါ်သော သူ့ဇနီးအကြောင်းကိုလည်း ပြောပြရန် လိုပါသေးသည်။

ခင့်ကို ဖခင်ဖြစ်သူက အေးဆေးသက်သာစွာ နားချသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာသမီး အိမ်ထောင်ပြုတယ်ဆိုတာ သူ့အကျိုးစီးပွားနဲ့ ကိုယ့်အကျိုးစီးပွားကို ပေါင်းတာပဲမဟုတ်လား'

'ဖေဖေကတော့ စီးပွားရေးသမားဆိုတော့ ဒီလိုပဲပြောမှာပေါ့။ အခု ကိစ္စက ဟုတ်မှမဟုတ်တာ။ သူ့မှာ ဘာစီးပွားရေးများရှိလို့လဲ။ သူ့ကုမ္ပဏီမှာလုပ်တဲ့ လုပ်အားခက သမီးပါတိတ်တစ်ထည်ဖိုးတောင်မှ မရှိဘူး ဖေဖေရဲ့'

သမီးဖြစ်သူ၏ စကားကိုကြားတော့ ဦးဆန်းတင့် ကိုယ့်နဖူးကိုယ် ရိုက်မိသည်။

ပြီးတော့ ဒေါ်ခင်စီဘက်သို့ လှည့်၍ကြည့်သောအကြည့်မှာ မင်းရဲ့သမီးကို မင်းသာရအောင်ပြောပါတော့ ဟူသော အဓိပ္ပာယ်ရလေသည်။

ထို့ကြောင့် ဒေါ်ခင်စီကလည်း သမီးဖြစ်သည့် ရည်ရွယ်ခင့်ကို အဖေရှေ့မှ ခေါ်ထုတ်သွားပြီး အေးဆေးသော နေရာတစ်ခုတွင် စိတ်အေးလက်အေးရှိတော့မှ စကားကိုစသည်။

'သမီးလေး ခင်'

'ရှင်...'

ထိုသို့ သူ့သမီးက ရှင်ဟု ပြန်ထူးခြင်းမှာ စိတ်နှလုံးငြိမ်သက်သွားပြီဟု ဒေါ်ခင်စီက သိလေသည်။ ထို့ကြောင့် သူ့သမီးလေးကို ဆုံးမ၍ရတော့မည်ဟု တပ်အပ်သိလေသည်။

'သမီးဖေဖေက စကားပြောလောကြီးတတ်တာ သမီးလည်း သိသားပဲနော်'





'ဟုတ်ကဲ့... မေမေ'

သူ့သမီးရည်ရွယ်ခင်သည် မျက်လွှာကလေးချ၍ ပြောသည့်အတွက် သူ့စကားအောင်ပြီဆိုတာကို ဒေါ်ခင်စီသိလေသည်။

'အိမ်ထောင်ပြုတယ်ဆိုတာ သမီးဖေဖေပြောသလို သူ့စီးပွားနဲ့ ကိုယ့်စီးပွား ပေါင်းတာမဟုတ်ဘူး သမီးရဲ့'

'ဒါဆို ဘာပေါင်းတာလဲ'

သမီး၏အမေးကို အမေကမဖြေသေးဘဲ သမီးဖြစ်သူကို ပြုံး၍ကြည့်နေပြီးမှ ပြောသည်။

'အိမ်ထောင်ပြုတယ်ဆိုတာ ကိုယ့်အကြင်နာနဲ့ သူ့အကြင်နာအားပြိုင်တာ၊ ကိုယ့်သည်းခံမှုနဲ့ သူ့သည်းခံမှုအားပြိုင်တာ၊ ကိုယ့်ခွင့်လွှတ်မှုနဲ့ သူ့ခွင့်လွှတ်မှု အားပြိုင်တာ၊ သူ့ အနိုင်ယူမှုနဲ့ ကိုယ့်စေတနာတရား အားပြိုင်တာ ဒါတွေကို သမီးကြုံပြီးသားပါ။ မသိလို့သာ နေပါလိမ့်မယ်'

ဒေါ်ခင်စီ၏စကားဆုံးတော့ ခင်သည် ဘာပြောရမှန်းမသိတော့ဘဲ အရင်တုန်းက ဖြစ်ရပ်တွေကို ပြန်စဉ်းစားနေမိသည်။

ဒေါ်ခင်စီကလည်း ထိုအချိန်တွင် ဘာမှမပြောတော့ဘဲ သမီး၏ မျက်နှာကိုသာ အကဲခတ်၍နေသည်။

'သမီးမှားတာတွေလည်း ရှိပါတယ်မေမေ၊ သမီး သူ့ကို နေ့စဉ်ရုံးသွားတိုင်း ထမင်းချိုင့်ထည့်မပေးဘူး။ သူတို့ ရုံးရှေ့မှာလည်း ထမင်းဆိုင်တွေရှိနေတော့ ဝယ်စားပေါ့လို့ပဲ သဘောထားခဲ့ပါတယ်'

'မိုက်လိုက်တာသမီးရယ်၊ ကိုယ့်ယောကျ်ားဆိုတာ ဝယ်စားရတဲ့ထမင်း



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်လောက်ကောင်းကောင်း သမီးက ပဲပြုတ်ကြော်ကလေးနဲ့ပဲ ထည့်ပေးလိုက် ဟောဒီမှာ ငါ့မိန်းမထည့်ပေးလိုက်တဲ့ ပဲပြုတ်ကွလို့ ကြွားချင်တဲ့ ငပေါတွေချည်းပဲ၊ ဒီတော့…ဘာလေးနဲ့ဖြစ်ဖြစ် မောင်ဘကို သမီးချက်ကျွေးရမယ်'

'သမီး သိပါပြီ မေမေရယ်…'

ခင်သည် မိခင်၏ရင်ခွင်ကို အပ်၍ငိုလေသည်။

မိခင်က ကျောကလေးကိုသပ်ရင်း 'ကဲ…ငါ့သမီး ဒီအသိတရားကို ရပြီဆိုတဲ့ အထိမ်းအမှတ်နဲ့ မေမေက plaza မှာ သမီးလိုချင်တဲ့ ရွှေတစ်ကျပ်သား ဝယ်ပေးမယ်'

ဒေါ်ခင်စီ၏ စကားဆုံးသည်နှင့် ခင့်ခေါင်းသည် ထောင်၍လာ၏။ ပြီးတော့ ငိုပြီးကာစမျက်ဝန်းမှာ တောက်ပပြုံးပြက်မှုတွေ အပြည့်နှင့်မေးသည်။

'မေမေ… တကယ်နော်'

'လာ… အခုပဲ သွားကြစို့သမီးရယ်'





## အခန်း (၇)

plaza တွင် အကြင်နာသည် သူလိုချင်သော ပစ္စည်းများကို လက်တွန်းလှည်းကလေးထဲသို့ သိမ်းကြုံးပြီး ထည့်လေသည်။ ကိုဘမှာ ဘာမှမတတ်နိုင်ပဲ ကြည့်နေရ၏။

ပြီးတော့မှ အကြင်နာက ပြောသည်။

'ပစ္စည်းတွေဒီလောက်ဝယ်လို့ စိတ်ပူမနေပါနဲ့ ကိုဘနာရယ်၊ ဒါတွေအားလုံးကို အကြင်နာကပဲ ပေးမှာပါ။ အကြင်နာလိုချင်တာက အပေါ်ဘက်မှာရှိတဲ့ဆိုင်။ အဲဒီဆိုင်က ပစ္စည်းတစ်ခုတည်းကို ကိုဘနာ ဝယ်ပေးရင် တော်ပြီ'

'အဲဒါ… ဘာပစ္စည်းလဲဟင်'

ကိုဘ၏ စကားမဆုံးခင်ပင် အကြင်နာက သူ့လှည်းထဲတွင်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို ဝန်ထမ်းကောင်မလေး'တစ်ယောက်၏ လက်ထဲသို့ အပ်သွားပြီး ကိုဘ၏လက်ကိုဆွဲကာ အက်စလေတာခေါ်လှေကားမှ အပေါ်ထပ်သို့ တက်သွားလေသည်။

ကိုဘလည်း အူကြောင်ကြောင်ဖြင့် လိုက်သွားတော့ ဟိုချိုး၊ ဒီဘက်ကွေ့နှင့် နောက်ဆုံးတွင် အကြင်နာပြသောဆိုင်ကို တွေ့ရလေသည်။

ထိုဆိုင်ကို တွေ့ရသောအခါ 'မြတ်စွာဘုရား' ဟု ကိုဘ တမိ၏။

ထိုဆိုင်မှာ ရွှေဆိုင်ဖြစ်သောကြောင့် ဖြစ်ပါသည်။

အကြင်နာသည် ရွှေဆိုင်ကို ရောက်သည်နှင့် 'ဘနာ' ကိုလည်း ဂရုမစိုက်တော့၊ နံဘေးနားကလူကိုလည်း ဂရုမစိုက်တော့။ ယခုနေ အနုမြူဗုံးကျမည်ဆိုလျှင်တောင်မှ အကြင်နာသည် ဂရုမစိုက်တော့ ဆိုသည်ကို တစ်သန်းကြေးလောက် လောင်းရဲပါသည်။

'ဟိုဘက်က လော့ကပ်သီးကလေးဟာကလေး ပြပါလား'

ဆိုင်ရှင်တရုတ်မလေးကလည်း ပထမတော့ စိတ်ရှည်ပါသေးသည်။

'ဟင့်အင်း... မကြိုက်ဘူး ဒီကွင်းဆက်ကြိုးကလေးကရော'

အကြင်နာသည် ရေခဲမုန့်ဆိုင်ရှေ့မှာ ခုန်ပေါက်နေသော ကလေးတစ်ယောက်နှင့် တူသည်ဟု ကိုဘထင်သည်။ ထိုစဉ်မှာပင် ကိုဘသည် အကြင်နာနှင့် ခင့်ကို နှိုင်းယှဉ်မိသည်။ ခင်သာဆိုလျှင် သူ့ကိုတိုင်ပင်ပြီး သူကြိုက်သောဆွဲကြိုးဟုဆိုသည်နှင့် နောက်ထပ်မငြင်းတော့ဘဲ ယူလေ့ရှိ၏။

အခုတော့ အကြင်နာက ထိုသို့မဟုတ်ဆိုတာ သူသိရလေပြီ။

အကြင်နာ ချေး(ဂျီး)များနေချိန်တွင် နောက်ထပ် ဝယ်သူရောက်လာ





သဖြင့် အကြင်နာကို ရောင်းနေသော ကောင်မလေးက နောက်လူဆီသို့ ပြောင်းသွားပြီး အကြင်နာ့ထံသို့ လူကြီးတစ်ယောက် ရောက်လာပြီး အကြင်နာကပြသော ဆွဲကြိုးကို လည်တိုင်တွင် စွပ်၍ပေးသည့်အခါ လူကြီးနှင့် အကြင်နာမှာ နှုတ်ခမ်းချင်းနည်းနည်းကလေးလွမ်းလျှင် ထိတော့မတတ်ရှိနေသဖြင့် သူဒေါသတော်တော်ကလေးဖြစ်သွားသည်။

'ဟေ့လူ... ခင်ဗျားက ဆွဲကြိုးရောင်းမှာလား လူကိုနမ်းမှာလား'

'ခင်ဗျာ... '

'ခင်ဗျာမနေနဲ့ ခင်ဗျားဘာတွေလုပ်နေတယ်ဆိုတာ ကျုပ်သိတယ်'

'ကိုဘနှာ ဘာတွေပြောနေတာလဲ၊ ဒီမှာ အကြင်နာကို ဆွဲကြိုးတပ်ပေးနေတဲ့ဥစ္စာကြီးကို'

'အေး... ဒီလူက ဆွဲကြိုးတပ်ပေးနေတာမဟုတ်ဘူးကွ၊ မင်းကို... '

ကိုဘ စကားကို ဆက်မပြောပဲ ရပ်လိုက်ရသည်။

အဘယ်ကြောင့်ဆိုသော် သူ့ကို စိုက်ငေး၍ မျက်ရည်ဝဲနေသော ခင်နှင့် တအံ့တသြ သူ့ယောက္ခမကြီး ဒေါ်ခင်စီကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

ခင်သည် ကိုဘကို စိုက်ကြည့်ပြီး မိခင်ကိုပင် မခေါ်နိုင်တော့ဘဲ ချာခနဲ လှည့်ထွက်သွား၏။

ကိုဘလည်း၊ သူ့မိခင် ဒေါ်ခင်စီနှင့် အကြင်နာတို့ကိုပင် စကားလည်း တစ်ခွန်းမျှမပြောတော့ဘဲ ခင့်နောက်သို့ ပြေး၍လိုက်သော်လည်း ခင်က ကားတစ်စင်းကိုငှားပြီး တက်ရန်တံခါးကို ဖွင့်နေသော်လည်း တံခါး[illegible]



www.burmeseclassic.com

www.burmeseclassic.com



Lock ချထားသဖြင့် ကိုဘက ခင့်လက်ကိုဆွဲရင်း 'ကိုယ်ရှင်းပြပါရစေ ကိုယ်ရှင်း'

'ဟော့လူ… ခင်ဗျား… ကျုပ်လက်ကို ဘာလို့ကိုင်တာလဲ၊ ခင်ဗျား ဒါ ဘာလုပ်တာလဲ လွှတ်စမ်းပါဗျာ' ဟူသော သူတို့ဆရာ ဇော်မျိုးခန့်ကို တွေ့လိုက်ရသဖြင့် ကိုဘကိုယ်တိုင် အူကြောင်ကြောင် ဖြစ်၍သွားသည်။

'ဆရာခန့်က ဒီကိုဘယ်လိုရောက်နေတာလဲ၊ ကျွန်တော့်မိန်းမ 'ခင်' ရော'

'ခင်ဗျားဘာတွေ လာပြောနေတာလဲ၊ အခုရုံးဆင်းချိန်ဗျ'

ဒီတော့မှ ဆရာဘ ကြည့်မိသည်မှာ သူရှိနေသော နေရာသည် store လည်းမဟုတ်၊ သူ့ဇနီးရည်ရွယ်ခင်လည်းမရှိ။ အကြင်နာလည်းမရှိ။ သူချစ်ရကြောက်ရပါသော ယောက္ခမကြီးလည်းမရှိ။ Company က ကောင်မလေးတွေသာ ပျော်ရွှင်စွာ ထမင်းချိုင့်၊ ရေဘူးနှင့် အသုံးဆောင်ပစ္စည်းကလေးများကို ထည့်ထားသည့် ပလတ်စတစ်ချိုင့်အလုံးကလေးများနှင့် ရုံးဆင်းနေကြပြီဖြစ်သည်။

'နေစမ်းပါဦး ခင်ဗျားက ဘာကြောင်တာလဲ'

ကိုခန့်က အတည်မေးသည်။

ရုတ်တရက် ဆရာဘ ပြန်ပြောဖို့ မလွယ်ကူပါ။

'ဒီလိုပါဗျာ၊ နန္ဒခေါ်သွားတဲ့ ကောင်မကလေးကို စိတ်ကူးယဉ်လိုက်တာ ကျွန်တော်နဲ့ အဲဒီကောင်မလေးနဲ့တွေ့ပြီး ဆရာခန့်လက်ကိုဆွဲမိတာပါပဲ'

'ခင်ဗျား… ဟာ… မဟုတ်သေးပါဘူးဗျာ'





'ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်က တစ်ခုခုကို စိတ်ကူးယဉ်မိရင် အဲဒီနောက်ကိုပါသွားတတ်တဲ့ အကျင့်ရှိပါတယ်။ ရောဂါပဲခေါ်မလား၊ ဘယ်လိုနာမည်တပ်ရမှန်းလည်း မသိတော့ပါဘူးဆရာရယ်။ ကျွန်တော် အခုတော့ ဆရာ့အိမ်ကိုလိုက်ပြီး ခဏနားပါရစေ'

ကိုဘ၏ စကားဆုံးတော့ ဆရာခန့်က ကိုဘကို ရန်သူသဖွယ် ကြည့်လေသည်။ ပြီးတော့မှ တည်ငြိမ်သောလေသံဖြင့်…

'ခင်ဗျား… ကျုပ်အိမ်ကိုလိုက်လို့မရဘူး၊ အခန့်မသင့်ရင် ခင်ဗျားက ကျုပ်မိန်းမကိုတောင်မှ စိတ်ကူးယဉ်ပြီး ပြဿနာရှာနေဦးမှာ။ အခု ခင်ဗျား သွားသင့်တာ ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံကိုပဲ'

စကားဆုံးသည်နှင့် ဇော်မျိုးခန့်သည် သူ့ကားကို ဝေါခနဲမောင်းထွက်သွား၏။ ဆရာဘမှာ ဒေါသဖြစ်ရုံမှ အခြားမရှိ။

ဆရာဘ၏ ဒေါသကလည်း ရိုးပါသည်။

သူ့ဇနီးက သူ့ကို ထမင်းချိုင့်မှန်မှန်ကလေး ထည့်ပေးနိုင်လျှင် သူ ဒီလိုအပြောခံစရာလည်း မရှိ။ ဒီတော့ သူ့ဒေါသတွေအားလုံးကို သူ့ဇနီး ရည်ရွယ်ခင့် ထံသို့သာ ပို့လိုက်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



ကိုဘ ဒေါသဖြင့် အိမ်ကြီးပေါ်ကို တက်သွားတော့ သူ့ဇနီး မရွှေရည်ရွှယ်ခင်သည် နေကြာစေ့တစ်ထုပ်ကို ကိုက်ရင်း မြဝတီမှလာသော ဂျူမုံကားကို ကြည့်၍နေသည်။

သူခြေသံပြင်းပြင်းနှင့် တက်လာသည့်တိုင် သူ့ဇနီးသည် သူ့ကိုတစ်ချက်ကလေးမှ ငဲ့မကြည့်။ ဂျူမုံကိုသာ ကြည့်နေသဖြင့် ကိုဘ၏ဒေါသမှာ နှစ်ဆ၊ သုံးဆမှ ဆယ်ဆလောက်အထိ တိုးသွားပြီး သူ့ဇနီးပေါင်ပေါ်တွင် တင်ထားသော Remove ကို ကောက်ယူ၍ T.V ကို ပိတ်ပစ်လိုက်၏။

'ရှင်... ဒါဘာလုပ်တာလဲ'

'ဘာလုပ်တယ်လို့ ထင်လို့လဲ'

'ရှင်... ကျွန်မကို မနှောင့်ယှက်ပါနဲ့။ ကျွန်မဘာသာ စိတ်အပန်းဖြေနေတဲ့အချိန်ကလေးမှာ ရှင့်ဘာသာ အေးအေးနေရင်ကောင်းမယ်'





'ဘာကွ... ငါက... မင်းနှောင့်ယှက်လို့ Company မှာ တစ်နေ့လုံးအရက်ကွဲလာတာ မင်းမသိဘူး မဟုတ်လား'

'ကျွန်မက ရှင့် Company ကို ဘယ်နှခါများ လာနှောင့်ယှက်ဖူးလို့လဲ'

'ထမင်းချိုင့်ကွ ထမင်းချိုင့်၊ မင်းထမင်းချိုင့်ထည့်မပေးတာနဲ့ ငါအရက်ကွဲပေါင်း များလှပြီ။ မင်းဟာ ငါ့ဇနီး... ငါ့မိန်းမ'

'အဲဒါလူတိုင်းသိပြီးသားပဲ လာအော်မနေနဲ့ Remove ပြန်ပေး၊ ဟိုမှာဂျူမုံကားက ကောင်းနေပြီ'

'ဟေ့... ဒီမှာ ရည်ရွှယ်ခင်၊ ဒီတီဗွီထဲက ဂျူမုံနဲ့ ငါ ဘယ်သူက ပိုအရေးကြီးသလဲ ပြောစမ်း'

'အခုအချိန်မှာ ဂျူမုံက ပိုအရေးကြီးတယ်'

'ဒါဆို ငါက ဘယ်အချိန်မှာ အရေးကြီးလဲ'

ကိုဘသည် ဒေါသတကြီးနှင့် အော်ဟစ်၍မေးလိုက်သည်။ သို့သော်သူ့ဇနီးကတော့ ခပ်အေးအေးပင် ပြန်ဖြေသည်။

'ရှင့် ဘယ်အချိန်မှာမှ အရေးမကြီးဘူး'

ကိုဘသည် ပေါက်ကွဲသွားပြီး သူကိုင်ထားသော Remove ကိုကိုင်ပေါက်ပစ်လိုက်သည်။ ပြီးတော့... ဒေါသတကြီးပင်ပြောသည်။

'ငါ... ဒီအိမ်ပေါ်က ဆင်းမယ်'

ထို ဝုန်း ဒိုင်းအသံများကြောင့် အစေခံများလည်း လန့်ဖြန့်၍ အိမ်ပေါ်သို့ တက်လာကြလေပြီ။ ကိုဘ လွှင့်ပစ်ထားသော Remove ကို ကောက်



www.burmeseclassic.com

www.burmeseclassic.com



ပေးသူက ပေး၊ ရည်ရွယ်ခင့်ကို ချော့သူကချော့ ကိုဘကို ဆွဲသူက ဆွဲနှင့် ရှိသည်။

'ဟော့ကောင်... မင်းငါ့ကို ကားသော့ပေး'

'ဘာဖြစ်လို့ပေးရမှာလဲ၊ ဒီကားက ဒယ်ဒီဝယ်ပေးထားတာ၊ ရှင် အိမ်ပေါ်ကဆင်းချင်ရင် ကိုယ့်ခြေထောက်နဲ့ကိုယ်ဆင်း'

●





## အခန်း (၈)

ထိုနေ့က Company တွင် အရေးတကြီး အစည်းအဝေးရှိ၏။

ဒါရိုက်တာလူကြီးမင်းများနှင့် ရှယ်ယာမန်ဘာများပါ ထိုအစည်းအဝေးသို့ တက်ရောက်ကြမည်ဖြစ်သောကြောင့် မန်နေဂျာဖြစ်သူ ဇော်မျိုးခန့်လည်း မဖြစ်မနေ တက်ရောက်ရမည်ဟု သိထားသည်။

သို့သော်...

မနက်မိုးလင်းသည်နှင့် ကော်ဖီနှင့် ပေါင်မုန့်မီးကင်နှစ်ချပ်ကို စားပြီးသည့်အချိန်တွင် သူ့ချစ်ဇနီး မနှင်းဆီပွင့်က ပြုံးသနာစ၍ ရှာလေသည်။

'ကိုကို... ဒီနေ့ရုံးသွားမှာလား'

'အင်း... မသွားလို့မရဘူးလေ။ ဒီနေ့ ဘုတ်အဖွဲ့အစည်းအဝေးရှိတယ်ဆိုတာ ဖူးကို ပြောပြီးသားပဲ'



www.burmeseclassic.com

www.burmeseclassic.com



'မရဘူး… ဒီနေ့ ကိုကို ရုံးမသွားရဘူး'

'အာ… မရဘူးလေ… ရုံးမသွားရအောင် ဘာကိစ္စအရေးတကြီး ရှိနေလို့လဲ'

'ကိုကို့ကို … ကိုက်မလို့'

'ကိုကို့ကို… '

'ဟုတ်တယ်… ကိုက်မလို့၊ ဒီနေ့ဟာ… ကိုကို အင်တာဗျူးလာဖြေပြီးတော့ ဖူးက ကိုကို့ကို ရွေးလိုက်တဲ့နေ့ဆိုတာရော မှတ်မိရဲ့လား'

သူ့ဇနီး၏ စကားကြောင့် သူ တော်တော်တွေဝေသွားသည်။

အမှန်အတိုင်းဝန်ခံရလျှင် သူ ထိုနေ့ကို မမှတ်မိတော့ပါ။ အခုမှ မှတ်မိပါသည်ဟု ပြောလျှင်လည်း သူအကိုက်ခံရပြီး ရုံးသို့ရောက်မည် မဟုတ်တော့။ ဒီတော့ သူ့ဇနီးဖူးနှင့် သူ သဘောတူညီမှုယူလိုက်ရ၏။

'ဖူးက ဒီနေ့ကို မှတ်မိနေတာကိုလည်း ကိုကိုသိပါတယ်ဖူးရာ၊ ဖူးကိုက်ချင်တယ်ဆိုရင်လည်း ကိုက်ပေါ့၊ ဖူးကိုက်တာကို ခံချင်လို့ ကိုကိုက ဖူးကို တမင်စနေတာပါ။ ဖူးကိုက်ပြီးရင် ကိုကိုရုံးသွားတော့မယ်နော်'

'မရဘူး ဖူးက တစ်နေ့လုံး ကိုကို့ကို ကိုက်မှာ'

မြတ်စွာဘုရားဟု ကိုခန့် တရသည်။ ပြီးတော့ ဘာပြောရမလဲဆိုတာကိုလည်း စဉ်းစားရ၏။

'ကဲ… ဖူးတစ်ချက်ကြိုက်သလောက် အကြီးကြီးကိုက်လိုက်ကွာ ပြီးရင် ကိုကို အစည်းအဝေးမီအောင် သွားရမှာမို့ပါ'

'ဒါပဲနော်… '





ဖူးက အစည်းအဝေးဝတ်စုံဝတ်ထားသော ကိုခန့်လက်မောင်းကို ပင့်တင်၍ သူ့သွားများကို လျှာဖြင့် တစ်ချက်သပ်လိုက်သည်။

'အား… '

ဖော်မြူးခန့်သည် လက်မောင်းတွင် အကိုက်ခံထားရသော ဒဏ်ရာကို လက်ဖြင့် အသာအုပ်ထားရင်း ဇနီးဖြစ်သူကို စိတ်နာ၍သာနေသည်။

သူသည် ဒီလိုအကိုက်ခံရခြင်း၊ အလုပ်အားရက်များတွင် ဖူးတစ်ကိုယ်လုံးကို အသားလှဆီ လိမ်းပေးရခြင်း၊ အိမ်မှာပါတီလာလုပ်သော… ဖူးသူငယ်ချင်းများအတွက် စားစရာ သောက်စရာ ဝယ်ခြမ်းပေးရခြင်း၊ သူတို့ရှုပ် သွားဖွသွားသမျှ အစေခံမရှိသောအိမ်ဖြစ်သဖြင့် ကိုယ်တိုင်သိမ်းရခြင်း… စသော အချက်များကို ပြန်တွေးရင်း သူချစ်ရပါသော ဇနီး ဖူး အပေါ် စိတ်နာလာသည်။

လောကကြီးတွင် အကြောင်းရှိမှ အကျိုးပေးသည်ဆိုတော့… သူ ယခုခံစားနေရသော အကျိုးအတွက် အကြောင်းမှာ… သူများရည်းစားကို လုသလိုဖြစ်ခြင်းကတစ်ကြောင်း… ချစ်သူဖြစ်သည့်ရက်တစ်ပတ်မျှနှင့် သူ့သဘောကိုယ့်သဘော မသိရဘဲ လက်ထပ်သည်ကတစ်ကြောင်း တို့ကြောင့်… ယခုကဲ့သို့ ခံစားနေရခြင်းဖြစ်သည်။

ဒါဆိုရင်… မင်းသူ့ကို ကွာလိုက်ပါလား… ဆိုတော့လည်း သူက ဖူးကို အသည်းနင့်အောင် ချစ်နေမိပြီဖြစ်သည်။ သူ့ဘက်က မေတ္တာစေတနာ အားကြီးလေ… တစ်ဖက်က ကိုယ့်ကို မချစ်ဘူးထင်လေလေ ဖြစ်တတ်ရသည့် အထဲ… ဖူးက အခုလို ရက်စက်ပြနေတော့ ဖူးသည်… သူ့ကို မချစ်ဘဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခဲ့သည်ဟုသာ စိတ်နာနာနှင့် တွေးနေမိသည်။

တွေးရင်းတွေးရင်း...စိတ်နာရတာကို သဘောကျလာသဖြင့် ဖူး တွင် သူ့အရင် အရမ်းချစ်ခဲ့ဖူးသော ရည်းစားတစ်ယောက် ရှိခဲ့ဖူးကြောင်း၊ ထို ရည်းစားကို ဖူး က အရမ်းချစ်သော်လည်း ထိုရည်းစားက ဖူး ကို မချစ်ဘဲ ပစ်သွားကြောင်း၊ ထို့ကြောင့် ဖူး သည် ယောကျ်ားလေးများကို မုန်းပြီး သူ့ကို တမင် နှိပ်စက်နေခြင်းဖြစ်ကြောင်းတို့ကို တွေးမိသည်။

'ဟုတ်တယ်၊ ငါတွေးတဲ့အတိုင်းပဲ ဖြစ်ရမယ်...ငါ့မှာက ရုံးမှာသာ ဆရာ၊ အိမ်မှာ ကလချာ၊ သူလုပ်ချင်တာကိုလည်း လိုက်လုပ်ပေးရ၊ သူလုပ်ပြီးတာကိုလည်း လိုက်သိမ်းပေးရနဲ့ ငါမရှိမှ ငါ့အကြောင်း သူသိမှာ... ငါ သူ့ဆီမှာမရှိအောင် ငါ ဘယ်လိုလုပ်ရမလဲ!'

...ဟု စဉ်းစားပြန်သည်။

'ငါ တစ်နေရာရာကို တစ်ယောက်တည်း ထွက်သွားရလျှင် ကောင်းမလား!...အင်း...ဒါလည်း မဖြစ်နိုင်ပါဘူး၊ ငါကိုက သူမရှိရင် မနေနိုင်တာ'

သူလိုချင်သည့်ပုံစံက ဖူး သူ့အပေါ်မှာ ဂရုမစိုက်တာ၊ အရေးမထားတာ၊ အလိုက်မသိတာတွေ အားလုံးကို သူကဝမ်းနည်းပြီး သူ့အိမ်မှ ထွက်သွားမည်။

သူမရှိတော့သည့် ပထမရက်အတွင်းမှာတော့ ဖူးသည် မာနဖြင့်၊ ဒေါသဖြင့်...၊ လှောင်ပြောင်ခြင်းတို့ဖြင့် သူ့ကို သတိမရအောင်ဖြစ်လာမည်။

သူ မရှိလျှင် အမှိုက်တွေကလည်း အိမ်ထဲမှာ ရှုပ်ပွ၍နေပေလိမ့်မည်။ ပန်းကန်တွေကလည်း ဆေးကြောမည့်လူ မရှိသဖြင့် အိမ်နောက်ဖေးမှာ ပုံ





နေမည်။ ဧည့်ခန်းမှာလည်း သတင်းစာတွေ၊ စာအုပ်တွေ၊ ကော်ဖီပန်းကန်တွေ၊ ဓာတ်ပုံ Album တွေနှင့် ကိုးယို့ကားယား ရှိနေလိမ့်မည်။

ဒီတော့မှ ဖူးသည် သူ့တန်ဖိုးကို နားလည်လာမည်။ အိမ်မှုဝတ္တရား အရ ထိုပစ္စည်းများကို ထိန်းသိမ်းရတာ၊ ရှင်းလင်းရတာ၊ ဆေးကြောရတာတွေကို တစ်ယောက်တည်း လုပ်ရတော့မည်။

ဒီတော့မှ...နောင်တသည်...ဖူးရင်ခွင်ထဲမှာ ပန်းကလေးတစ်ပွင့်ပေါ်သို့ လိပ်ပြာလေးတစ်ကောင် လာနားသလို...ဖူး၏ပေါ့ဆသော နှလုံးသားပေါ်တွင် နောင်တလိပ်ပြာကလေး နားလိမ့်မည်။

ဒီတော့ ဖူး ဘာလုပ်မလဲ!။

ဖူးလို မိန်းကလေးမျိုးသည် အစပိုင်းမှာတော့ မာနနှင့်ရော ရှက်တာနှင့်ပါ သူ့ကိုယ်တိုင် ရှာမည်မဟုတ်...သူ့အိမ်သို့သွားပြီး၊ သူ့ မကောင်းကြောင်း သူ့အမှားများကိုပြောပြီး သူ့ကို ရှာခိုင်းလိမ့်မည်။

'မိန်းကလေးက ကိုက်တယ်ဆိုတာ၊ချစ်လို့စတာပဲ ငါ့သားရဲ့၊ ဖေဖေ လည်း ငယ်ရာကကြီးလာတော့ကာ ဒါမျိုးတွေကို သိပါတယ်၊ မင်း အမေဆို သူ အသည်းယားလာရင် ဖေဖေ့ပေါင်တွင်းကြောကို...'

'အဖေကြီး ကလေးတွေကိစ္စ ဆုံးမစရာရှိတာကို ဆုံးမ၊ ဘေးစကားတွေ ပါမလာနဲ့နော်... ဒီမှာ... တွေ့လား!'

မေမေက လက်ညှိုးနှင့် လက်မကို ကွေးချည်ဆန့်ချည်လုပ်ပြတော့ ဖေဖေက ဗိုက်ကိုပွတ်ရင်း ထိုကိစ္စကိုလွှဲပြီး စကားဆက်သည်။

'အဲဒီတော့ကွာ... မင်း... အိမ်ကိုပြန်ပါ၊ ယောကျ်ားကြီးတန်မဲ့နဲ့ အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကဆင်းတယ်ဆိုတာလည်း မကောင်းပါဘူး၊ နော်… ငါ့သား…'

'ကျွန်တော် မပြန်ချင်ဘူး၊ ဒက်ဒီ… သူ နောင်တရအောင် ကျွန်တော် တမင်အပြစ်ပေးထားတာ'

သူက အပိုင်တွက်ပြီးသား စကားလိုမျိုး ခပ်ပြုံးပြုံးဖြင့် ပြောသည်။

'အေး… မင်းဘာသာမင်း အပြစ်ပေးရင်ပေး ဟိုက လာပြောသွားတာတော့၊ အန်တီ့ရဲ့သား အိမ်ပေါ်ကဆင်းသွားတာ ၂-ရက်ရှိပြီတဲ့၊ ဆင်းတာကလည်း သူ့သဘောနဲ့သူဆင်းတာပါ…တဲ့၊ အဲဒါ အန်တီတို့ကို လာသတိပေးတာ…တစ်နေရာရာမှာ တစ်ခုခုဖြစ်နေရင် ကျွန်မတာဝန် ဖြစ်နေမှာစိုးလို့တဲ့၊… အဲဒီတော့ ဘယ်သူက ဘယ်သူ့ကို ပညာပေးနေတာလဲဆိုတာကိုတော့ ငါလည်း မသိတော့ဘူး'

မေမေ့စကားဆုံးတော့ ဖော်မျိုးခန့်ဆိုသည့် ငတိ မျက်လုံးပြူးပြီး ပါးစပ်ကြီးပြဲသွားသည်။ သူဆင်ထားသည်က ဖူးသည် အပူရုပ်နှင့် မေမေနှင့်ဖေဖေကို တိုင်မည်ဟုသာ ထင်ထားခဲ့သည်။ အခုဟာက လာသတင်းပေးသွားရုံ သက်သက်ပါလား! သူ ခေါင်းကို သွက်သွက်ခါလိုက်သည်။

'အမှန်တော့ အကိုက်ခံရတယ်ဆိုတာက အဓိက ပြဿနာမဟုတ်ဘူး မေမေ၊ ပြိုကျလုတဲ…တဲအိမ်ကလေးကို လိပ်ပြာတစ်ကောင် ဝင်တိုက်တော့ အိမ်တစ်အိမ်လုံး ပြိုတာပေါ့၊ သူကိုက်တာက လိပ်ပြာဝင်တိုက်သလောက်ပဲ ရှိတာပါ'

'ဒါဆို အဓိကပြဿနာက ဘာလဲ!'

သူ သေသေချာချာ စဉ်းစားနေမိသည်။ အမှန်တော့… စဉ်းစားနေစရာ





ပင် မလိုပါ။ သူ နေ့စဉ်ဖြစ်နေသော ကိစ္စများကို ပြောလိုက်ရုံပင်ဖြစ်သည်။ ပြောလည်း ပြောပါသည်။ သူ့စကားဆုံးတော့ မေမေက ပြုံးသည်။

'ဒါကတော့ အိမ်မှာ ဘာမှမလုပ်ဘဲနေလာတဲ့ မိန်းကလေးကို မင်းက လက်ထပ်လိုက်တာကိုး သားရဲ့၊ ပြီးတော့ အိမ်ကလည်း ခွဲဆင်းသွားသေးဆိုတော့ အိမ်တစ်အိမ်ရဲ့ ဝေယျာဝစ္စတွေကို ရှေ့ကနေ လုပ်ပြပေးမယ့်လူ မရှိလို့ဖြစ်ရတဲ့ ပြဿနာပါ။ မေမေအကြံပေးချင်တာက သား အိမ်အလုပ်တွေကို လုပ်တဲ့အခါ နှစ်ယောက်တွဲပြီး ပျော်ပျော်ရွှင်ရွှင်လုပ်ပေါ့၊ အဲဒီတော့မှ အိမ်အလုပ်လုပ်ရတာ ပျော်ဖို့ကောင်းတယ်ဆိုပြီး ဝါသနာပါလာလိမ့်မယ်၊ မိန်းကလေးဆိုတာ ငယ်ငယ်ကလေးတည်းက ချက်တမ်းပြုတ်တမ်း ကစားနေတဲ့အမျိုးပါ သားရယ်… သားစည်းရုံးရ ခဏပါ'

မေမေ ဆုံးမစကားကြားရတော့… သူ တော်တော်ခေါင်းပူသွားသည်။ မေမေပြောတာ မှန်တာတွေကမှန်ပါသည်။ မေမေပြောတာက တွေ့နေမြင်နေကျ ယျောဘူယမိန်းကလေးတွေကို ဆိုလိုခြင်းဖြစ်၏။ ဖူးက အဲဒီမိန်းကလေးတွေလို မဟုတ်။

ညအိပ်ရာဝင်ကတည်းက မနက်ကို အိုရီယန်တယ်ဟောက်(စ)မှာ စားမယ်လို့ ပြောအိပ်တတ်တဲ့ မိန်းကလေး၊ အိမ်မှာရှိတဲ့ ထမင်းကြမ်းကလေးကို ပဲပြုတ်လေးရောပြီး ကြော်စားမယ်ဆိုတဲ့ မိန်းကလေးမျိုး မဟုတ်ဆိုတာ သူ သိပါသည်။

အဲဒါကို အတွင်းကျကျမသိဘဲ ယျောဘူယသဘောနှင့်သာ သူ့ကိုဆုံးမနေသော မိဘနှစ်ပါး၏ တရားကို ဖော်မျိုးခန့် ကြိတ်၍နားထောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ... ကဲ... ဒါတွေကလည်း မင်းသိပြီးသားတွေပါ၊ အကောင်းဆုံးက အိမ်ကိုပြန်လိုက်... ဟုတ်ပြီလား!'

'တစ်ရက်နှစ်ရက်တော့ ကျွန်တော်လည်း စိတ်ပြေလက်ပျောက် နေဦးမယ် အဖေရာ... ပြီးတော့မှ အကောင်းဆုံးကို စဉ်းစားတာပေါ့'

'ဘာစဉ်းစားနေစရာလိုသလဲ မင်း... အိမ်ပေါ်တက်သွားတာ အကောင်းဆုံးပေါ့ကွ'

သူသည် ခေါင်းကို ညိတ်လိုက်သော်လည်း ဘာအတွက် ညိတ်လိုက်မိမှန်းတော့ မသိပါ။





အစည်းအဝေးအတွက် Company တစ်ခုလုံး လှုပ်ရှားနေကြရာ ကိုခန့်ကိုမြင်သည်နှင့် ကိုဘက ကိုခန့်လက်မောင်းကို ဆွဲသည်။

'အား...'

ကိုခန့်က အထိတ်တလန့်ဖြင့် နာကျင်စွာအော်ရင်း ရုန်းသည်။

'ဘာဖြစ်တာလဲဆရာ ကျွန်တော် ကိုဘပါ'

'ဘာမှမဟုတ်ဘူး၊ ဘာမှမဟုတ်ဘူး ဘာဖြစ်လို့လဲပြော'

'အစည်းအဝေးခန်းမှာ ဆရာ့ကို စောင့်နေကြပြီဆရာ'

ကိုဘက အခုထိ သူ့လက်မောင်းကို မလွှတ်သေးဘဲ ဆုပ်ကိုင်ထားရာ ကိုဘဆုပ်ကိုင်ထားသော နေရာမှာ နှင်းဆီဖူးက ကိုက်လိုက်သော နေရာဖြစ်သဖြင့် နာလှသော်လည်း ကိုခန့်မှာ အောင့်၍ခံရင်း...

'ကျွန်တော်အခုရောက်လာပြီပဲ၊ လက်ကိုလွှတ်၊ ခင်ဗျားလုပ်စရာရှိတာသွားလုပ်တော့'



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ဆရာဘက 'ဟုတ်ကဲ့' ဟုပြောရင်း လက်ကို လွှတ်၍ ထွက်သွားသည်။ အစည်းအဝေးခန်းထဲရောက်တော့ ရှယ်ယာလူကြီးတွေ စကားပြောနေကြပြီ ဖြစ်သည်။ ကိုခန့်လည်း နီးရာခုံတွင် ဝင်ထိုင်ပြီး သူတို့ ပြောနေကြသော ပျင်းရိငြီးငွေ့ဖွယ်ရာစကားများကို စိတ်မပါဘဲ နားထောင်နေရ၏။

နောက်တစ်ယောက်လာတော့လည်း Company ကောင်းစားရေး၊ နောက်တစ်ယောက်တက်တော့လည်း Company တိုးတက်ရေးနှင့် သူတို့ဘာသာ လုံးလည်လိုက်လျက်ရှိ၏။

ဒီတော့ ကိုခန့်လည်း ငိုက်လာပြီး သူ့ကိုခေါ်လိုက်တော့မှ ငိုက်ရာမှ နိုးလာပြီး စင်ပေါ်တက်၍ ပထမဦးဆုံးပြောသော စကားမှာ...

'ကျွန်တော် နောက်ကျတာကို ခွင့်လွှတ်ပါခင်ဗျား၊ ကျွန်တော့်ဇနီးက ကျွန်တော့်ကို ကိုက်လိုက်လို့ပါ'

ကိုခန့်စကားဆုံးသည်နှင့် လူတွေအားလုံးဂ ဲ ခနဲ ရယ်လိုက်ကြလေသည်။

ထိုနေ့ အစည်းအဝေးပြီးတော့ ဆရာဘနှင့် ဆရာခန့်တို့တွေ့ကြရာ ဆရာဘက မေး၏။

'ဘာဖြစ်လို့ အစည်းအဝေးမှာ မဟုတ်ကဟုတ်ကတွေ လျှောက်ပြောတာလဲ'

'မဟုတ်ကဟုတ်က ပြောတာမှ မဟုတ်ဘဲ၊ ဖူးက ကျွန်တော့်ကို တကယ်ကိုက်လိုက်တာဗျ၊ အဲဒီဒဏ်ရာနေရာကို ခင်ဗျားက ထပ်ဖိတော့





တော်တော်နာတာနဲ့ ပြောမိတာ...'

'မိန်းမတွေက မကောင်းဘူးဗျ'

'ကြိုက်ပြီဗျို့၊ ဒီစကားမှာတော့ ခင်ဗျားနဲ့ကျုပ် ခံစားချက်ခြင်းတူသွားပြီ။ လူဟာ အမြင်တူဖို့ ခံစားချက်တူဖို့က အရေးကြီးတယ်ဗျ'

ကိုဘနှင့် ကိုခန့်သည် မကြုံစဖူး လက်ဆွဲနှုတ်ဆက်ထားကြရင်း တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ရင်းနှီး နှစ်လိုဖွယ်ကောင်းအောင် စိုက်ကြည့်နေကြလေသည်။

'ဆရာပဲစဉ်းစားကြည့်ဗျာ...ကျွန်တော်က မိဘကောင်းမှုကြောင့် ခြေမသြောင်း၊ တေးမဆို...၊ ပြေးခန်းလိုက်ခန်း မရှိ၊ အပြိုင်အဆိုင် အနိုင်လုရတာမျိုးမရှိဘဲနဲ့ သူ့ကိုရခဲ့တော့...သူ့စိတ်ထဲမှာ ကျွန်တော်ဟာ သူ့ကို မချစ်ဘူးလို့များ ထင်နေသလား မသိဘူး'

'ကျွန်တော်လည်း ကိုဘလိုပါပဲဗျာ'

ဇော်မျိုးခန့်က လေသံပျော့ကလေးနှင့် ဝင်ပြောသည်။

'ဟာ...ဆရာကမှ ပဟေဠိတွေ ဖြေရသေးတယ်၊ ကျွန်တော်က ရုတ်တရက်မုန့်တစ်ခုကို ထုတ်ပြပြီး အဲဒါပဲစားရမယ်လို့ အပြောခံရတဲ့ ကလေးတစ်ယောက်နဲ့ သိပ်တူတယ်လို့ အခုပြန်စဉ်းစားတိုင်း ဒေါသဖြစ်ရတယ်'

'ဘာကို ဒေါသဖြစ်ရတာလဲ ကိုဘရဲ့'

'အဲဒီ ရုတ်တရက်ချကျွေးတဲ့ မုန့်ကို ဒီငမိုက်သားက တွေ့တွေ့ချင်း ကြိုက်သွားတာကိုဗျ'

ကိုဘက အားနှင့်အော်သည်။ ကိုဘကိုကြည့်ရတာ စကားပြောနေ



www.burmeseclassic.com

www.burmeseclassic.com



သည့်နှင့်မတူ စကားလုံးတွေကို ထွေးထုတ်နေသလို ခံစားရ၏။

'ဟုတ်တယ်၊ ကျွန်တော်လည်း ဖူးကို တွေ့ကတည်းက တန်းပြီး ချစ်သွားတာ၊ ဟိုကောင်နဲ့ တန်တောင်မတန်ဘူးလို့တွေးရင်း ကိုယ့်ကိစ္စ မဟုတ်တော့ အသာနေရတာ၊ အဲဒီမှာ သူက မေးတာတွေဖြေနိုင်တော့ ချစ်သူတွေ ဖြစ်ကြတာပဲ'

'ဒါပေမယ့် ခက်တာက သူတို့က အဲဒါကို မယုံဘူးလေ၊ သူတို့က ဖြစ်စေချင်တဲ့ပုံစံက ကျွန်တော်တို့က သူတို့ကို အသည်းအသန်လိုက်၊ သူတို့ ပညာပေးတာ၊ သူတို့ခိုင်းတာတွေကို မညည်းမညူ လုပ်ပေး၊ ကိုယ်နဲ့ အပြိုင်အဆိုင်လူတွေတွေ့တော့၊ အရှုံးပေးတာတို့ အနစ်နာခံတာတို့လုပ်၊ သူတို့ အချစ်ခံရဖို့ အသေအလဲကြိုးစားတဲ့ လူမျိုးကိုမှ သူတို့ကို တကယ်ချစ်တဲ့ သူလို့ ထင်ထားကြတာပဲ ကိုယ့်ဆရာ'

ကိုဘစကားဆုံးတော့ ဇော်မျိုးခန့်က မျက်မှောင်ကို ကျုတ်ရင်း အသေ အချာစဉ်းစားနေပြီးတော့မှ ခေါင်းကို တစ်ချက်ညိတ်လိုက်ရင်း...ဆရာဘကို လက်ဆွဲနှုတ်ဆက်လေသည်။

'ဟုတ်တယ် ကိုဘ၊ ဟုတ်တယ်၊ ခင်ဗျားပြောတာ သိပ်မှန်တာပဲ၊ ကျွန်တော်လည်း စဉ်းစားပေမယ့် အဲဒီနားရောက်ရင် ရှေ့ဆက်စဉ်းစားလို့ မရတော့ဘူး၊ ဟုတ်တယ်...ဒါကြောင့်မို့ သူတို့က ကျွန်တော်တို့ကို သမီး ရည်းစားဘဝလို ဆက်ဆံနေကြတာကိုး'

'ဒါပဲလေ...သူတို့ မနိုင်လိုက် မပြုလိုက်ရပဲနဲ့ အချစ်ခံလိုက်ရတော့ အိမ်ထောင်သည်ဘဝမှာ သမီးရည်းစား သူငယ်နာရှာနေတာ...'





ကိုဘနှင့် ဇော်မျိုးခန့်တို့ လက်ဆွဲနှုတ်ဆက်လိုက်ကြပြန်သည်။

'ဟုတ်တယ်၊ ကျွန်တော်တို့ကလည်း ကိုယ်လိုချင်တာကို ချက်ခြင်း ရလိုက်တော့ အပျော်လွန်ပြီး သူတို့အတွက် လိုလေသေးမရှိ လျှောက်လုပ်ပေး တော့ ကျွန်တော်တို့က သူတို့အောက် ရောက်သွားတာပေါ့ဗျ'

'ဟုတ်တယ်...'

'ဟုတ်တော့...ဘယ်လို ဆက်လုပ်ကြမှာတုန်း'

ဇော်မျိုးခန့်က အရေးတကြီး မေးသည်။

'ဘာလုပ်ရမှာတုန်း ဒီကိစ္စကို ပြတ်ပြတ်သားသား ရင်ဆိုင်ရမယ်ဗျ'

'အေးလေ...ဘယ်လို ရင်ဆိုင်ရမလဲဆိုတာပဲ မေးနေတာလေ'

ဒီတော့ဆရာဘ...တစ်ချက်တွေပြီး စဉ်းစားသည်။ ပထမတော့ ဒီကိစ္စကို သူတစ်ယောက်တည်းလုပ်ဖို့ စဉ်းစားထားခြင်းဖြစ်သည်။ ဇော်မျိုးခန့်ကို ပြောပြ၍ ကောင်းမကောင်းဆိုတာပင် ဖြစ်သည်။

'ကျွန်တော် စဉ်းစားထားတာပြောပြမယ်၊ ဒါပေမယ့် ဆရာ့ကိုတော့ ကျွန်တော် လုပ်သလို လုပ်ရမယ်လို့ မဆိုလိုဘူးဗျာ'

'ကျွန်တော် သဘောပေါက်ပါတယ်'

'ဒီလိုဗျာ...ချစ်သူသမီးရည်းစားဘဝမှာ ပြတ်တယ်၊ စဲတယ်ဆိုတာ လွယ်တယ်ဗျ၊ သူငယ်ချင်း ပတ်ဝန်းကျင်လောက်ပဲ ရှိတာ၊ အိမ်ထောင်သည် ဘဝမှာကျတော့ အဲဒီလိုမဟုတ်တော့ဘူး၊ လူမှုရေးအသိုင်းအဝိုင်း၊ မိဘဆွေ မျိုးအသိုင်းအဝိုင်း အများကြီးဗျ၊ အဲဒါကို သူတို့လည်း ရှောင်လို့မရသလို ကျွန်တော်တို့လည်း ရင်ဆိုင်ရမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



ဇော်မျိုးခန့်က အသေအချာ စဉ်းစားပြီးမှ ခေါင်းကိုညိတ်သည်။

'အဲဒီတော့ ကျွန်တော်တို့အခုလို အိမ်ပေါ်က ဆင်းနေတယ်ဆိုတာကြီးကလည်း မဟုတ်သေးဘူးဗျ'

'ကျွန်တော်ကတော့ ဘာပဲဖြစ်ဖြစ်ဗျာ ပြန်တော့မသွားတော့ဘူး...'

ဇော်မျိုးခန့်က မာနဖြင့်ပြောသည်။

'အာ...ပြန်တော့မသွားပါဘူးဗျ၊ သူတို့လည်း မာနကျ၊ ကျွန်တော်တို့ကိုလည်း ပတ်ဝန်းကျင်က သိက္ခာမကျဘဲ လက်ခံရမယ့်နေရာကို သွားမှာ... အဲဒီနေရာမှာပဲ ကျွန်တော်တို့ ဆုံးဖြတ်ချက်ကို လုပ်ရမှာ...'

'ဒီတော့... ခင်ဗျားဘာလုပ်ချင်လဲ'

ကိုခန့်က မေးသည်။

ကိုဘက ခဏစဉ်းစားပြီးနောက်... ။

'ကျွန်တော်က 'ဘနာ' ဖြစ်နေပြီဗျ'

'အကြင်နာကြောင့်လား'

'မဟုတ်ဘူး ကျွန်တော့်ဇနီးခင်က ကျွန်တော့်ကို အိမ်ပေါ်က နှင်ချလိုက်ပြီ၊ 'ဘ' ဆိုတဲ့ ကျွန်တော်ဟာ နာခဲ့ပါတယ်။ အခုတော့ နာနေပြီ ကိုခန့်၊ ဒီတော့ ဒီ 'ဘနာ'ကို ကျောင်းပို့လိုက်တာပဲ ကောင်းပါတယ်'

'ခင်ဗျားက ဒီအရွယ်ကြီးကျမှ ဘယ်ကျောင်းကို တက်ချင်သေးလို့လဲ'

ဆရာခန့်စကားဆုံးတော့ ကိုဘသည် ဟက်ဟက်ပက်ပက်ကို ရယ်လေသည်။ မိန်းမတွေဆိုသည်မှာ ယောကျ်ားရှိလျှင်အားရှိသည်။ ယောကျ်ားမရှိလျှင် သူတို့မှာ ကုန်းပေါ်သို့ ပစ်တင်ထားသော ငါးကဲ့သို့ ဘာအင်အားမှ





မရှိတော့။ တောင်လွှန့်မြောက်လွှန့်၊ ဟိုခုန် ဒီဆွနှင့် ယောကျ်ားနှင့်တူသော ရေကိုရှာရသည်။

ထို့ကြောင့် ကိုဘသည် ဘယ်ကျောင်းကိုတက်မလဲဆိုသော စကားကို ကြားရ၍ ဟက်ဟက်ပက်ပက် ရယ်ခြင်းဖြစ်သည်။

'ကျွန်တော် 'ဘနာ' ဖြစ်နေမှတော့ တက်ရမယ့်ကျောင်းက ဘုန်းကြီးကျောင်းပေါ့ဗျာ'

'ကြိုက်ပြန်ပြီဗျို့ ကျုပ်လည်း ခင်ဗျားကျောင်းကိုပဲ လိုက်တော့မယ်'

'အာ... မလုပ်နဲ့လေ... ဆရာခန့်မှာက တာဝန်တွေနဲ့'

'ခွင့်ခံတာပေါ့ဗျာ။ ဖြတ်ပစ်လိုက်တော့လည်း ဘာအရေးလဲ။ ရဟန်းတို့၏ အားသည် သည်းခံခြင်းဆိုတော့ ရဟန်းဘဝနဲ့ ဖြစ်သမျှကို သည်းခံကြတာပေါ့'

ထို့နောက် ဆရာခန့်က သူရုံးခန်းထဲသို့ ခေါ်သွားပြီး ခွင့်ခံစာတစ်စောင်ကိုရေးသည်။ ဆရာဘကိုလည်း ရေးစေပြီး မင်းစေတစ်ယောက်ကို ခေါ်၍ ဤစာကို မနက်ဖြန်တွင် ဒါရိုက်တာအဖွဲ့ကို တိုက်ရိုက်တင်ရန်ပြောပြီး သူတို့နှစ်ယောက် လက်ဆွဲ၍ Company မှ ထွက်သွားကြသည်ကို လူအားလုံး ငေးကြည့်နေကြလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



ခင်သည် သူ့ခင်ပွန်းဖြစ်သူ ကိုဘကို တစ်ရက်ပြန်လာနိုး၊ နှစ်ရက်ပြန်လာနိုးနှင့် စောင့်ပါသေးသည်။ သူ့မှာလည်း သူ့အမှားကို သူ နောင်တရလျက်ရှိ၏။

ထိုနည်းတူ ဖူးမှာလည်း သူ့ခင်ပွန်းဖြစ်သူ ကိုခန့်ကို မျှော်လျက်ရှိသည်။

မျှော်သာမျှော်ရသည် ထိုနှစ်ယောက်စလုံးက ပေါ်၍ကား မလာကြပါ။

ထို့ကြောင့် ခင်ကလည်း ရုံးသို့လိုက်သွားပြီး သတင်းအမေးတွင် မေဦးသက်နှင့်တွေ့ရာမှ ကိုဘ မမှားကြောင်းကိုသိရသလို ဖူးကလည်း Company တွင်မေးရာမှ ဇော်မျိုးခန့် မမှားကြောင်းကို သိကြရသည်။

ဒီတော့မှပင် နှင်းဆီဖူးနှင့် ရည်ရွယ်ခင်တို့ မိတ်ဆွေဖြစ်သွားကြပြီး Company မှ ဝန်ထမ်းများကို သူတို့၏ ခင်ပွန်းများအကြောင်းကို မေးရာ နှစ်ယောက်စလုံး တစ်ယောက်၏လက်ကို တစ်ယောက်ဆွဲ၍ ထွက်သွားကြ





ကြောင်း။ ရုံးတွင်လည်း ခွင့်တင်ထားခဲ့ကြောင်း။ ဘုန်းကြီးဝတ်မည်ဟုလည်း ပြောသွားကြောင်းကို ကြားသောအခါ ဖူးနှင့် ခင်သည် ဘာလုပ်ရမှန်းမသိအောင် ရှိလေသည်။

ထိုအချိန်တွင်မှ မေဦးသက်က သူတို့ အမြဲသွား၍လှူကြတန်းကြသော ကျောင်းတစ်ကျောင်းရှိကြောင်းကို ပြောပြ၏။

'ပြောစမ်းပါ ညီမရယ် အဲဒီကျောင်းက ဘယ်မှာလဲ'

ခင်က မေးသော်လည်း မေဦးသက်မှာ ခင့်ကို ရွံ့သလိုဖြစ်နေသဖြင့် စကားပြန်ပြောရန် တုန့်၍နေသည်။

'ညီမရယ် အရင်ဖြစ်ခဲ့တဲ့ ကိစ္စတွေကို ခေါင်းထဲမထားပါနဲ့။ နှလုံးသားထဲမှာလည်း မထားပါနဲ့။ အစ်မက သူ့ကို ချစ်ပဲချစ်တတ်ပြီး အလိုက်မသိခဲ့လို့ ဖြစ်ရတာတွေပါ။ သူမရှိတော့မှ အစ်မမှာ ဘာမာနမှလည်း မရှိတော့ပါဘူး ပြောသာပြောပါ'

မေဦးသက်က ခင့်စကားဆုံးသော်လည်း ဖူးဘက်သို့ လှည့်၍ကြည့်လိုက်သေးသည်။

'ညီမလေး... ခုနက မမခင်ပြောသွားတဲ့အတိုင်းပါပဲ။ သူတို့ ဘယ်ကိုသွားတယ်ဆိုတာကိုသာ ပြောပါတော့'

'မြရတနာကျောင်းရှင့်'

'မြရတနာကျောင်း... သူတို့က အလှူကိစ္စအတွက်သွားတာလား'

'မဟုတ်ဘူး... ဘုန်းကြီးဝတ်မလို့တဲ့ရှင့်'

■



www.burmeseclassic.com

www.burmeseclassic.com



မြရတနာကျောင်းသို့ ရောက်သောအခါ ကိုဘနှင့် ဖော်မျိုးခန့်တို့သည် လူဝတ်ကြောင်ကိုစွန့်၍ ဦးပညာသီလနှင့် ဦးစတိလတို့ ဖြစ်နေလေပြီ။

ခင်နှင့် ဖူးတို့လည်း ပြောစရာစကားများကို မြိုသိပ်၍ ဝတ်ချကန်တော့ ရန်သာ တတ်နိုင်တော့သည်။

ဒီတော့မှ ဆရာတော်ဦးသုန္ဒမှ အခြေအနေကို ရိပ်မိသိရှိ၍ ဣန္ဒြေသိက္ခာ ပုဒ်နှင့်အညီ တည်ငြိမ်စွာထိုင်ပြီးနောက် တရားချီးမြှင့်တော်မူသည်။

'ဒကာမကြီးတို့နှင့် ရဟန်းတို့ လူ့လောကသည် မြင်လွယ်ပျောက်လွယ် သောသဘော ရှိသည်။ ခံစားမှုဆိုသည်မှာလည်း အကြောင်းတရားကို အခြေခံသော စိတ်၏ တွေးကြံဆမှုသာရှိသည်။ လောကတွင် ရုပ်နှင့်နာမ် မှလွဲ၍ ဘာမျှမရှိ၊ ချစ်ခြင်းသည် ကောင်းပါ၏။ မေတ္တာသည် မွန်မြတ်၏။ စေတနာသည် ပီတိဖြစ်ရ၏။ ဝေဒနာကား အသိဉာဏ်ကို ရင့်ကျက်စေ၏။

ကြောင်နှမ်းကောင်စာအုပ်တိုက်



ထို့ကြောင့် ဒကာမကြီးတို့သည် ထိုတရားကို ရင်ဝယ်ထားသော သားကဲ့သို့ နားလည်နိုင်ကြပါစေကုန်သတည်း'

'သာဓု… သာ… ဓု… သာ… ဓုပါဘုရား'

ထို့နောက် ခင်နှင့် ဖူးတို့သည် ဆရာတော်ကြီးနှင့်တကွ ကျောင်းရှိသံဃာ များအား ဆွမ်းကပ်ရန် လျှောက်ကြရာ ဆရာတော်ဘုရားက သုံးရက်အကြာ တွင် ကပ်နိုင်သည်ဟု ဆိုသဖြင့် ဆွမ်းကပ်ရန် ပြင်ဆင်ကြရလေသည်။

ထိုသို့ ဆွမ်းကပ်ပြီး နောက်နှစ်ရက်အကြာတွင် ဒုလ္လဘရဟန်းဖြစ် သော ကိုဘနှင့် ကိုခန့်တို့ လူထွက်ကြလေသည်။

လူပြန်ဖြစ်လာသော လင်ယောက်ျားကို လက်မောင်းကိုင်ခွင့်ရသဖြင့် ခင်က လက်မောင်းကို ကိုင်ရင်းမေးသည်။

'ကိုဘ… ခင့်ကိုချစ်ရဲ့လား'

'ဆရာတော်က ဟောတယ်မဟုတ်လား၊ ချစ်ခြင်းသည် ကောင်းပါ၏ တဲ့၊ မေတ္တာသည် မွန်မြတ်၏တဲ့'

'အဲဒီတော့…'

'မွန်မြတ်တဲ့ မေတ္တာနဲ့ မင်းကိုချစ်ပါတယ်ကွာ'

'သွား…'

'အား'

ခင်က သွား ဟု အော်ရင်း ကိုဘ၏ လက်မောင်းကို ဆိတ်ဆွဲလိုက်ရာ ကိုဘသည် 'ဘနာ' ပြန်ဖြစ်သွားလေသတည်း။

နီကိုရဲ

ကြောင်နှမ်းကောင်စာအုပ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com